Moreover, traditional folktales usually depict Kachin women as charming. In *Hkrai Naw and Hkrai Gam*, a popular story among the Kachin people, the mother of Hkrai Naw and Hkrai Gam was so beautiful that the crocodile king even transformed himself into a human in order to marry her.[2] The wife of the younger brother, Hkrai Gam, is also depicted as so pretty that the twin brothers, Hkrai Naw and Hkrai Gam, fight over her.[3]

**Figure 2**

*Illustration of the popular Hkrai Naw story.*[4]




Another story called *Yu Nga Mayawn*, which is a tale passed orally through the Kachin generations, describes a Kachin woman so

---

[2] Ludu U Hla, 2018, pp. 134—145.

[3] The two bronze statues currently in front of the Manau Park in Kachin state are those of Hkrai Naw and Hkrai Gam.

[4] Ludu U Hla, 2018, p. 134.

elegant that she becomes arrogant about her beauty and insults Ya Ma Naw Sam, the first boy to court her, saying he does not deserve her. Here is a translated excerpt from the oral story:

> Yu Ma Naw Sam: "Such a divine and good-dancing girl, I like you so much."
>
> Nga Ma Ja Pan: "It is impossible. I can't marry someone like you. I am so stunning that only the world's strongest man is worthy of wedding me."

Nga Ma Ja Pan searches for the world's strongest man for years but in the end settles for Yu Ma Naw Sam. Kachin women who resist marrying a suitor are reminded of this ancient tale. When a Kachin woman marries, an essential item in her dowry is a machete, Yu Nga Mayawn, which means procreation.

The depiction of women in these oral narratives and media suggests that people are influenced to think that beauty is the only standard Kachin women should be judged on. In the story of *Hkrai Naw and Hkrai Gam*, the two brothers fall out over a woman. Such a depiction of women as a source of division influences people to conceptualize female sexuality as negative.

Outside these stories, a woman's beauty is portrayed as virtuous and a source of pride. Beauty is suggested to be the most important feature of a woman, pressuring women everywhere to prioritize it. We should question whether women who do not match mainstream ideas of beauty should not also be treated as human beings. "The ugly condemned as a witch" is a well-known Burmese saying that equates ugliness with witchcraft.

Another influential media portrayal of femininity is Daw Aung San Suu Kyi, the former State Counsellor. She often wore Kachin traditional costumes with Kachin fabric patterns in public. Before 2021, some leaders from the National League for Democracy (NLD) government wore *pinni*[5] shirt tops with Kachin

[5] Orange cotton jackets or blouses are an unofficial uniform for NLD members and supporters. Pinni fabric originates in the dry zone of Burma and the Yaw and Saw areas of Sagaing Region.

longyis. Back in 1988, the tri-color student group[6] wore Kachin longyis with white mandarin-collar shirts. These people helped popularize an image of what Kachin is in the wider population and created an external association between Kachin people and their costumes. Government officials themselves endorsed Kachin costumes and the beauty of Kachin dress by wearing them. They made sure to wear Kachin clothes whenever they went to Kachin State to try and mobilize Kachin people there.

## Views and Expectations Held by the Kachin Community

Kachin people expect their women to be modest, religious, pious, and respectful. When Kachin women wear clothes without Kachin fabric patterns,[7] people look down on them and criticize them as unpatriotic. Kachin women are restricted by common beliefs in their community that to be truly Kachin means wearing Kachin patterns. I myself began to question being and becoming a Kachin, and a Kachin woman. Am I no longer a Kachin woman if I do not wear traditional dress? Do people of different ethnicities become Kachin if they wear Kachin patterns? If we make dresses out of Kachin fabric but our dresses are too short, we also face criticism for destroying tradition. Some Kachin people have criticized me for being ‘immodest’.[8] If we are to become good Kachin women, we must learn how to prepare traditional rice meals, weave, and become good mothers. Our womanhood is framed by dos and don’ts. I was always told to follow God’s guidance and be of assistance at church instead of “wandering around the neighborhood” back in my younger days.

Some Kachin people accuse Kachin women who do not speak a Kachin language of being impure Kachins, not worthy of being part of (Kachin) crowds, and look down on them as unpatriotic. Once, someone ignored me as I was not able to answer

[6] Known as a bodyguard group for Aung San Suu Kyi.
[7] Different clans have different patterns and by wearing particular patterns women identify to which clan they belong to.
[8] *Sari shahpoi* in the Jinghpaw language.

back in a Kachin language. There have been periods of time in my life when I could not rely on the language. In those moments, did I become unpatriotic? There are many non-Kachin people who can speak a Kachin language very well. Do Kachin people regard them as Kachin? Despite being a Kachin woman, I sometimes find it difficult to use a Kachin language all the time, since I must communicate to different kinds of people right across Burma. There are days when I do not want to wear clothes with Kachin fabric patterns or speak a Kachin language. And, I do not know how to prepare traditional Kachin rice meals, or weave. Does this make me something other than a Kachin woman?

Why are Kachin people always telling us, Kachin women, to preserve traditions? Women who do not follow norms are called "*num balar*" which means "lazy women" or shallow women. Society excludes, discriminates, and defames Kachin women who do not follow its standards.

So, I wonder what a real Kachin woman is.

Traditions, cultures, and customs come to life because of community. Everyone should cherish these things. But why should they be more valuable and important than individual values? And why do people marginalize women who do not meet Kachin norms in particular? Men do not face such restrictions.

I want to question why men are considered the creators of tradition, leaders, and arbitrators, but women are just followers and subjects. Women are punished if they do not follow the rules of an unjust system. Why are there no voices raised against this injustice? Women survive only as the second sex and it is hard to survive as a full human being in Kachin society if we do not fit into cultural ideals of femininity.

## Kachin Women as Tokens at National Events

Nphan Ja Ra, a Kachin woman who featured in a historical photograph with General Aung San taken in Manhkrin, Kachin State on 30 November 1946, recounted that the picture was taken while Aung San was on a trip with Bama and other ethnic leaders

The experience of Nphan Ja Ra is one many Kachin women can relate to. Women appear merely as photograph material in full Kachin costumes, and prepare meals for special guests, but are not privy to information. Young Kachin generations only see Kachin women serving meals in traditional dress, photographed for their beauty. Sporting events and ceremonies in Kachin State are opened by Kachin women in traditional dress, who hold placards with team names. Women in pretty dresses often participate in ribbon-cutting ceremonies, openings of rainy season tree planting events, and gem and jewelry events.

Some women even say that they only have the opportunity to welcome guests at these ceremonies and events because of their beauty. This is due to the ideological framework in which women are proud of their beauty. Are Kachin women only fit to be showcased on the pedestal of beauty? Will future generations of Kachin people continue to see Kachin women only as decorations for events and ceremonies?

## The Views of Others About Kachin Women

Non-Kachins stereotype us as Christians, playing musical instruments at church, and always ask us which instruments we can play. Most non-Kachins recount the names of Kachin models and singers—L Khun Yi, L Sai Zi, L Lun Wa, Rey Becca Win, K Ja Nu, and Ah Moon—when they talk to us, trying to convince us that they know Kachin women. Many ask if I am related to them. “This singer is Kachin. This model is Kachin, too. Do you know them?” they ask frequently. Some people identify others by their ethnic costume. If a woman wears a longyi with a Kachin pattern, people usually ask if she is Kachin.

Some say we Kachin women are very bold. Some say we look hot. Some say we look modern. We are often compared to Kachin singers. People assume we all are smart, bright, sweet-sounding and have beautiful bodies. Non-Kachin people expect all Kachin women to be models thanks to popular images of super models Awn Seng, and people like M Seng Lu, Lu Lu Aung and J-Naw.

This makes me think TV channels and programs project a uniformly stereotypic image of Kachin woman in their representations of Kachin singers, models and beauty pageants. Kachin singers participate in Myanmar Idol, a hugely popular program watched the whole country over. Many Kachins such as Nin Zi May, M Zaw Rain, Mary Aung, and Zaw Khon have starred on the program. In the 2015 season of Myanmar's Got Talent, the Kachin traditional dance group Wunpawng Ningja were in the contest. These programs do not help non-Kachins in Myanmar associate Kachin women with modesty. Instead, it leads many to conceptualize us as bold.

## Do Famous Kachin Singers and Models Represent All Kachin Women?

While I was attending a long-term training workshop in Yangon in 2016, the participants discussed who would take what responsibility for the closing ceremony. Everyone had decided I was good at singing, simply because I was Kachin, and told me to coach the group to sing.

Likewise, when I attended an English class in Yangon in 2013, the teachers told me to do decorations for the closing ceremony. They assumed that Kachins were good at decorating. And they made me teach the other students how to dance, saying that there is no dance that Kachin people do not know. When my Kachin colleague reached Yangon for the first time, she got asked on her first taxi ride if she was ethnic, since she looked fair and pretty, and the driver asked her to enter Myanmar Idol since Kachin people had good voices and many competed in the event.

I used to live with my cousin in Yangon. She is interested in dancing, and she often taught Kachin traditional dances. She always got invited to dance in traditional dress at welcoming ceremonies for special guests, religious ceremonies and events ushering in authority figures. In 2017 my cousin and her friends performed on a Thingyan water festival stage in Kachin traditional dress and many Kachin people condemned them, as though

Thingyan was some kind of restricted event, maybe because people get drunk there.

Kachin women are simply humans living among other humans. Some of us cannot play musical instruments. Some do not know music. Some do not adhere to hegemonic ideals of beauty, or have ideal body figures, or have the ability to sing. But Kachin women can still be Kachin women without these attributes. In fact, it is almost impossible to live up to others' expectations of what a Kachin woman is.

## Burmese Chauvinism and Patriarchy

Myanmar is a country where patriarchy dominates. There are men in leadership and decision-making positions enjoying privileges but women stay in oppressed positions and supporting roles, politely ushering in dignitaries and their guests with discipline.

As a Kachin woman, I face discrimination from other Kachin and Bama people and suffer under Burmanization. Since childhood, teachers always told me that our Kachin names are difficult to pronounce. For instance, they pronounce "*Khon*" as "*Khaw*". I never heard a teacher say my real name. Most of them came from middle or lower parts of Myanmar. They laughed at we Kachin students when we spoke in the full Burmese literary style.

We usually used the casual first-person pronoun *nga* (instead of the expected polite *kyundaw* or *kyunma*). In the Jinghpaw language, *nga* is *ngai* and we can use that word to talk to our elders, it is not considered rude. But at these "Burmese schools" we were taught to use Burmese pronouns such as *thamee*, meaning "daughter" to refer to ourselves. They said not to use *nga*, as it is considered rude in formal settings. I avoided teachers at school as I was afraid to talk to them in the Burmese language. I never got close to them. I was so stressed about going to school and I thought having an ethnic accent while speaking Burmese was to be ashamed of. So, I was afraid to talk to Bama

people in Burmese. I began using apologies such as "I am afraid I cannot speak Burmese very well" when I had to speak Burmese.

Myanmar society equates Bama standards as universal standards and downgrades others. Bama people call us *taingyinthar*, similar to the English term indigenous, when they hear our accents. Obviously we do not have accents when speaking our own languages. Only when we are judged by Bama native speakers are we evaluated as having accents. Furthermore, we are sometimes told not to speak Burmese with an accent, as it is not pleasing to listeners' ears. Our apologies symbolize our internalized demeaned indigeneity: "Please bear with us as we have accents." Burmanization dominates our everyday lives and makes us ashamed, so that we think the way we talk is some kind of character fault.

When I grew up, the government authorities checked and questioned me whenever they saw 'Kachin' on my national registration card (NRC), saying I could be a member of the Kachin Independence Organization/Army (KIO/A). Bama authorities always assume that any non-Bama civilians, who actually suffer in conflict zones, belong to ethnic armed organizations (EAOs). Those who hold identity cards marked *taingyinthar* are subject to oppression. If an NRC has a Kachin woman's name, Kachin in the 'race/ethnicity' box, or Christianity as religion, the cardholder will face relentless threats and harassment.

> *Are you ethnic?*
> *A Kachin?*
> *What do you do?*
> *Why are you traveling?*

Even before the 2021 coup, ethnic people did not have the right to move freely and our NRC cards were checked frequently. If the person checking me was Bama and had a weapon, I would be too scared to speak. Traffic police make a lot of random arrests so I have also long feared them in particular. Having your legal license with you does not help; the fear is deep. The system triggers terror subconsciously. At these moments, we Kachin feel

insecurity and concern; just the sight of a military uniform inspires fear. It's been this way for almost a century for us.

As I grew up in an armed conflict area, I thought twice about going to the courts to report injustice, oppression, and violence. I always felt intimidated by the Burmese language and Bama people. There are also a lot of practical challenges for us since we cannot understand official and legal terminologies.

In July 2020, I went to Yangon for an eye checkup. As my NRC name is Kachin, the clinic staff spelled it wrong on my paperwork, but I thought that was probably due to simple ignorance, so I fixed it. The staff refused to accept the corrected spelling. They crossed out my real name and conformed it to Burmese pronunciation. We Kachin cannot even exist with our correct names in Myanmar. Ethnic people like me have to fight these silly but outrageous battles everyday.

Many Kachin people migrate to Yangon for economic reasons. Then, they have to rent apartments to stay in. When apartment hunting, a real estate agent showed me an apartment and said it was lucky as it was in direct view of the Shwedagon Pagoda and I could pay homage every day. They irritatingly presumed everyone is Buddhist and did not even consider other religious beliefs.

In the late 20th and early 21st century, a lot of people moved from Kachin State to Yangon for education and work, with Sanchaung Township popular for settling in. In October 2019 I saw a discriminatory notice posted in a building hallway (figure 4): "No rooms available for rent for Muslims and people of different races."

Every day, we have to face threats, harassments, and mockery by the government and its representatives like school teachers and traffic police. They attempt to Burmanize us or diminish our ethnic identities by making fun of them. In everyday experiences such as going to a clinic and renting a house, we face harassment because of our identity, and receive daily reminders about who we are: the Other, non-Bama, with our ethnicity and religion disrespected.

**Figure 4**

*Sign stating other ethnicities and Muslims not allowed to rent, buy, or sell.*




## Trapped Between Two Extremes

While Kachin women are associated with singers, models and dancers, many people in Myanmar also see the Kachin as armed rebels. For example, when I first got to Yangon in 2013, a taxi driver asked me if I was Kachin because of my accent, and when I said yes, he asked me if I came here because there was war in Kachin State. It is true that there was war, but many people lived in cities such as Myitkyina. However, average people living outside of Kachin State never visited because it was listed as a

"black" area.[10] A teacher friend of mine had to leave the south to go to Kachin State for training and her parents cried, they were so worried. Color coding war zones is a systematic attempt by the Bama state and popular media to separate Kachin people from others by portraying Kachin State as war-torn and restless.

Furthermore, people in Myanmar generally view Kachin people who have long lived camps for displaced people as pitiable. It is difficult to know such people's real lives. This is partly because accessing these areas in Kachin State and meeting Kachin people is hard, and partly because people are simply not interested in doing so.

## Negative Perceptions of Smart Kachin Women

Many people portray Kachin women in leadership positions as aggressive, rather than as brave, confident, capable, and/or intelligent. For example, people often describe Khon Ja, a political activist who led the Kachin Women Peace Network, and Neng Pu, a political activist and leader in the "Htoi Gender" group, as being "aggressive". Women leaders and their organizations are undermined by such characterizations. They are called aggressive, confrontational, or sharp-tongued, rather than smart and assertive.

Some also comment that since Kachin women have to suffer more and face more repression, they get used to it and become more confident. For example, in Nay Pyi Taw on 30 October 2017, a group of Kachin women met the Ethnic Affairs and Internal Peace Development Committee, the House of Nationalities, and the House of People's Representatives. When they met the Legislation and Special Issues Commission, the commissioner said that parliament was responsible for listening to the voices of people and communicating them to government, but people rarely spoke up—only Kachin women were confident enough to

[10] Starting during the high tide of the civil war in the 1950s, regions were designated as 'black' or intense fighting zones, 'brown' semi-intense zones where both the government and rebel groups occupied, or 'white' Bama military-controlled zones.

do so. However, most people only see and hear about supposedly modern, extroverted Kachin supermodels and celebrities, not these women.

## Famous Kachin Women in Kachin State

There are a lot of well-known Kachin women in high positions. Consider Esther Htusan, the first Pulitzer Prize-winning Kachin woman when she won in 2016, and Laphai Seng Raw, who in 1997 founded Myanmar's largest civil society organization, the Metta Development Foundation, and won the Ramon Magsaysay award in 2013. Then there is also Ja Nan, Director of Shalom, who actively participated in peace talks as a technical adviser on the side of EAOs. These are important examples of famous Kachin women, but overall, the number of Kachin women in leadership positions is still very small.

These successful female Kachin leaders have very different experiences and backgrounds to ordinary Kachin women. They had the opportunity to receive and pursue education. Therefore, they cannot claim to be representative of the common Kachin woman's experience. The daily socioeconomic experiences they embody are not the same as most Kachin women. There is a huge gap.

## The Real Situation for Kachin Women in Kachin State

Kachin women continue to suffer from civil war, enduring hardship, and many have been forced from their homes into displacement and refugee camps. Most of the people in and from Kachin State can be accurately called victims of war. As of August 2021, there were 97,011 Kachin displaced people sheltering in camps in Northern Shan and Kachin states.[11] If they attend school, kids from the camps face discrimination and are often teased as "IDP children" and bullied.[12]

[11] UNOCHA Myanmar, 2021.

[12] From the acronym for "internally displaced people"—IDP.

Being displaced and facing situations out of their control with no clear solution, many Kachin people have to endure hardship. Many women experience sexual assault and feel insecure and vulnerable in their daily lives. Some are exploited for their cheap labor. Lack of jobs and low wages lead many Kachin women into being trafficked to China.

Kachin women face discrimination because of patriarchal Kachin culture. For example, men are the center in a family, only sons get an inheritance, only men's voices are respected, and women's and children's voices are ignored. To this date, women cannot become pastors in Christian religious institutions. Women are pressured to give birth in order to grow the population under the banner of propagating the Kachin nation. Women cannot easily marry people of different ethnic or religious groups, and relatives, friends, and religious leaders force single women to marry other Kachin people, even if they want to stay single.

If there is a social event, the invitations are sent only with men's names, not women's. Kachin women introduce themselves as "the daughter of Mr. X" or "the wife of Mr. Y." Kachin women should not have to introduce themselves as daughters or wives and should be confident to introduce themselves with their own names rather than in relation to a male family member.

Meanwhile, Kachin women continue to be sexually abused and killed. For example, consider these three well-known cold cases: the Sumlut Roi Ja case from Khine Beng village, Momauk Township, 8 October 2011; the infamous sexual abuse and murder of two Kachin teachers in 2015; and the sexual abuse and murder of 51-year-old Daw Nan Htang in Kutkai Township, Muse District in July 2019. There has been no justice for these victims until the time of writing and Kachin women still live in fear.

Even the most brutal sexual violence cases do not attract significant attention. Few people are interested in these cases and people in many parts of the country do not even know about them. Many view these cases as ones that only Kachin people should be concerned about, undermining the experiences of

Kachin women by normalizing sexual violence as an inevitable outcome of war. Some say obtuse things like: "Since this is war, it is normal that there will be sexual abuse and murder."

## Undermining Women's Problems

Almost no Kachin people go to government courts to seek justice in Kachin State. We rely on customs and traditions. But are these customs fair? What these traditions often lead to is lessons to be fair to one another, love each other, and to avoid creating problems, emphasizing discussion and reconciliation. But traditionally, Kachin leaders are men, and in these customary hearings women often end up marrying the men who abduct them by force, even those who rape them. Since tradition does not take account of the considerations of women, customary conflict resolution is biased and unjust. Traditional leaders emphasize reconciliation and force marriages upon women without their consent. There is no justice for women in a system that forces them to marry their abductor.

Kachin women experience layers of cascading oppression, as Kachin and as women, from ideologies like Burmanization, which legitimates the domination of the majority Bama over other ethnic groups, and the customary patriarchal system in Kachin society, which facilitates the domination of men over women.

## How Kachin Women Try to Break Free From Oppression

Kachin women have been subject to the abuses of the Bama military for years. Some Kachin women's organizations and individuals have revolted in various ways to liberate themselves from a society that centers men in everyday familial, communal, and religious life. For example, some Kachin organizations protested on the streets on International Women's Day in 2016, holding a banner saying, "Stop sexual violence immediately!" and many campaigns keep these messages alive. In March 2022, there were

movements to elect Kachin women as Christian pastors. Movements continue. We resist every day. People from different fields should stand in solidarity. Women's movements should include fights against discrimination based on sex, ethnicity, region, and different experiences such as having to flee and becoming so-called refugees or IDPs.

## Changes Within the Spring Revolution

Since the 2021 military coup, the whole nation has faced the violent oppression of the Myanmar military and the negative consequences of war. Kachin State has suffered from the destruction of war and oppression for over 60 years. Kachin people have been displaced, raped, murdered, accused of EAO membership, unfairly arrested, abducted for forced hard labor, had their houses burned down, and had their freedom of movement severely restricted. After the 2021 coup, now most of the country is sharing what Kachin people have faced for over 60 years.

In this revolutionary period, EAOs like the Kachin Independence Army (KIA) have taken on the role of well-experienced seniors helping their juniors. Many urban revolutionaries, mostly youths from Generation Z, are taking refuge in KIA and liberated areas. The KIA cooperates with them and these new revolutionaries are reliant on and trust their ethnic revolutionary leaders. Many people across Myanmar have lost the prejudices they held toward EAOs before the coup. They now see the rationale behind armed resistance. Now is the best time for the KIA to bring down the military dictatorship together with these young revolutionaries. They are able to build mutual trust together, a crucial step to escalate revolutionary momentum. From this revolution, almost the whole country has learned more about the situations of the victims of war in ethnic areas.

## Conclusion

There are many people who weave, create, and treasure their own traditional clothes. But Kachin women who do not fit into

idealized beauty standards, and those who choose not to wear traditional clothes—what about them? Are they not also Kachin women? Are Kachin women who are not models or singers somehow not Kachin women? Those who do not fit into these stereotypes are still Kachin women and are definitely real human beings. In this article, I have made it clear that when people say, "Kachin women", they imagine only those fleeing from war zones, sitting in refugee camps, or they think of politicians in Kachin longyis, or famous people, sexy models and singers. But all Kachin women, especially those living in Kachin State that experience multiple layers of discrimination and repression should be recognized.

So who are Kachin women? What defines Kachin women? In fact, all Kachin women, including those from cities and enjoying privileged positions, face discrimination. This can include weaponized rape, abuses, human rights violations, and the loss of opportunities. It is the embodiment of all of these struggles and daily experiences, in the cultural, social and political spheres, that make one a Kachin woman. Every day many Kachin women resist the military dictatorship, Burmese chauvinism, Kachin patriotism and patriarchy, and the real Kachin women's identity emerges out of this resistance and defiance.

## References

Ludu U Hla. (2018). *Kachin Stories* (vol 1). Ludu Kyipwayay Press.

UNOCHA Myanmar. (2021). *IDP Sites in Kachin and northern Shan States, as of 31 August 2021.* https://themimu.info/sites/themimu.info/files/documents/Affected_Map_IDP_Sites_Kachin_N.Shan_OCHA_Aug2021_A4.pdf

# ကချင်အမျိုးသမီးတွေက ဘယ်သူလဲ ကချင်အမျိုးသမီးတွေကို ပုံဖော်ထားမှုနဲ့ ကချင်အမျိုးသမီးဖြစ်မှု

ဝါလာကော့

## အကျဉ်းချုပ်

ကချင်အမျိုးသမီးတစ်ဦး ရေးသားတဲ့ ဒီစာတမ်းကနေ မြန်မာ့လူ့အဖွဲ့အစည်းမှာ ကချင်အမျိုးသမီးတစ်ဦး ဖြစ်ရခြင်းရဲ့ အဓိပ္ပာယ်ကို ဆန်းစစ်ကြည့်မှာဖြစ်ပြီး ကချင်အမျိုးသမီးတွေရဲ့ ကိုယ်စားပြုမှုတွေ၊ သူတို့ရဲ့ အပြုအမူအပေါ် မျှော်လင့်ချက်ထားရှိမှုနဲ့ ကြုံတွေ့နေရတဲ့ အမျိုးမျိုးသော ခွဲခြားဆက်ဆံမှုတွေအကြောင်း ပါဝင်ပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်မှာ နေထိုင်တဲ့ ကချင်အမျိုးသမီးတွေဟာ တခြားသူတွေ မမြင်နိုင်တဲ့ ဖိနှိပ်မှုအလွှာအမျိုးမျိုးကို တွေ့ကြုံခံစားရနေရတဲ့ အကြောင်းကိုလည်း ထောက်ပြထားပါတယ်။ ယဉ်ကျေးမှု၊ လူမှုရေးနဲ့ နိုင်ငံရေးနယ်ပယ်တွေမှာ နေ့စဉ်ရုန်းကန်နေရခြင်းဟာ ကချင်အမျိုးသမီးရယ်လို့ ဖြစ်လာစေပါတယ်။ ကချင်အမျိုးသမီးအများစုဟာ စစ်အာဏာရှင်စနစ်၊ ဗမာလူမျိုးကြီးဝါဒနဲ့ ရှိရင်းစွဲ ဖိုပဓာနဝါဒတွေကို တွန်းလှန်နေကြပါတယ်။ ကချင်အမျိုးသမီးဖြစ်ခြင်းနှင့် ကချင်အမျိုးသမီးဖြစ်လာခြင်းတို့ဟာ ဒီခုခံမှုနဲ့ အန်တုမှုတွေကနေ မွေးဖွားလာခြင်းဖြစ်ပါတယ်။

## နိဒါန်း

စာတမ်းမှာ ပြောမယ့်အကြောင်းအရာကတော့ ကချင်အမျိုးသမီးဆိုတာကို မေးခွန်းထုတ်မှာ ဖြစ်ပါတယ်။ လက်ရှိ ကချင်နဲ့ ကချင်လူမျိုးမဟုတ်တဲ့ဒေသက ကချင်အမျိုးသမီးဆိုတာကို လူအများ သိကြလက်ခံကြတဲ့ အမြင်ကို ပြန်မေးခွန်းထုတ်ပြီး ဆန်းစစ်မှာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ လက်ရှိ ကချင်အမျိုးသမီးတွေလို့ ပြောလိုက်ရင် အစိုးရ၊ နိုင်ငံတော်နဲ့ မီဒီယာတွေက ပုံဖော်နေတဲ့ အကြောင်းအရာနဲ့ ကိုယ့်ရဲ့ ကချင်ဒေသအစဉ်အလာက ပုံဖော်ကြတဲ့ အကြောင်းအရာနှစ်ခုထဲက မလွတ်ပါဘူး။ ဒီပုံဖော်မှုတွေက သာမန်လူတွေရဲ့ ကချင်အမျိုးသမီးအမြင်တွေအပေါ် ထပ်ပြီးလွှမ်းမိုးမှု ရှိပါတယ်။

ကချင်အမျိုးသမီးထုထဲမှာလည်း အထက်ပိုင်းမှာ ရောက်နေပြီး ပါဝါအာဏာရှိတဲ့ အမျိုးသမီးတွေရဲ့ စွမ်းဆောင်ချက်တွေ၊ လုပ်ဆောင်ချက်တွေကိုတော့ မြင်ရပေမယ့် ဒီအမျိုးသမီးတစ်စုဟာလည်း ကချင်အမျိုးသမီးထု တစ်ရပ်လုံးကို ကိုယ်စားမပြုနေသေးပါဘူး။ အဓိကကတော့ စီးပွားရေး၊ လူမှုရေးအရ နေ့စဉ် ဖြတ်သန်းနေရတဲ့ ဘဝတွေက မတူညီကြလို့ပါပဲ။ ဒါကြောင့် မတူညီတဲ့ လူမှုအလွှာတွေ၊ နိုင်ငံရေး၊ စီးပွားရေး စတဲ့ သက်ရောက်မှုတွေက ကချင်အမျိုးသမီးထုအပေါ် ဘယ်လိုသက်ရောက်နေကြောင်းနဲ့ လူသိများတဲ့ပုံရိပ်တွေ၊ အကြောင်းအရာတွေထဲက ကချင်အမျိုးသမီးဆိုတဲ့ ပုံဖော်ထားမှုကို ပြန်လည်စိန်ခေါ်မေးခွန်းထုတ်ဖို့ အရေးကြီးပါတယ်။ ဒီအကြောင်းအရာတွေအားလုံးကို ဒီစာတမ်းမှာ ဖော်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

## အများအမြင်က ကချင်မ

ရန်ကုန် မင်္ဂလာဒုံလေယာဉ်ကွင်းမှာ လူဝင်မှုကြီးကြပ်ရေးကို ဖြတ်တော့ ကျွန်တော့်ကို “ကချင်လား။ ကချင်မတွေ ချောတယ်နော်” လို့ ပြောတာ ခံခဲ့ရတယ်။ ကချင်အမျိုးသမီးလို့ ပြောလိုက်တာနဲ့ လှတာနဲ့ တွဲမြင်ကြတယ်။ ဘာကြောင့် အဲဒီလိုတွဲမြင်ကြတာလဲ။ အဲဒီလိုမြင်အောင် မီဒီယာက ပုံဖော်တာတွေနဲ့ အများကြီး သက်ဆိုင်ပါတယ်။ ကချင်အမျိုးသမီးလို့ ပြောလိုက်ရင် နာမည်ကြီးနေတဲ့ မော်ဒယ်တွေ၊ အလှမယ်တွေ၊ အဆိုတော်တွေနဲ့ အမြဲတွဲမြင်ပြီး ပုံဖော်ကြတယ်။ တချို့စာစောင်မဂ္ဂဇင်း မျက်နှာဖုံးတွေမှာဆိုရင် ကချင်ရိုးရာဝတ်စုံလေးနဲ့ က နေတဲ့ပုံ ပုံဖော်ကြတာတွေ့ရတယ်။

နောဆမ်က “ခန္ဓာကိုယ်ကြော့ရှင်းလှပပြီး အကကောင်းတဲ့ ကောင်မလေး၊ နင့်ကို ကြိုက်လှပြီကွယ်” လို့ပြောလာတဲ့အခါ ငါးမာဂျာပန်က “မဖြစ်နိုင်ဘူး။ နင့်လိုလူကိုတော့ မယူနိုင်ဘူး။ ငါက လှပလွန်းတော့ ကမ္ဘာမှာ ခွန်အား အကြီးဆုံးသူနဲ့သာ ထိုက်တန်တာ” ဆိုပြီး ပြန်ပြောခဲ့တယ်။ ငါးမာဂျာပန်က ကမ္ဘာမှာ ခွန်အားအကြီးဆုံးသောလူကို လိုက်ရှာခဲ့တယ်။ နှစ်တွေကြာပြီး နောက်ဆုံးမှာတော့ ယူးမာနောဆမ်နဲ့ပဲ ယူရဖို့ အကြောင်းရှိခဲ့တယ်ဆိုတဲ့ ဟာမျိုး။ ယောက်ျားမယူချင်တဲ့ ကချင်အမျိုးသမီးတွေကို ဒီပုံပြင်နဲ့ဆုံးမကြပြီး ကချင်တွေကြားမှာ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းပြောပြလာခဲ့၊ ရေးသား ခဲ့ကြတယ်။ ကချင်အမျိုးသမီးတွေကို တင်တောင်းတဲ့အခါမှာ မပါမဖြစ် ပါရတဲ့ ယူးငါးမယောန် (Yu Nga Mayawn) ခေးတိုက လူမျိုးတိုးပွားဖို့ အဓိပ္ပာယ်လို့ ပြောကြတယ်။

ဒီနှုတ်ပြော ကချင်ပုံပြင်တွေ၊ စာအုပ်တွေထဲမှာ ကချင်အမျိုးသမီးတွေကို ပုံဖော်ထားမှုက မိန်းမနဲ့ အလှအပဆိုတဲ့ စံနဲ့တွဲပြီး အမြဲပုံဖော် လက်ဆင့်ကမ်း ခဲ့ကြတာလားလို့ တွေးမိစေတယ်။ ခရိုင်နော်နှင့် ခရိုင်ဂမ်ပုံပြင်မှာဆိုလည်း မိန်းမတွေကြောင့် ညီအစ်ကို မတည့်တာမျိုး ပုံဖော်ခြင်းအားဖြင့် မိန်းမလိင် ပါသူအုပ်စုကို မကောင်းတဲ့သူတွေအဖြစ် မြင်စေတာပဲ။

ပုံပြင်တွေရဲ့ အပြင်ဘက် တကယ့်လောကမှာလည်း အလွန်လှပတဲ့ မိန်းကလေးဆိုတာ အမျိုးသမီးတွေ ဂုဏ်ယူစရာဆိုပြီး အလှအပကို အမျိုးသမီးရဲ့ စံဖြစ်လာစေတာ၊ အမျိုးသမီးတွေ လှချင်စိတ်ဖြစ်အောင်၊ လှအောင်နေဖို့ တိုက်တွန်းကြတာတွေဟာ အများလက်ခံထားတဲ့ အလှအပစံ တွေကို မမီတဲ့၊ မလှပတဲ့ အမျိုးသမီးတွေအတွက် ဒီအလှစံထားတဲ့ လူ့အဖွဲ့ အစည်းကြားမှာ လူသားတစ်ယောက်လို ဆက်ဆံခံရပါ့မလားဆိုပြီး မေးခွန်း ထုတ်စရာပါ။ မြန်မာစကားပုံမှာလည်း “မလှတော့ စုန်းယိုး” ဆိုပြီး မလှတဲ့ လူတွေကို စုန်းလို့ ထင်တတ်တဲ့အမြင်ရှိကြောင်း ဆိုထားတာရှိပါတယ်။

ထပ်မံပြီး မီဒီယာတွေမှာ ပုံဖော်ထားတာက နိုင်ငံတော်အတိုင်ပင်ခံအဖြစ် တာဝန်ယူခဲ့သူ ဒေါ်အောင်ဆန်းစုကြည်က ကချင်ပြည်ကိုသွားတိုင်း ကချင် အမြိတ်ပါတဲ့ဝတ်စုံ၊ ကချင်ဝတ်စုံ ဝတ်ဆင်လေ့ရှိခဲ့ပါတယ်။ ၂၀၂၁၊ ဖေဖော်ဝါရီ

မတိုင်ခင် အန်အယ်ဒီအစိုးရအဖွဲ့က အမျိုးသားခေါင်းဆောင်တချို့လည်း ပင်နီအင်္ကျီကို အပေါ်ကဝတ်ပြီး အောက်က ကချင်ပုဆိုးနဲ့ တွဲဝတ်ကြတာလည်း တွေ့ရတယ်။ အရင် ၁၉၈၈ ခုနှစ်ဝန်းကျင်တုန်းက သုံးရောင်ခြယ်အဖွဲ့ဝင်တွေကလည်း ကချင်ပုဆိုးကို လည်ကတုံးရှပ်အဖြူလေးတွေနဲ့ တွဲဝတ်လေ့ရှိတာ တွေ့ရတယ်။ သူတို့ကနေတစ်ဆင့် ကချင်ဆိုတာ ဘာလဲဆိုတာ ကချင်ဝတ်စုံနဲ့ အပြင်ပန်း တွဲသိကြသွားတယ်လို့ ယူဆလို့ရတယ်။ နိုင်ငံတော်ကို ဦးဆောင်တာဝန်ယူခဲ့တဲ့ သူတွေကိုယ်တိုင်လည်း ကချင်အဝတ်အစားက လှတယ်။ ကချင်လို ဝတ်လိုက်ရင် လှတယ်ဆိုတာမျိုး ထပ်ထပ်ပြီးပုံဖော်ခဲ့သလို နိုင်ငံရေးအတွက်၊ ကချင်ပြည်သူပြည်သားတွေကို စည်းရုံးဖို့အတွက် ကချင်ပြည်ရောက်တိုင်း ကချင်ရိုးရာ ဝတ်ဆင်ခဲ့ကြတယ်လို့ မြင်တယ်။

## ကချင်အချင်းချင်းကြားက ကချင်အမျိုးသမီးကို မြင်တဲ့အမြင်နဲ့ ကချင်အမျိုးသမီးအပေါ် မျှော်လင့်ချက်များ

ကချင်အချင်းချင်းကြားမှာလည်း မိန်းမဆို ယဉ်ကျေးသိမ်မွေ့ရမယ်၊ ဘာသာတရား ကိုင်းရှိုင်းရမယ်၊ လူကြီးကို ရိုသေရမယ် စတဲ့ လူမှုစံတွေနဲ့ ကချင်အမျိုးသမီးတွေကို ဘောင်ခတ်ထားတယ်။ အဝတ်အစားဆိုလည်း ကချင်အမြိတ်ပါတာ မဝတ်ရင် ကဲ့ရဲ့ကြတယ်။ အမျိုးကို မချစ်တတ်ဘူးလို့ ပြောကြတယ်။ ကချင်မိန်းမ မှန်ရင် ကချင်အမြိတ်ဝတ်ရမယ်ဆိုတာမျိုး ဘောင်ခတ်ထားကြတယ်။ ကချင်အမြိတ်ပါတာ မဝတ်ရင် ကျွန်တော်က ကချင်အမျိုးသမီးမဟုတ်တော့ဘူးလားလို့ မေးခွန်းထုတ်စရာရှိတယ်။ ကချင်အမြိတ် ဝတ်ထားတဲ့ လူမျိုးခြားတွေကရော ကချင်ဖြစ်သွားပြီလား စသည်ဖြင့် ကချင်ဖြစ်မှုနှင့် ကချင်အမျိုးသမီးဖြစ်မှုဆိုတာကို မေးခွန်းထုတ်မိပါတယ်။

ကချင်ဝတ်စုံကို ဂါဝန်ချုပ်ဝတ်တာမှာ နည်းနည်းတိုသွားတဲ့အခါဆိုရင်လည်း ကချင်အမျိုးသမီး အချင်းချင်းကပဲ ကချင်ရိုးရာဝတ်စုံကို ဖျက်တယ်လို့ ပြောကြတယ်။ ကချင်မိန်းကလေးဖြစ်ပြီးတော့ မလုံမခြုံမဝတ်သင့်ဘူး။ Sari shahpoi (ကျနွေ့မရှိဘူး) စသဖြင့် ပြောခံရဖူးတယ်။ ကချင်အမျိုးသမီး ပီသတယ်ဆိုရင် ရိုးရာထမင်းထုပ်တွေ ထုပ်တတ်ရမယ်၊ ရက်ကန်းရက်တတ်ရမယ်၊

မိခင်ကောင်းဖြစ်ရမယ် ဆိုတဲ့ဟာမျိုးလည်း ရှိပါသေးတယ်။ မိန်းမတွေဖြစ်ပြီး မလုပ်သင့်ဆိုတာမျိုး မိန်းမဘောင်ထဲ အရမ်းသွတ်သွင်းကြတယ်။ လမ်းသလား ပြီး လျှောက်လည်နေမယ့်အစား ဘုရား သွန်သင်ချက်အတိုင်း နေသင့်ကာ ဘုရားကျောင်းမှာ လိုတဲ့နေရာ ဆက်ကပ်သင့်တယ်လို့ ငယ်ဘဝတုန်းက ခဏခဏအပြောခံခဲ့ရတယ်။

ကချင်အမျိုးသမီးဖြစ်ပြီးတော့ ကချင်စကားမပြောရင်လည်း မျိုးမစစ်ဘူး၊ လူရာမဝင်ဘူးလို့ ပြောကြသလို အမျိုးမချစ်တတ်သူဆိုပြီးတော့လည်း ဝိုင်းနှိမ် ကြတယ်။ တစ်ခေါက်ကဆို ကချင်စကားနဲ့ ပြန်မပြောလို့ဆိုပြီး စကားပြန် မပြောတာမျိုး ကြုံခဲ့ရတယ်။ ကျွန်တော်ဆိုရင် ဆွေးနွေးပွဲတွေလုပ်တဲ့အခါ ကချင်စကားတောက်လျှောက်ဆက်တိုက် မပြောနိုင်တဲ့ အချိန်တွေရှိတယ်။ အဲဒီလိုဆိုရင် ကျွန်တော်ကရော ကချင်အမျိုး မချစ်သူ ဖြစ်သွားပြီလား။ ကချင် ပြည်မှာမွေးပြီး လူမျိုးခြားတွေက ကချင်စကားမွတ်နေအောင် ပြောတတ်တဲ့ သူတွေရှိတယ်။ သူတို့ကိုရော ကချင်လူမျိုးလို့ သတ်မှတ်ကြလား။ ကချင်လူမျိုး ဖြစ်ပေမယ့် ကချင်စကားကို တောက်လျှောက်ဆက်တိုက် ပြောဖို့ခက်တာ ဘာလို့လဲဆိုတော့ နေရာတိုင်း ဗမာစကားနဲ့ ဆက်သွယ်ပြောရတာ ပိုများတာ ကြောင့်လည်း ပါမယ်လို့ ထင်မိပါတယ်။ ကချင်အမြိတ်ပါတဲ့အဝတ် မဝတ်ချင် တဲ့ နေ့တွေရှိတယ်။ ကချင်စကား မပြောတဲ့အချိန်တွေ ရှိတယ်။ ရိုးရာဓလေ့ ထမင်းထုပ် မထုပ်တတ်ဘူး။ ရက်ကန်း မရက်တတ်ဘူး။ အဲဒီလိုဆိုရင်လည်း ကျွန်တော်က ကချင်အမျိုးသမီးမဟုတ်တော့ဘူးလား။

ကချင်အမျိုးသမီးတွေကို ရိုးရာကို ထိန်းသင့်တယ်ဆိုတဲ့ အမြင်နဲ့ ဘာကြောင့် အမြဲပြောနေကြသလဲ။ ရိုးရာကို မထိန်းသိမ်းတဲ့သူတွေကိုတော့ မိန်းမပျင်း (Num Balar)၊ ကချင်မ မစစ်ဘူးလို့ ပြောကြတယ်။ ဒီကချင် အမျိုးသမီးဆိုတဲ့ ဘောင်ထဲမဝင်သူအားလုံးကို ကချင်လူ့အဖွဲ့အစည်းက ဖယ်ကြဉ်ကြတယ်။ ခွဲခြားကြတယ်။ ပုံဖော်ကြတယ်။ ဒီတော့ ကချင် စစ်တယ် ဆိုတာ ဘာလဲဆိုပြီး မေးခွန်းထုတ်မိပါတယ်။

လူတိုင်း မိမိရိုးရာယဉ်ကျေးမှုဓလေ့တွေကို ချစ်တဲ့စိတ်၊ တန်ဖိုးထားတဲ့ စိတ်တော့ ရှိသင့်တယ်။ ဒါပေမဲ့ ဘာလို့ ရိုးရာဓလေ့စံတွေက လူသားတစ်ဦး

ချင်းစီမှာရှိတဲ့ အရည်အချင်းထက် ပိုတန်ဖိုးရှိ၊ ပိုအရေးကြီးနေရတာလဲ။ ကချင်ဆိုတာ ဘယ်လိုပါဆိုပြီး အများသတ်မှတ်ထားတဲ့ စံထဲမှာ ရှိမနေတဲ့ ကချင်အမျိုးသမီးတွေကရော ဘာလို့ ခွဲခြားဖယ်ကြဉ်ခံနေရတာလဲ။ ဒီလူမျိုးစုတွေ၊ လူတွေစုဝေးပြီးမှ ဓလေ့ရိုးရာဆိုတာ ရှိလာရတာပေမယ့် အမျိုးသားတွေကိုတော့ အဲဒီလိုကန့်သတ်ထားတာတွေ သိပ်မတွေ့ရပါဘူး။

ကျွန်တော် မေးခွန်းထုတ်ချင်တာကတော့ အမျိုးသားတွေက ရိုးရာဓလေ့ကို ဖန်တီးသူ၊ ဦးဆောင်သူ၊ ဆုံးဖြတ်သူတွေဖြစ်ကြပြီး အမျိုးသမီးတွေက လိုက်နာရသူတွေ၊ ဆုံးဖြတ်ခံတွေလား။ ဒီရိုးရာဓလေ့တွေကို မလိုက်နာသူအမျိုးသမီးတွေဟာ ဒီအသိုင်းအဝိုင်းကနေ ဖယ်ကြဉ်မယ့် ပြစ်ဒဏ်ကို ခံရမယ်ဆိုပြီး ဖန်တီးထားတဲ့ ဒီစနစ်ကြီးက လုံးဝမတရားပါဘူး။ ဒီလို မတရားမှုတွေအတွက် ဘာလို့ အသံတွေပျောက်နေတာလဲ။ အမျိုးသမီးတွေက အမြဲပဲ ဒုတိယလိင်အဖြစ်နဲ့ပဲ ရှင်သန်နေရပြီး ကချင်အမျိုးသမီးလို့ ပုံဖော်ထားတဲ့ စံတွေနဲ့မကိုက်ရင်၊ အဲဒီစံတွေ ကိုယ့်မှာ မရှိရင် ဒီကချင်လူ့အဝန်းအဝိုင်းမှာပါ လူသားအပြည့်အဝဖြစ်ဖို့၊ ရှင်သန်ဖို့ ခက်ခဲနေပါတယ်။

## နိုင်ငံတော်ကရော ကချင်အမျိုးသမီးတွေကို ဘယ်လိုပုံဖော်ကြလဲ

ဒူအင်ဖန်းဂျာရာသည် ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ ကချင်ပြည်နယ်မိန့်ခွန်းတွင် ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ရိုက်ခဲ့တဲ့ သမိုင်းဝင်ဓာတ်ပုံမှာ ပါဝင်ခဲ့တဲ့ ကချင်အမျိုးသမီးတွေထဲက တစ်ဦးဖြစ်ပါတယ်။ ဗမာတိုင်းရင်းသားတွေနဲ့ အခြားတိုင်းရင်းသားတွေ လွတ်လပ်ရေးအတူတကွ ရယူဖို့ ကချင်ခေါင်းဆောင်တွေကို လာရောက်စည်းရုံးတဲ့ ခရီးစဉ်မှာ ဗိုလ်ချုပ်အောင်ဆန်းသည် ကချင်ရိုးရာ ဓားစလွယ်၊ လွယ်အိတ်နှင့် ခေါင်းပေါင်းတွေကို ဝတ်ဆင်ထားကာ ကချင်အမျိုးသမီးပျို (၆) ယောက်နဲ့အတူ အမှတ်တရဓာတ်ပုံ ရိုက်ခဲ့ပါတယ်။

> ဗိုလ်ချုပ်နဲ့အတူ ရိုက်တဲ့ဓာတ်ပုံမှာပါတဲ့ အဖွားတို့က အဲဒီအချိန်မှာ အစည်းအဝေးလုပ်တဲ့သူတွေကို ကျွေးမွေးဖို့ ထမင်းချက်ပေးတာပဲ။ ဗိုလ်ချုပ်အောင်ဆန်းက အမှတ်တရအတွက်

ဒါကတော့ တကယ့်လက်တွေ့ ကချင်အမျိုးသမီးတွေ ကြုံတွေ့နေရတဲ့ အချက်လို့ ပြောလို့ရတယ်။ ကချင်အမျိုးသမီးတွေကို ရိုးရာဝတ်စုံအပြည့်အစုံနဲ့ ဓာတ်ပုံအရိုက်ခံဖို့ သက်သက်သာသုံးကြတယ်။ လူကြီးညှော့သည်လာရင် ထမင်းချက်၊ ပြင်ဆင်ကျွေးမွေး စတဲ့နေရာတွေမှာသာ ရှိနေခဲ့ရပြီး ဘာဆွေးနွေး သွားတယ်၊ ဘာကြောင့် လူကြီးတွေ လာတယ်ဆိုတာကို သူများပြောပြမှ သိရတဲ့ အခြေအနေ ဖြစ်နေတယ်။

ဒီဓာတ်ပုံက သမိုင်းဝင်ဓာတ်ပုံဖြစ်ပြီး တစ်နိုင်ငံလုံးတွေ့ရတဲ့ ပုံလည်း ဖြစ်တယ်။ အနာဂတ်လူငယ်တွေအတွက် ကချင်အမျိုးသမီးဆိုရင် ရိုးရာဝတ်စုံ ဝတ်ပြီး အလှဓာတ်ပုံအရိုက်ခံ၊ ရိုးရာဝတ်စုံလေးနဲ့ လူကြီးဧည့်ကြို စတဲ့နေရာ တွေသာ မြင်လာကြမယ်။

ကချင်ပြည်နယ်အတွင်း အားကစားဘောလုံးပြိုင်ပွဲတွေ၊ ပွဲအစီအစဉ် ဖွင့်ပွဲ တွေမှာ အမျိုးသမီးတွေက ရိုးရာဝတ်စုံလေးတွေနဲ့ အသင်းနာမည်ပါတဲ့ ကတ်ပြားလေးကိုင်ပြီး ရှေ့ထွက်ရလေ့ရှိပါတယ်။ မိုးရာသီ သစ်ပင်စိုက်ပျိုး ပွဲတော် ဖွင့်ပွဲလိုမျိုး၊ ကချင်ပြည်နယ်ကျောက်မျက်ရတနာ ဖွင့်ပွဲအခမ်းအနား လိုမျိုး အခမ်းအနားတစ်ခုခုမှာဆိုရင်လည်း အမျိုးသမီးတွေက ရိုးရာဝတ်စုံ လေးနဲ့ ဖဲကြိုးဖြတ်အခမ်းအနားတွေမှာ ပါဝင်ကြရပြန်ပါတယ်။ တချို့ဆိုရင် ဖွင့်ပွဲတွေမှာ ဧည့်ကြိုဖို့ ရိုးရာဝတ်စုံဝတ်ပြီး ပါဝင်ရတာကို လှလို့ ပါဝင်ခွင့်ရတာ ဆိုပြီး ဂုဏ်ယူစွာ ပြောကြတဲ့သူရှိတယ်။ အမျိုးသမီးတွေကို လှပမှုကိုပဲ ဂုဏ်ယူတတ်အောင် သေချာလုပ်ထားတဲ့ တွေးခေါ်မှုစနစ်ကြောင့် အဲဒီလို ပြောကြတာ ဖြစ်ပါတယ်။ ကချင်အမျိုးသမီးဆိုတာ ရိုးရာဝတ်စုံလေးဝတ်ပြီး အလှအပနေရာတွေမှာပဲ ရှိရမှာလား။ အနာဂတ်မျိုးဆက်သစ်လူငယ်တွေ အတွက် ပတ်ဝန်းကျင်က ကချင်အမျိုးသမီးဆိုရင် ဒီလိုမျိုးနေရာတွေမှာပဲ နေရာပေးခံရတာကို မြင်ရမှာလား၊ ဒါတွေကို မေးခွန်းထုတ်ချင်ပါတယ်။

## တခြားလူမျိုးများမှ ကချင်အမျိုးသမီးတွေအပေါ်အမြင်

ကချင်အမျိုးသမီးဆိုရင် "ခရစ်ယာန်မဟုတ်လား" လို့ မေးခံရတာမျိုး၊ ဘုရားကျောင်းမှာ တူရိယာတစ်ခုခု တီးတတ်တဲ့ အမြင်နဲ့တွဲမြင်ကြပြီး "ဘာတီး တတ်လဲ" လို့ အမြဲအမေးခံရတာမျိုး၊ ဂီတကို ပိုင်နိုင်တယ်လို့ ထင်တာမျိုးတွေ ရှိတတ်ပါတယ်။ နောက်ပြီး အများစုက ကချင်အမျိုးသမီးလို့ ဆိုလိုက်ရင်

မော်ဒယ်အမျိုးသမီးတွေနဲ့ အဆိုတော်တွေရဲ့ အမည်ကိုသာ တန်းပြောကြတယ်။ အဆိုတော် L ခွန်းရီ၊ L ဆိုင်းဇီ၊ L လွန်းဝါ၊ ရေဗက္ကာဝင်း၊ K ဂျာနူး၊ အဆိုတော်အမွန်း စသူတို့နဲ့တွဲပြီး သိကြတယ်။ သူတို့နဲ့ ဘယ်လိုအမျိုးတော်သလဲ စသည်ဖြင့် အမေးခံရတယ်။ မိတ်ဆက်ပြီး စကားလက်ဆုံကျရင်လည်း "ဟိုအဆိုတော်လည်း ကချင်နော်။ ဟိုမော်ဒယ်လည်း ကချင်နော်။ သူတို့ကို သိလားဆိုတာမျိုး" ခဏခဏ အမေးခံရတယ်။ တချို့ကလည်း ကချင်အမျိုးသမီးဆိုရင် တိုင်းရင်းသားဝတ်စုံနဲ့ တွဲမြင်တယ်။ ကချင်အမြိတ်ပါတဲ့ လုံချည်ဝတ်ထားရင် "ကချင်လား" လို့ မေးခံရတာမျိုး ရှိကြတယ်။

ကျွန်တော်တို့ ကချင်အမျိုးသမီးတွေကို အရမ်းရဲတင်းတယ်လို့ ပြောတဲ့သူတွေရှိတယ်။ ဟော့ရှော့လေးတွေလို့ ပြောတဲ့သူတွေရှိတယ်။ ခေတ်ဆန်တယ်။ အဆိုတော်တွေကို စံထားပြီး တော်တယ်၊ ထက်တယ်၊ အသံကောင်းတယ်။ ကိုယ်လုံးကိုယ်ပေါက်လှတယ် စသည်ဖြင့်လည်း ပြောကြတယ်။ ဥပမာ စူပါမော်ဒယ် အောန်ဆိုင်း၊ M ဆိုင်းလု၊ လုလုအောင်၊ J နော စတဲ့ နာမည်ကြီးတွေနဲ့ တွဲပြီး ကချင်အမျိုးသမီးမော်ဒယ်လို့ သိကြတယ်။

လက်ရှိ မြန်မာတစ်နိုင်ငံလုံးကို ထုတ်လွှင့်ပြသနေတဲ့ တီဗီအစီအစဉ်တွေမှာ တွေ့ရတဲ့ ကချင်အဆိုတော်တွေ၊ မော်ဒယ်တွေ၊ အလှမယ်တွေကနေ တစ်ဆင့် ကချင်အမျိုးသမီးဆိုရင် ဒီလိုပုံဆိုပြီး တစ်မျိုးထဲဖြစ်နေသလား။ တစ်နိုင်ငံလုံးစောင့်ကြည့်တဲ့ မြန်မာအိုက်ဒေါ်မှာဆိုရင်လည်း နင်ဇီမေ၊ L ဇော်ရိန်၊ မေရီ၊ မေရီအောင်၊ ဇော်ခွန် စသည်ဖြင့် ကချင်အဆိုတော်တွေ ပါဝင်ယှဉ်ပြိုင်လာကြပြီး Myanmar's Got Talent မှာဆိုရင်လည်း ကချင်ရိုးရာအကအဖွဲ့ (Wunpawng Ningja Dance group) မှ ၂၀၁၅ ခုနှစ်တွင် ယှဉ်ပြိုင်ကြတယ်။ ကချင်အမျိုးသမီးတွေကို အရမ်းရဲတယ်လို့ မြင်ကြတာကြောင့် လက်ရှိ လူတွေသတ်မှတ်ထားတဲ့ "မိန်းကလေးဆိုရင် ယဉ်ယဉ်ကျေးကျေးနေရမယ်" ဆိုတဲ့အထဲ ကချင်အမျိုးသမီးတွေ မပါဘူး။

## နာမည်ကျော်အဆိုတော်၊ မော်ဒယ်တွေက ကချင်အမျိုးသမီးတစ်ခုလုံးကို ကိုယ်စားပြုလား

ကျွန်တော် ၂၀၁၆ တုန်းက ရန်ကုန်မှာ ရက်ရှည်သင်တန်းတစ်ခု တက်တော့ သင်တန်းဆင်းပွဲအတွက် ဘယ်သူက ဘာအစီအစဉ် ဦးဆောင်ပြီး ဘယ်တာဝန်

ယူကြမယ် စသဖြင့် ဆွေးနွေးကြတယ်။ အားလုံးက ကျွန်တော့်ကို ကချင်မလေးဆိုတော့ ဂီတနဲ့ အကျွမ်းတဝင်ရှိတယ်၊ အဆိုကောင်း၊ အသံကောင်းမယ် ဆိုပြီးတော့ အားလုံးအတူဆိုဖို့ သီချင်းကို တိုက်ပေးဖို့ ဝိုင်းပြောကြတာ ကြုံခဲ့ဖူးတယ်။ ကချင်ဆိုတာနဲ့ တန်းပြီး သီချင်းဆိုတတ်မှာပဲ ဆိုတဲ့ သတ်မှတ်ချက်နဲ့ အတွေ့ခံရတယ်။

ရန်ကုန်မှာ အင်္ဂလိပ်စာသင်တန်းတက်ခဲ့တဲ့ ၂၀၁၃ ခုနှစ်တုန်းကလည်း ကျောင်းဆင်းပွဲအတွက် အလှဆင်ပေးဖို့ ဆရာ၊ ဆရာမတွေက ဝိုင်းပြောကြတယ်။ သူတို့ပြောတာက ကချင်တွေက အလှအပ ဆင်ယင်ရာမှာလည်း နိုင်တယ်ဆိုပြီး လုပ်ခိုင်းခဲ့ကြတယ်။ ပြီးတော့ ကချင်တွေက မကတတ်တာ မရှိဘူးဆိုပြီး အကပါ တိုက်ခိုင်းတာ ကြုံခဲ့ဖူးတယ်။ ရုံးက ကချင်သူငယ်ချင်း တစ်ယောက်ကလည်း သူရန်ကုန်စရောက်တော့ တက္ကစီတွေ စီးရတဲ့အချိန်တွေဆိုရင် “တိုင်းရင်းသားလား။ အသားဖွေးတယ်။ ချောတယ်။ ကချင်တွေက အသံကောင်းတယ်။ မြန်မာအိုက်ဒေါ ဝင်မပြိုင်ဘူးလား။ ကချင်တွေအများကြီး ပြိုင်ကြတယ်လေ” စသည်ဖြင့် ပြောတာခံရတဲ့အကြောင်း ပြောဖူးတယ်။

ရန်ကုန်မှာ အတူနေတဲ့ ညီမတော်သူတစ်ယောက် ရှိတယ်။ သူက အက စိတ်ဝင်စားတယ်။ ကချင်ရိုးရာအကလည်း သင်ပေးတတ်တယ်။ သူ့ကိုဆိုရင် ဘာသာရေးပွဲလမ်းဖြစ်ဖြစ်၊ လူကြီးလာလို့ ကြိုရတာဖြစ်ဖြစ် အထူးဧည့်သည်တွေကို ကြိုရတဲ့ပွဲတွေမှာ ရိုးရာဝတ်စုံနဲ့ လာကပေးဖို့ဖြစ်ဖြစ်၊ ဝတ်စုံနဲ့ ဧည့်ကြိုနေရာက ပါပေးဖို့ဖြစ်ဖြစ် အမြဲဖိတ်ခေါ်ခံရတယ်။ ကချင်မလေးနဲ့ ရိုးရာဝတ်စုံ ဝတ်ပြီး လူတွေကို ဖျော်ဖြေဖို့ အကအလှပုံဖော်တဲ့နေရာ အမြဲတွဲမြင်ဖို့ ဖြစ်စေတယ်လို့ မြင်တယ်။ တစ်ခေါက်က ၂၀၁၇ ခုနှစ် သင်္ကြန်မဏ္ဍပ်မှာ ကချင်ရိုးရာဝတ်စုံနဲ့ သူတို့အဖွဲ့သွားကကြလို့ ကချင်လူထုတစ်ခုလုံး သူတို့ပုံတွေကို ဆိုရှယ်မီဒီယာမှာ ဝိုင်းရှဲပြီး ဆဲကြတာ ကြုံဖူးတယ်။ သင်္ကြန်လို လူတွေ အများကြီး မူးကြတဲ့နေရာမှာ ကချင်မလေးတွေ မဖျော်ဖြေသင့်ဘူးလို့ ယူဆကြလို့ဖြစ်မယ်။

ကချင်အမျိုးသမီးတွေလည်း လူသားထဲက လူသားတွေလိုပဲ။ တူရိယာ မတီးနိုင်တာရှိတယ်။ ဂီတ မသိတာ ရှိတယ်။ လူတွေသတ်မှတ်ထားတဲ့ စံအလှ၊ ကိုယ်လုံးကိုယ်ပေါက် မရှိတဲ့သူတွေနဲ့ သီချင်းအဆိုမကောင်းတဲ့သူတွေလို ကချင်အမျိုးသမီးတွေကလည်း ကချင်မဟုတ်တဲ့ လူတွေမြင်ထားတဲ့ ကချင်

ဖြစ်မနေခွင့် ရှိကြပါတယ်။ လူအများမြင်တဲ့ ကချင်အမျိုးသမီးပုံစံအတိုင်း လိုက်ဖြစ်ကြည့်ဖို့၊ လုပ်ကြည့်ဖို့ဆိုတာ တော်တော်ကြီး မဖြစ်နိုင်ပါဘူး။

## ဗမာလူမျိုးကြီးဝါဒ၊ ဖိုဝါဒနဲ့ ကချင်အမျိုးသမီးဖြစ်မှု

ဖိုဝါဒကြီးစိုးတဲ့ တိုင်းပြည်မှာ အမျိုးသားတွေကို အမြဲခေါင်းဆောင်နေရာ၊ ဆုံးဖြတ်ချက်ချတဲ့နေရာ၊ ဦးစားပေးခံရသည့်နေရာမှာ မြင်ရပြီး မိန်းကလေးတွေကိုတော့ အထောက်အပံ့ပေးတဲ့နေရာ၊ လှလှပပဝတ်ပြီး ယဉ်ကျေးစွာ ဘောင်ကျကျတန်းစီ ဧည့်ကြိုတဲ့နေရာနဲ့ အမြဲတွဲမြင်စေကာ စနစ်တကျကို ဖိနှိပ်ထားတာ ဖြစ်ပါတယ်။ ကချင်အမျိုးသမီးတစ်ယောက်အနေနဲ့ ကချင်လူမျိုးထဲမှာရော အထက်ကပြောပြခဲ့သလို ခွဲခြားဖိနှိပ်ခံနေရသလို လူမျိုးအုပ်စုကြီးတဲ့၊ ဗမာကြီးစိုးတဲ့ စနစ်အောက်မှာ ကချင်ဖြစ်မှုကြောင့် ခွဲခြားခံရမှု အတွေ့အကြုံအများကြီး ကြုံနေရတယ်။

ငယ်ငယ်က ကျောင်းတက်ကတည်းက အတန်းထဲမှာဆို ကျွန်တော်တို့ ကချင်နာမည်က ခေါ်ရခက်တယ်လို့ ဆရာ၊ ဆရာမတွေက နေ့စဉ်ပြောတာ ခံရတယ်။ ဥပမာ “ခေါန်” ဆိုရင် “ခေါ” လို့ ခေါ်ကြတယ်။ အမည်အမှန်နဲ့ ရှင်းသန်ခွင့် ရှိမနေခဲ့ဘူး။ ပြီးတော့ ဆရာ၊ ဆရာမ အများစုက မြန်မာပြည် အလယ်ပိုင်း၊ အောက်ပိုင်းက လာကြတဲ့သူ များတယ်။ ဗမာစကားပြောတဲ့အခါ မှာ ကျွန်တော်တို့က စာစကားလို အပြည့်ပြောကြတော့ ဆရာမတွေ ရယ်တာ ခံရတယ်။ ကျောင်းမှာ စကားပြောရင် “ငါ” လို့သုံးပြီး ပြောကြတယ်။ “ငါ” ဆိုတာက ကချင်လို “ငိုင်” ပဲ။ အဖေ၊ အမေ၊ လူကြီးတွေကိုလည်း “ငါ” လို့ သုံးလို့ရတယ်။ ရိုင်းတဲ့အသုံး မဟုတ်ဘူး။ ဒါပေမဲ့ ကျောင်းတွေက ဗမာကျောင်းလို့ ပြောကြသလိုပဲ ဗမာယဉ်ကျေးမှုကို စံထားသလိုဖြစ်နေတော့ “သမီး” လို့ ပြောရမယ်။ “ငါ” လို့ မပြောရဘူး။ ရိုင်းတယ်လို့ သင်ကြားခံရတယ်။ အဲဒီလို လိုက်ပြောရတယ်။ ဆရာ၊ ဆရာမတွေနဲ့ ဗမာစကားပြောရမှာ ကြောက်လို့ အမြဲရှောင်နေခဲ့ရတယ်။ မရင်းနှီးခဲ့ဘူး။ ကျောင်းသွားရင် ဗမာစကားပြောရမယ်ဆိုပြီး စိတ်ညစ်ခဲ့တာတွေ ကြုံခဲ့ဖူးတယ်။ ကြီးလာတော့ ဗမာစကားပြောရင် စကားဝဲတာကိုလည်း အားနည်းချက်လို မြင်တော့ ကြာလာတဲ့အခါ ဗမာတွေကို ဗမာစကားသွားပြောရမှာ ကြောက်တဲ့အထိ

even the word gender.[32] This was not the fault of these women. Without policymakers and community leaders willing to implement the recommendations from these conventions, these international treaties and events bore little meaning to them. When they encountered the layers of oppression and exclusion from within and outside of their community, no one came to their aid.

On the second day, while talking about different feminist movements in history, participants were eager to discuss feminism even when it was framed as a movement for social justice which addresses not only women's rights but injustices in a broader struggle. We watched *Iron Jawed Angels*, a movie about the suffragette movement in the US in the 1900s, which depicts how justice is earned through sacrifice and the constant radical challenges that women have made in history.

The patriarchy Chin women experience was different from that felt by urban factory workers or women in active conflict zones in Karen and Kachin states, although since the February 2021 coup, Chin State has also turned once more into a conflict zone. Chin customary laws are so strong that it is not enough to reform only national laws. The question of justice for Chin women needs a more subtle and thorough approach incorporating their lived reality and respecting their cultures and knowledge systems.

## Case Study III

I was invited to a five-day training in Kawkareik Town, Karen State, organized by the Karen Women's Organization (KWO) in the first week of June 2019. On the first day, I asked 30 participants, all of them women from different areas of Kawkareik Township, and most of whom had never taken part in such a discussion before, to define social justice. I also asked them what

[32] The word gender does not exist in Burmese or other minority languages. The words that people commonly use are simply male (*kya*) or female (*ma*).

the local word for social justice was.[33] When exploring these questions, the training participants created a timeline of local events, rather than national-level political events, such as the 1962 coup, 1988 coup, 2007 revolution, 2008 referendum, etc. The timeline of Karen women in the training was simple yet illuminating; it was all about the injustices that they experienced, the sexual assaults, the burning of the villages, the killings of their family members by the Myanmar military. The names they used in their timeline were those of women raped by the Myanmar military or Democratic Karen Buddhist Army[34] (DKBA) soldiers who had not yet received justice. The women said that major political events such as the 1947 Panglong agreement, the 1990, 2010, 2012 and 2015 elections, and the 21st Century Panglong Peace Conference were part of a masculine political timeline that did not relate to them. For these women, major national events so often hailed as great political achievements by Bama people did not symbolize justice or triumph over injustice. Karen women were still denied social justice throughout the years of relative opening in the 2010s.

On the second day of the training, 3 June 2019, a rape case was reported. The victim was a Karen woman who was picking fruit on a durian plantation when a trespassing Myanmar military soldier raped her. The KWO was trying to put the case forward to a civilian court. Every day and night the women involved expressed security concerns, although there was supposedly a ceasefire between the KNLA[35] and the Myanmar military at the time. The Myanmar military was expanding roads into villages in Karen State, and some of the women were afraid that military soldiers would come to their village and rape them at

[33] *Dadidadjan* (တာတီတာကြန်) was the term they used.

[34] The DKBA is a paramilitary group of Buddhist soldiers and officers that split from the predominantly Christian-led Karen National Liberation Army (KNLA) in 1994 and signed a ceasefire with the Myanmar military.

[35] The KNLA is the armed wing of the Karen National Union (KNU), the leading political organization representing Karen people. The KNU was founded in 1947 and aims for a genuine federal union in Myanmar based on equality and self-determination.

night. They were also afraid of being used for politics by men, i.e., being shown off as a token without being able to actively participate (something male KNU leaders were wont to do). Most of the women in the discussion were discriminated against by men in the KNU and elsewhere and lacked education and powerful decision-making positions. Many expressed that they were working for the liberation of the Karen people, yet their contributions were looked down upon and undermined. When we discussed intersectionality and building the feminist movement, they quickly agreed that building an alliance with other marginalized women could collectively launch a movement for social justice.

I learned from this experience that the justice Karen women were demanding was very different from the concept of justice mainstream gender activism advocated in big fancy hotels. Karen women's vision of justice does not include receiving millions of dollars for justice projects or ticking off a feminist bucket list. They were demanding well-deserved social justice and for their lived experiences to be taken into account by current policies, law drafting processes, and in a larger context, to be included in local, regional, and national affairs concerning women.

## Case Study IV

Most of my friends are ethnic Bama from Yangon with opportunities to access all kinds of different information. When we talked about social justice, oppression and discrimination before the coup, my friends felt uncomfortable with the idea of engaging in gender activism. One friend even told me she felt such activities were not impactful and she felt distant from them. This does not mean she did not experience sexual harassment or gender discrimination. Rather, the point is that large-scale mainstream gender activism, with its millions of dollars of expenditure, was failing to bring about change even for urban young people. One friend told me she had no clue why the peace process and women's participation in it was important for Myanmar.

## The Rise of Liberal Feminism

The characteristics of mainstream gender activism include promotion of individual empowerment, freedom of choice and teaching young women and queers to stand up for their rights, spreading slogans such as "my body, my rule" and "women can do it". They reinforce a mantra that strong women can juggle household chores with a professional career, ignoring the fact that not all women have equal access to resources and many experience different forms of oppression. Women in high positions are often portrayed as strong women who can shatter the glass ceiling. However, the privileges and socioeconomic situations that facilitate access to jobs are rarely questioned. Marginalized women do not have many resources because of structural inequalities and systemic oppression. But the focus on individual empowerment is widespread in mainstream gender activism. There is no awareness of class or other difference.

In a media interview, a chairperson of the NLD Central Women's Committee said regarding rigid stereotypes of women in Myanmar:

> (They) are entrenched more deeply in ethnic areas and could be less prevalent in lower Myanmar. Some people simply can't shed such conservative attitudes. But as there are (now) more ethnic political parties, perhaps they'll be able to help get rid of those attitudes.[36]

This reflects a tendency of Burmese-speaking women to try and educate non-Burmese-speaking women and look down on illiterate women and those with low formal education.

---

[36] May Sitt Paing, 2017.

The advocacy for a 30 percent quota[37] in parliament is another form of ignorance about the different layers of oppression and lived experiences of marginalized women. Women capable of joining politics within that 30 percent quota are often women with supportive family backgrounds or those who are already in leadership positions. The underrepresented and marginalized women discussed in this article's case studies will always be left out by a liberal feminism agenda that only creates another layer of oppression and reinforces social hierarchies.

Mainstream gender activism reinforces gender binaries and creates a group of gatekeepers that does not speak for marginalized communities in Myanmar. By deradicalizing the potential feminist movement and the political solidarity of different ethnic women, factory workers and other marginalized communities such as LGBTIQ, this activism blocks radical dialogues and movements from gaining traction in Myanmar. This hinders the building of alliances and political solidarity needed for feminist movements to ultimately dismantle the system of oppression and patriarchy.

## Conclusion: Change During the Military Coup

The lived experiences of marginalized women are not reflected on the policy agendas or consultation processes for drafting laws for women. The intersectional approach, enabling us to understand the different layers of oppression and structural discrimination marginalized women experience, was not utilized by mainstream gender activism from 2011-2021. Instead, this activism often deradicalized the feminist movement and misled the public by portraying feminist movements as risk-free and even fashionable.

It is important for donors and organizations to analyze systems of oppression and the interlocking system of patriarchy before investing millions of dollars in activism that may never

[37] The 30 percent quota for women's participation in parliament and the political process was advocated strongly by organizations like GEN, AGIPP and other international organizations.

benefit disadvantaged women. The feminist movement in Myanmar today does not need additional policies, or injections of millions of dollars, but rather a critical lens to understand the different layers of oppressions and struggles of marginalized women. That lens needs to be not only decolonized but also radical enough to abolish social hierarchies and prevent the rise of religious nationalist movements and militarism.

Since the military coup in February 2021, the fight for gender equality and women's rights has been incorporated into the anti-coup resistance movement, with women reclaiming their position in society. This resistance has been initiated, catalyzed, and advanced by factory workers[38] and striking civil servants joining the Civil Disobedience Movement (CDM). Military rule since the coup has made it impossible for CSOs and NGOs to continue their work and activities, resulting in most organizations changing their approach or focus areas. Many have joined the fight against military rule alongside the factory workers, young student fighters and women fighters across the country.

While the coup pushed the activities of NGOs to the margins, marginalized communities such as factory workers, students, and farmers are now positioning themselves at the core of the anti-coup resistance movement. This resistance takes many forms: the CDM, the Blood Money Campaign,[39] boycotting products produced by military-owned businesses,[40] daily protests on the streets and in the villages, and mobilizing communities against the military regime's repression. The justice for women question has shifted toward a collective struggle against military rule while still reclaiming women's place in society. We can study such directional shifts in women's rights and gender equality movements through new slogans such as "this fight can't be won without women" and "fight sexist misogynistic

[38] Ko Maung, 2021.

[39] Blood Money Campaign is a collective of Myanmar activists campaigning to stop revenues reaching the Myanmar military junta, an alliance of local & international strike committees, CSOs, and unions, led by youths (Blood Money, 2021).

[40] The Boycott List, 2022.

# ဖယ်ကြဉ်ခံထားရသော အမျိုးသမီးများ၏ လက်တွေ့ဘဝဖြတ်သန်းမှုနှင့် ကာလပေါ်ဂျန်ဒါလှုပ်ရှားမှုများအကြား ကွာဟမှုများ (၂၀၁၁-၂၀၂၁)

ရွှန်းလဲ့ဆွေရည်

## အကျဉ်းချုပ်

ဤစာတမ်းသည် အမျိုးသမီးအခွင့်အရေးနှင့် ဂျန်ဒါတန်းတူညီမျှရေးအပေါ် ရေးရှုပြီး ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကာလပေါ် ဂျန်ဒါလှုပ်ရှားမှုများ၏ ဖမ်မနင်ဇင်အပေါ် ရိုက်ခတ်ခဲ့သော အကျိုးသက်ရောက်မှုများကို ရှာဖွေရန် ကြိုးစားအားထုတ်မှုတစ်ခု ဖြစ်သည်။ ဤစာတမ်းသည် ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ကျွန်မ၏ အတွေ့အကြုံအပေါ်အခြေခံ၍ နာဂ အမျိုးသမီးများ၊ ချင်းအမျိုးသမီးများ၊ ကရင်အမျိုးသမီးများနှင့် မြို့ပေါ်နေ ဗမာ အမျိုးသမီးများ၏ အတွေ့အကြုံဆိုင်ရာ လေ့လာမှုများကို အသုံးပြုထားကာ မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် ဂျန်ဒါအုပ်စုများ၏ ရည်မှန်းချက်များ၊ လုပ်ဆောင်ချက်များကို လေ့လာမှုအုပ်စု (၄) ခုဖြင့် တင်ပြထားပါသည်။ “ပိပိတို့ စကားဝိုင်း၊ ဖဲကြိုးဖြူကမ်ပိန်း၊ (၁၆) ရက်တာ တက်ကြွလှုပ်ရှားမှု၊ #မီထူး ကမ်ပိန်း” ကဲ့သို့သော အစီအစဉ်များသည် အမျိုးသမီးများနှင့် သက်ဆိုင်သော အကြောင်းအရာပေါ်တွင် တိုးပွားလာသော အသိပညာဆိုင်ရာ နိုးကြားမှုများ၊ ပူးပေါင်းပါဝင်မှုများကို ညွှန်းဆိုသည့်အရာများအဖြစ် မကြာခဏ ဖော်ပြခြင်းခံ ရသည်။ သို့သော် ဤစာတမ်းတွင် အဆိုပါ လှုပ်ရှားမှုများ သို့မဟုတ် အစီအစဉ်များမှာ အထက်တွင်ဖော်ပြခဲ့သော အုပ်စု (၄) စု၏ ရုန်းကန်မှုများကို ကိုယ်စားပြုခြင်းမရှိဘဲ ၎င်းတို့သည် ထိုအမျိုးသမီးများနှင့် ဂျန်ဒါအုပ်စုများ တွေ့ကြုံခဲ့ရသော မတူညီကွဲပြားသည့် ဖိနှိပ်မှုပုံစံများကို မျှော်လင့်ထားခဲ့ကြသည့်အတိုင်း ဖယ်ရှားနိုင်ခဲ့ခြင်း အလျဉ်းမရှိကြောင်းကို အဆိုတင်သွင်းသွားမည် ဖြစ်သည်။ ဤကာလပေါ်ဂျန်ဒါလှုပ်ရှားမှုများ သို့မဟုတ် အစီအစဉ်များသည် အဓမ္မကျင့်မှု ဖြစ်စဉ်များစွာတွင် တွေ့ရစမြဲ ဖြစ်သည့် ကာလကြာတည်တံ့နေသော မတရားမှု၏ အရင်းအမြစ်ဖြစ်သော

ဖိုပဓာနဝါဒကိုလည်း မီးမောင်းထိုးပြသနိုင်ခဲ့ခြင်း မရှိပေ။ ၎င်းတို့သည် ဘာသာစကား တစ်မျိုးတည်းကိုသာ အသုံးပြုပြီး ဗမာစကားပြောသော အုပ်စုများကို ဦးတည်ချက်ထားခြင်းဖြင့် ဗမာစကား မပြောသော ပတ်ဝန်းကျင်များနှင့် ထိရောက်စွာ ဆက်သွယ်နားလည်စေနိုင်ခဲ့ခြင်းလည်း မရှိပေ။ ၎င်းတို့သည် ရန်ပုံငွေရှာရာ၌လည်း ရာထူးဂုဏ်သိမ်အဆင့်ဆင့်ဖြင့်သွားသော ဖွဲ့စည်းပုံများကို အကျိုးပြုပြီး လူနည်းစုနှင့် အဖယ်ကြဉ်ခံအုပ်စုများ၏ အမျိုးသမီး အခွင့်အရေးများကို အထောက်အကူပြုရန် ပျက်ကွက်ရုံမျှမက အဆိုပါ အဖယ်ကြဉ်ခံအုပ်စုများ တွေ့ကြုံခဲ့ရသည့် အမျိုးမျိုးသော ရန်းကန်လှုပ်ရှားမှုများကို လျှော့တွက်ရာလည်း ရောက်သည်။ အဆိုပါ နာမည်ကြီးသော လှုပ်ရှားမှုများနှင့် အစီအစဉ်များသည် အမျိုးသမီးအားလုံးကို လွတ်မြောက်စေသည့် ဖမ်မနင်ဇင်၏ တိုးတက်မှုကို နှောင့်နှေးစေခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုသည် ဖိုဝါဒီကြီးစိုးခြင်းနှင့် အဖယ်ကြဉ်ခံ အမျိုးသမီးများကို လျစ်လျူခြင်း အပါအဝင် ဖိနှိပ်မှုယန္တရား အားလုံးကို ဖျက်သိမ်းဆန့်ကျင်ရေးတွင် အမျိုးသမီးထုဦးဆောင်သော တော်လှန်ရေးလှုပ်ရှားမှုကို ဦးတည်စေခဲ့သည်။

## နိဒါန်း

ဤစာတမ်းသည် မြို့ပြနေ အမျိုးသမီးများနှင့် ဂျန်ဒါအဖွဲ့အစည်းများအနေဖြင့် တောင်ပေါ် ကျေးလက်ဒေသနေ ဖယ်ကြဉ်ခံအမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပျက်ကွက်ခဲ့မှုများကို ဖော်ပြထားသည်။ ဤစာတမ်းသည် ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် နာဂဒေသ[1] သို့ ခရီးထွက်စဉ်က ကြုံတွေ့ခဲ့ရသော ဖမ်မနင်ဇင်လှုပ်ရှားမှု ကိုယ်တွေ့ အတွေ့အကြုံများအပေါ် အခြေခံထားခြင်းဖြစ်သည်။ ကျွန်မသည် မြန်မာနိုင်ငံ ၏ လူမျိုးပေါင်းစုံရှိပြီး များစွာသော အန်ဂျီအိုအစီအစဉ်များနှင့် ပါလီမန် နိုင်ငံရေးတို့ လှုပ်လှုပ်ရှားရှားဖြစ်နေသည့် ရန်ကုန်ကဲ့သို့သော မြို့ပြတွင် အခြေစိုက်သည့် အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူ တစ်ဦးအနေ

[1] နာဂဒေသသည် မြန်မာနိုင်ငံ အနောက်မြောက်ဘက်နှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်ရှိ နယ်မြေများတွင် တည်ရှိသည်။ မြန်မာနိုင်ငံဘက်ရှိ နာဂဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်သတ်မှတ်ထားပြီး ပြည်နယ်အစိုးရက အုပ်ချုပ်သည်။

ဖြင့် ဒေသတွင်းမှဖြစ်စေ၊ နိုင်ငံတကာမှဖြစ်စေ မတူညီသော အဖွဲ့အစည်းများမှ ကာလပေါ်ဂျန်ဒါတက်ကြွလှုပ်ရှားမှုများအကြောင်း ပြောသောအခါ တစ်ခုခု လစ်လပ်နေသည်ဟု ခံစားခဲ့ရသည်။

မြန်မာနိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် တံခါးပိတ်နိုင်ငံအဖြစ်မှ ပြန်လည် ပွင့်လင်းလာပြီး ၂၀၁၂ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်နိုင်ငံရေးထဲ ဝင်ရောက်လာမှုနှင့် အတူ အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေသက်ဝင်သော နိုင်ငံရေးအခင်းအကျင်း၌ ပါဝင်ရန် အကြောင်းဖန်လာခဲ့ သည်။ ဤသို့ဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် လူထုအခြေပြု လှုပ်ရှားမှုများအပေါ်တွင် အမှီပြုခြင်းထက် ဥပဒေပြုသူများနှင့် လွှတ်တော် ကိုယ်စားလှယ်များကို စည်းရုံးသိမ်းသွင်းခြင်းဖြင့် ၎င်းတို့ကို ဦးတည်သော လှုပ်ရှားမှုများကို ပိုမိုအလေးပေးလာကြသည်။ "ဂူဂဲလ်" အင်တာနက် စာမျက်နှာတွင် "ဂျန်ဒါ" ဟူသော စကားလုံးကို စာရိုက်ရှာကြည့်သောအခါ ငြိမ်းချမ်းရေးအတွက် ကျား၊ မ တန်းတူရေး မဟာမိတ်အဖွဲ့၊[2] မြန်မာနိုင်ငံ အမျိုးသမီးအဖွဲ့များကွန်ရက်[3] နှင့် ကျား၊ မ တန်းတူညီမျှခြင်းကွန်ရက် မြန်မာ တို့သည်[4] ထိပ်ဆုံးသုံးခုစာရင်းတွင် ပေါ်လာသည်။ သို့သော်လည်း အံ့သြဖွယ်ရာ ကောင်းသည်မှာ ၁၉၉၉ ခုနှစ်တွင် ပြည်ပ၌ ဖွဲ့စည်းခဲ့သည့် အမျိုးသမီးများ

[2] ကျား–မတန်းတူရေးမဟာမိတ်အဖွဲ့သည် အမျိုးသမီးအခွင့်အရေးနှင့် ဂျန်ဒါကိစ္စများ ကိုပါ လုပ်ဆောင်နေသော နိုင်ငံအဆင့် အဖွဲ့အစည်းများနှင့် ကွန်ရက်များကို စုဖွဲ့ထား သော လူမှုအဖွဲ့အစည်းမဟာမိတ်အဖွဲ့တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို လုပ်ဆောင်နေသော အဖွဲ့များလည်း ပါဝင်သည်။

[3] မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့များကွန်ရက်သည် အဖွဲ့အစည်း (၃၀) ဖြင့် စုဖွဲ့ထားသော ကွန်ရက်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအနှံ့ရှိ အမျိုးသမီးနှင့် အမျိုးသားများ၏ ကောင်းကျိုး သုခအတွက် ပါဝင်ဆောင်ရွက်နေသော အမျိုးသမီးကွန်မြူနတီအဖွဲ့များကို ပံ့ပိုးရန် အတွက် တည်ထောင်ထားခြင်းဖြစ်သည်။

[4] ကျား၊ မ တန်းတူညီမျှခြင်းမြန်မာသည် အရပ်ဘက်အဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ အန်ဂျီအို (၁၀၀) ကျော်ပါဝင်သော စုံလင်ကွဲပြားပြီး လူတန်းစားအားလုံးခြုံငုံသည့် ကွန်ရက်တစ်ခုဖြစ်ပြီး အမျိုးသမီး အခွင့်အရေးများကို ဖြည့်ဆည်းပေးရန်အတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းဖြစ်သည်။

အဖွဲ့ချုပ် (မြန်မာနိုင်ငံ)[5] သည် ၎င်း၏ အဖွဲ့ဝင်ဖြစ်သော အဖွဲ့အစည်း (၁၃) ခု နှင့်အတူ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် လူမှုတရားမျှတမှုတို့အတွက် ကာလ ကြာရှည်သော လုပ်ဆောင်ချက်များ ရှိခဲ့သော်လည်း ဂူဂဲလ်၏ ရှာဖွေမှုစာရင်း ထိပ်ဆုံးစာမျက်နှာတွင် ပါဝင်လာခဲ့ခြင်းမရှိပေ။

ထို့ပြင် သတိပြုဖွယ်ဖြစ်နေသည်မှာ အထက်တွင်ဖော်ပြခဲ့သော အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများသာမက အန်ဂျီအိုဂျန်ဒါအုပ်စု၊[6] ဂျန်ဒါ နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အင်စတီကျူ၊[7] နှင့် သင်္ဂဟဂျန်ဒါ မြန်မာ[8] ကဲ့သို့သော ဂျန်ဒါ ပိုင်းဆိုင်ရာ လှုပ်ရှားမှုများတွင် ဆယ်စုနှစ်ကြာ ပါဝင်နေသည့် ဂျန်ဒါဆိုင်ရာ အဖွဲ့အစည်းများ ရှိနေခြင်းပင်ဖြစ်သည်။ ၎င်းအဖွဲ့အစည်းများသည် အမျိုးသမီး ခေါင်းဆောင်မှု သင်တန်း၊ အမျိုးသားများ ဂျန်ဒါတန်းတူညီရေးကိစ္စတွင် ပါဝင် လာရေးအစီအစဉ်များ၊ အစိုးရအဖွဲ့အစည်းများတွင်ရှိသော ဂျန်ဒါခေတ်ရေစီး

---

[5] အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ကြိုးပမ်း မှုတွင် အမျိုးသမီးများ ပါဝင်မှုကို တိုးမြှင့်ရန်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေး လုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်မှုကို မြှင့်တင်ရန်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်တွင် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ် သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် အန်အယ်ဒီ အနိုင်ရပြီး ၂၀၁၆ တွင် အစိုးရဖွဲ့ပြီးနောက် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကဲ့သို့သော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အာရုံစိုက်သည့် ပြည်ပရောက် တက်ကြွလှုပ်ရှားသူများ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာပြီး ပြည်တွင်း၌ ၎င်းတို့၏ လုပ်ငန်းများကို ချဲ့ထွင်ခဲ့သည်။

[6] အန်ဂျီအိုဂျန်ဒါအုပ်စုသည် ကျားမတန်းတူညီမျှရေးနှင့် ပေါ်လစီအသိပညာဖြန့်ဝေ ရေးတို့ကို ဦးတည်ဆောင်ရွက်သော အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကျား၊ မ တန်းတူညီမျှခြင်းကွန်ရက် မြန်မာနိုင်ငံ၏ အဖွဲ့ဝင်လည်း ဖြစ်သည်။

[7] ဂျန်ဒါနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အင်စတီကျူသည် "မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စု အားလုံးမှ အမျိုးသမီးနှင့် အမျိုးသားများသည် ခွဲခြားဆက်ဆံခံရခြင်းနှင့် အကြမ်းဖက်မှု များမှ ကင်းဝေးပြီး တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့၏ အသီး အပွင့်များကို တန်းတူစွာ အကျိုးခံစားကြရမည်" ဟူသော ဦးတည်ချက်ဖြင့် ၂၀၁၀ ခုနှစ် တွင် ဖွဲ့စည်းခဲ့သော အစိုးရမဟုတ်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည်။

[8] သင်္ဂဟဂျန်ဒါမြန်မာသည် ၂၀၀၃ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့ပြီး ဂျန်ဒါပိုင်းဆိုင်ရာ လုပ်ဆောင်သည့် အဖွဲ့ငယ်လေးတစ်ခုအဖြစ် ကြာရှည်စွာ ရပ်တည်ပြီးနောက်တွင် ဂျန်ဒါပိုင်းဆိုင်ရာကို အဓိကထား လုပ်ဆောင်သော အဖွဲ့အစည်းတစ်ခုအဖြစ် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခု ဖြစ်သည်။

ကြောင်း၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများအကြောင်း ဆွေးနွေးသည့် စကားဝိုင်းများ စသည့် ဂျန်ဒါပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း ပရိုဂရမ်များစွာကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ ဤလှုပ်ရှားမှုအများစုတွင် အမျိုးသမီးအခွင့်အရေးဆိုင်ရာ သင်တန်းများ၊ ဆီဒေါနှင့် ကုလသမဂ္ဂ၏ ယန္တရားများကို မိတ်ဆက်ခြင်းများ၊ အမျိုးသမီးစွမ်းဆောင်မှုမြှင့်တင်ရေး သင်တန်းများ၊ အမျိုးသမီးခေါင်းဆောင်မှုသင်တန်းများ ပါဝင်သည်။ ၎င်းတို့၏ လူထုအခြေပြု ကမ်ပိန်းများတွင် ပြည်သူလူထုကို အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုဆန့်ကျင်ရေးများ၊ ဂျန်ဒါပုံသေကားကျ သတ်မှတ်ခြင်းများကို ပညာပေးခြင်း ကဲ့သို့သော လှုပ်ရှားမှုအမျိုးမျိုး ပါဝင်သည်။ ညီမျှခြင်းမြန်မာ၊ capacity building initiative၊ ပေါင်းကူး၊ ဖန်တီးအိမ် စသည့် အခြားသော လူမှုအဖွဲ့အစည်းများသည် ဂျန်ဒါအား ၎င်းတို့၏ ပရိုဂရမ်များဖြစ်သည့် သဘာဝအရင်းအမြစ်များကို အုပ်ချုပ်မှု၊ မြေယာပြုပြင်ပြောင်းလဲရေး၊ ဖက်ဒရယ်စနစ် ဒီမိုကရေစီကျင့်သုံးခြင်းနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ကြားညှပ်ကိစ္စရပ်တစ်ခုအဖြစ် အသုံးပြုကြသည်။ ယခုစာတမ်းအတွက် လေ့လာမှု ပြုနေစဉ်ကာလအတွင်းတွင် ၎င်းအဖွဲ့အစည်းများသည် နိုင်ငံတစ်ဝန်း ဂျန်ဒါပရောဂျက်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြသော်လည်း ချန်ထားခြင်း ခံရသော လူအုပ်စုတစ်စု အထူးသဖြင့် ဖယ်ကြဉ်ခံအမျိုးသမီးများသည် ထိုပရောဂျက်များမှ အကျိုးကျေးဇူးများကို မခံစားခဲ့ရပေ။

## အမျိုးသမီးနှင့် ဂျန်ဒါအရေးဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ

ဤစာတမ်းအတွက် လေ့လာရေးပြုလုပ်နေချိန်တွင် ဂျန်ဒါအရေး ဆောင်ရွက်သည့် အဖွဲ့အစည်းများစွာ၏ လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည့် အချို့သော နာမည်ကြီး လှုပ်ရှားမှုများမှာ အမျိုးသမီးများအား အကြမ်းဖက်မှုကို ရပ်တန့်ရန်အတွက် (၁၆) ရက်တာလှုပ်ရှားမှု၊[9] အကူအညီအတွက် ခရာမှုတ်ခြင်း

[9] အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအားအကြမ်းဖက်မှုကို ပထုတ်ရေးနေ့။

ကမ်ပိန်း၊[10] ပိပိတို့ စကားဝိုင်း၊[11] အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားများ၊[12] သူမကို လေးစားပါ ကမ်ပိန်း၊[13] အမျိုးသမီးများသည်လည်း ဘုန်းရှိသည် ကမ်ပိန်း[14] တို့အပါအဝင် အခြားလှုပ်ရှားမှုများစွာလည်း ရှိသေးသည်။ အဆိုပါ လှုပ်ရှားမှုများသာမက မြန်မာနိုင်ငံတွင် ဂျန်ဒါတန်းတူညီမျှရေးကို တိုးမြှင့်ရန်အတွက် မတူညီသော အကြံပြုချက်များပေးသည့် စာတမ်းနှင့် အစီရင်ခံစာများစွာကို ပုံနှိပ်ထုတ်ဝေခဲ့ကြသော်လည်း ထိုလုပ်ဆောင်ချက်များသည် သီအိုရီဆန်လွန်းပြီး လက်တွေ့လိုအပ်ချက်များနှင့် ဝေးကွာခဲ့သည်။ ထိုလုပ်ဆောင်ချက်များထဲတွင် 'မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဂျန်ဒါပါဝင်မှုကို တည့်မတ်ပေးသော နိုင်ငံတကာစံချိန်စံနှုန်းများ'၊[15] 'မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ဘတ်ဂျက်အတွက် ဦးစားပေးကိစ္စရပ်များ'၊[16] 'ဂျန်ဒါတန်းတူညီမျှရေးကို တိုးမြှင့်ရန်အတွက် ချမှတ်ထားသော မဟာဗျူဟာများ'[17] စသဖြင့်

---

[10] အခရာအဖွဲ့မှ လမ်းပေါ်၌ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများကို ရပ်တန့်ရန် လှုပ်ရှားမှု (Linton, 2016)။

[11] အိမ်ဖ်အန်စလာ၏ နာမည်ကျော်ကြားသော ပြဇာတ်တစ်ခုကို ရန်ကုန်မြို့တွင် ၂၀၁၈ ခုနှစ် မတ်လ၌ မြန်မာနှင့် နိုင်ငံတကာမှ သရုပ်ဖော်တင်ဆက်သူများက စတင်တင်ဆက်ခဲ့ပြီး နောက်ပိုင်းတွင်လည်း ဆက်လက် တင်ဆက်ခဲ့သည်။

[12] အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့ အခမ်းအနားများသည် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် လူမှုဖူလုံရေးဌာန ကဲ့သို့သော မြန်မာနိုင်ငံအစိုးရအဖွဲ့တို့မှ နှစ်စဉ်ပုံမှန်ကျင်းပလေ့ရှိသော အခမ်းအနားတစ်ခုဖြစ်သည်။

[13] ဤကမ်ပိန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာအနုပညာလူမှုပရောဂျက်မှ များစွာသော လူပုဂ္ဂိုလ်များနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့၏ အကူအညီဖြင့် စတင်ခဲ့သည်။

[14] #အမျိုးသမီးများသည်လည်းဘုန်းရှိသည် ကမ်ပိန်းသည် လူမှုမီဒီယာကမ်ပိန်းတစ်ခုဖြစ်ပြီး အေးသီရိကျော်၊ နန္ဒာ၊ ဒေါက်တာဖြိုးသီဟ၊ ပြုံးသက်သက်ကျော်နှင့် ဒေါက်တာသက်စုထွေးတို့မှ လေးစားမှုနှင့် တန်းတူညီမျှမှုကို တိုးမြှင့်လိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်။ (#အမျိုးသမီးများသည်လည်းဘုန်းရှိသည်၊ ၂၀၁၉ ခုနှစ်)။

[15] မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သော ဂျန်ဒါပိုင်းဆိုင်ရာ နိုင်ငံတကာစံချိန်စံနှုန်းများ၊ ကျား–မတန်းတူရေးမဟာမိတ်အဖွဲ့(အေဂျီအိုင်ပီပီ) မူဝါဒကြေညာစာတမ်း၊ ၂၀၁၇ ခုနှစ်။

[16] Pramer et al., 2018.

[17] သံလွင်အသက်မွေးမှုသင်တန်းကျောင်း၊ ၂၀၁၈ ခုနှစ်။

ခေါင်းစဉ်အမျိုးမျိုးဖြင့် အားထုတ်မှုများ ပါဝင်ပြီး ထိုအရာများကို ဂျန်ဒါအရေး လှုပ်ရှားသည့် အန်ဂျီအိုများက ကျယ်ကျယ်ပြန့်ပြန့် ကိုးကားကြသည်။ ၎င်းသည် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်သား အစိုးရမှ မူဝါဒချမှတ်သူများ ပါရှိသော အဖွဲ့အစည်းများ၏ ပိုမိုကျယ်ပြန့်သော မူဝါဒရေးရာ စည်းရုံးရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ အဆိုပါ လုပ်ဆောင်ချက်များသည် နိုင်ငံရေးနှင့် အများပြည်သူဆိုင်ရာ ကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်နိုင်ရေးအတွက် လမ်းညွှန်ချက်များကို ထုတ်လုပ်ရေးဆွဲ ရေးအတွက် ရည်ရွယ်သည်။[18] အဆိုပါ လှုပ်ရှားမှုများသည် ဥပဒေကဏ္ဍ ပြုပြင် ပြောင်းလဲရေးအတွက် ဥပဒေရေးဆွဲသူများအား ဦးတည်ရုံ မျှမက ပြည်သူလူထု ကိုလည်း အများပြည်သူဆိုင်ရာ လှုပ်ရှားမှုများဖြင့် အသိပညာပေးရန် ကြိုးစား ခဲ့ခြင်း ဖြစ်သည်။ "#ပြောင်းလဲရန် ရဲရင့်ပါ၊ #တန်းတူရေးအတွက် ကတိသစ္စာ၊ #တန်းတူညီမျှရေးအတွက် လူတစ်ဦးချင်းစီ" စသည့် ကုလသမဂ္ဂအမျိုးသမီး အဖွဲ့၏ နှစ်စဉ်သတ်မှတ်ပေးသည့် ကြွေးကြော်သံများဖြင့် ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကမ်ပိန်းသည် အမျိုးသမီးများအား ထိပါးနှောင့်ယှက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကိစ္စရပ်များအပေါ် ဇဟိုထားကျင်းပကြသည်။ ဤလှုပ်ရှားမှုများကို ကာလပေါ် ဂျန်ဒါတက်ကြွ လှုပ်ရှားမှုအောက်တွင် ထည့်သွင်းနိုင်သည်။ အကြောင်းမှာ တည်ရှိနေပြီးသော စနစ်တစ်ခုအတွင်းမှ တရားဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရန် ကြိုးပမ်းခြင်းသည် ဆန်းစစ်ဝေဖန်နိုင်စွမ်းသော လူထုဖမ်မနစ် လှုပ်ရှားမှုအရွေ့ဖြင့် စနစ်တစ်ခုလုံးကို ဖြိုဖျက်ရန်စိန်ခေါ်ခြင်းထက် ပို၍ လွယ်ကူသောကြောင့် ဖြစ်သည်။

---

[18] ယင်းလုပ်ဆောင်ချက်၏ ရလဒ်တစ်ခုမှာ GEN မှပံ့ပိုးပေးသော အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ရေးဆွဲခြင်းဖြစ်သည်။ အဆိုပါ ဆယ်နှစ်တာစီမံကိန်းသည် အမျိုးသမီးများ၏ အခြေ အနေများအား နယ်ပယ် (၁၀) ခုတွင် ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။ အဆိုပါ နယ်ပယ် (၁၀) ခုမှာ အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီး များအပေါ် အကြမ်းဖက်မှု၊ အရေးပေါ်အခြေအနေများ၊ စီးပွားရေး၊ ဆုံးဖြတ်ချက် ချမှတ် ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ၊ လူ့အခွင့်အရေး၊ မီဒီယာ၊ သဘာဝ ပတ်ဝန်းကျင်နှင့် မိန်းကလေးငယ်များ တို့ဖြစ်ကြသည် (၂၀၁၃)။

ထိုကဲ့သို့ မြန်မာ့ဂျန်ဒါလှုပ်ရှားမှု၏ ဦးတည်ရာ မတည်ငြိမ်နေခြင်းမှာ ရန်ပုံငွေ ကူညီထောက်ပံ့ပေးနေသည့် အဖွဲ့အစည်းများအပေါ်၌လည်း တစ်စိတ်တစ်ပိုင်း မူတည်နေသည်။ ဤငွေကြေးပိုင်းဆိုင်ရာ ပံ့ပိုးပေးသော အဖွဲ့အစည်းများတွင် ကနေဒါအစိုးရ၊[19] ဩစ်ကြေးပိုင်းဆိုင်ရာ ပံ့ပိုးပေးသော အဖွဲ့အစည်းများတွင် ကနေဒါအစိုးရ၊ ဂျိုင့်ပိစ်ဖန်၊[20] အမေရိကန်သံရုံး၊ အင်္ဂလန်သံရုံး၊ ပြင်သစ်သံရုံးနှင့် ဥရောပသမဂ္ဂတို့ ပါဝင်ပါသည်။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃–၂၀၂၂) ကို ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပြီးနောက် ရန်ပုံငွေ ထောက်ပံ့ပေးနေသော အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်ရေး အပါအဝင် အမျိုးသမီး အခွင့်အရေးကိစ္စများတွင် ပံ့ပိုးပေးရန် ဆုံးဖြတ်ခဲ့ကြပုံရသည်။ ၂၀၁၀ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်ကြားတွင် အမျိုးသမီးအခွင့်အရေးနှင့် ဂျန်ဒါတန်းတူရေး အကြောင်းကိစ္စများသည် ငွေကြေးပံ့ပိုးသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအေဂျင်စီများမှ ပြုလုပ်သော ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၏ အစိတ်အပိုင်းများ ဖြစ်လာသည်။ ဤအကြောင်းကိစ္စများသည် မြန်မာစစ်တပ်မှ အမျိုးသမီးများအပေါ် ပြစ်မှုကျူးလွန်ခြင်းအတွက် တာဝန်ရှိသည်ဟူသော ဖယ်ကြဉ်ခံအုပ်စုများ၏ ဦးစားပေးသတ်မှတ်ချက်များထက် ပို၍ အာရုံစိုက်မှု ရရှိခဲ့သည်။ ကျွန်မသွားရောက်ခဲ့သော ကရင်၊ ကချင်၊ ရှမ်းနှင့် နာဂဒေသတို့မှ ဖယ်ကြဉ်ခံအမျိုးသမီးများတွင် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အကျိုးသက်ရောက်မှုနှင့် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုဟု ခေါင်းစဉ်တပ်သော လုပ်ငန်းများနှင့် ပတ်သက်၍ ခံပြင်းစရာကိစ္စများအကြောင်းကို ပြောပြခဲ့ကြသည်။ ထိုကမ်ပိန်းများနှင့် ပညာပေးလုပ်ငန်းစဉ်များသည် အဆင့်အတန်းခွဲခြားမှု ဖန်တီးသလို ဖြစ်နေတတ်သည်။ ဥပမာအားဖြင့် ဝင်ငွေကောင်းသော မြို့နေ ပညာတတ် ဗုဒ္ဓဘာသာဝင် ဗမာလူတန်းစားများသည် ထိပ်ဆုံးအလွှာတွင် ရှိနေတတ်

---

[19] မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး Karen MacArthur က မြန်မာနိုင်ငံရှိ အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်း များကို ကနေဒီးယမ်းဒေါ်လာ (၅) သန်း ထောက်ပံ့ပေးမည့်အကြောင်း ၂၀၁၉ ခုနှစ်၊ မတ်လ (၉) ရက်နေ့တွင် ကြေညာခဲ့သည်။

[20] ဂျိုင့်ပိစ်ဖန်မှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်မှု အားကောင်း စေရန် ဒေါ်လာသန်းပေါင်းများစွာ အသုံးပြုမည်ဟု ပြောကြားခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်တွင် ထောက်ပံ့ပေးမှုများ ရပ်ဆိုင်းခဲ့သည်။

ကိုယ့်သဘော၊ #အမျိုးသမီးများသည်လည်းစွမ်းဆောင်နိုင်သည်၊ #သူမလည်း လုပ်နိုင်စွမ်းရှိသည်" စသော ဆောင်ပုဒ်များ၊ ပိုစတာများနှင့် ပညာပေးရေး လုပ်ငန်းစဉ်များသည် အမှီအခိုကင်းစွာရပ်တည်ရေးနှင့် နေမှုပုံစံဖမ်မနင်ဇင် တို့ကို အားပေးခြင်းဖြစ်သည်။ ထိုသတင်းစကားများသည် ဖိနှိပ်ခံဂျန်ဒါများ အတွက် နိုင်ငံရေးခိုင်မာမှု တည်ဆောက်ပေးရေးနှင့် ဖိုပဓာနဝါဒဆိုင်ရာ တန်ဖိုး နှင့် အာဏာတို့ကြောင့် ဖြစ်လာသော မမျှတသည့် စနစ်များကို ပြောင်းလဲရေး ကိစ္စတို့ကို လုပ်ဆောင်ရန် အလေးမထားခဲ့ပေ။

အဆိုပါကမ်ပိန်းနှင့် ပညာပေးရေးလုပ်ငန်းစဉ်များသည် ဖိုပဓာနဝါဒကို အမှန်တကယ် စိန်ခေါ်ရာ မရောက်ပေ။ ထိုအစား အဆိုပါ လုပ်ဆောင်ချက် များသည် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဟူသော သဘောတရားကို သာ တွန်းအားပေးရာ ရောက်သည်။ 'သင်္ဂဟဂျန်ဒါမြန်မာ' ကဲ့သို့သော အဖွဲ့အစည်းသည် အပြုသဘောဆန်သော ဖိုသဘာဝအတွေးအခေါ်ကို[22] ၎င်း တို့၏ အလုပ်ရုံဆွေးနွေးပွဲများနှင့် ကမ်ပိန်းများတွင် အစဉ်တစိုက် ပြောဆို လုပ်ဆောင်ခဲ့သည်။ ထိုကဲ့သို့သော ကမ်ပိန်းများသည် အမျိုးသားများအား ဂျန်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေး ကိစ္စများတွင် ပါဝင်လာစေ ရန် တွန်းအားပေးခြင်း ဖြစ်သော်လည်း အမျိုးသမီးများအပေါ် "နှမချင်းစာနာမှု အသွင်ဖြင့် ဂျန်ဒါခွဲခြားဆက်ဆံမှုပုံစံ" ဘက်သို့ ပို၍ဦးတည်စေသည်။ အကြောင်းမှာ အမျိုးသမီးအခွင့်အရေးများ ကာကွယ်ခြင်းနှင့် အာမခံချက်ပေး ခြင်းကိစ္စများတွင် အမျိုးသားများအား အခရာကျသည့်နေရာတွင် ထားရှိခြင်း ကြောင့် ဖြစ်သည်။[23] ဂျန်ဒါဆိုင်ရာကို အဓိကလုပ်ဆောင်သော အခြား အဖွဲ့ အစည်းများစွာတို့ကလည်း "အမျိုးသမီးများသည်လည်း စွမ်းဆောင်နိုင်သည်" ဟူသော သဘောတရားဖြင့် အမျိုးသမီးများသည်လည်း အလုပ်ပို၍ ကြိုးစား လျှင် နိုင်ငံရေး၊ စီးပွားရေးနှင့် ဘာသာရေးကဏ္ဍများ၏ ခေါင်းဆောင်မှု နေရာသို့ ရောက်လာနိုင်လိမ့်မည်ဟု ဆိုရာရောက်သည်။ သို့သော်လည်း အဆိုပါ သဘော တရားသည် အမျိုးသမီး အချို့သာ ခေါင်းဆောင်နေရာများသို့ ရောက်ရှိနိုင် သည့် အကြောင်းနှင့် အခိုင်အမာ တည်ရှိနေပြီးဖြစ်သော မမျှတမှု အကြောင်း တရားတို့ကို လျစ်လျူရှုထားသည်။ ၎င်းတို့သည် စက်ရုံအလုပ်သမများ၊ ကျေးလက်နှင့် ပဋိပက္ခဖြစ်ပွားရာဒေသများမှ ဖယ်ကြဉ်ခံဂျန်ဒါအုပ်စုများ၊ ဗမာ

[22] သင်္ဂဟဂျန်ဒါမြန်မာ၊ ၂၀၁၉။

[23] Mastari et al., 2019.

မဟုတ်သော လူမျိုးစုများ စသည့် မတူညီသော လူမှုအလွှာပေါင်းစုံမှ အမျိုးသမီးများ၏ ကွဲပြားသောအတွေ့အကြုံများကိုလည်း အာရုံစိုက် ထည့်သွင်းခဲ့ခြင်း မရှိပေ။ လူတန်းစားအလွှာများ၊ လူမျိုးစုများ၊ ဘာသာများ၊ နေထိုင်ရာဒေသများ၊ မိမိတစ်ဦးတည်းသာ တတ်နိုင်စွမ်းရှိသည် ဟူသော စိတ်သဘောထား ထားရှိခြင်း၊ သတင်းအချက်အလက် သို့မဟုတ် အသိပညာ ဗဟုသုတ ရရှိမှုများအပေါ် နားလည်နိုင်စွမ်း ချို့ယွင်းခြင်း စသည့် ဤကမ်ပိန်း များ၏ ကိုယ်တိုင်ဝင်ရောက် သုံးသပ်ဝေဖန်နိုင်စွမ်းအားနည်းမှုသည် ဖိနှိပ်ခံ အလွှာများအတွက် ဖွဲ့စည်းပုံဆိုင်ရာ မညီမျှမှု၏ ဇာစ်မြစ်အကြောင်းတရား များကို ဖြေရှင်းရာတွင် အဓိကကျသည့် အတားအဆီးဖြစ်နေသည်။

## လုပ်ဆောင်ချက်များအား ဆန်းစစ်ဝေဖန်ခြင်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဤစာတမ်းလေ့လာမှုပြုလုပ်နေစဉ်အတွင်း ပြုလုပ်ခဲ့သော ဂျန်ဒါကမ်ပိန်းနှင့် လုပ်ဆောင်ချက်များသည် ကမ်ပိန်းပြုလုပ်သူ များ၏ ကိုယ်ပိုင်နေရာရယူထားမှုနှင့် အခွင့်ထူးများကို သုံးသပ်ရန် အားနည်း ခြင်းနှင့် ၎င်းတို့၏ မြို့ပြသြဇာခံ မြို့များရှိ စက်ရုံများမှစတင်၍ တောင်ပေါ် ကုန်းမြင့်ဒေသမှ ဒေသခံအသိုင်းအဝိုင်းများ၏ မတူညီကွဲပြားလျက်ရှိကြသော ရှန်းကန်လှုပ်ရှားမှုများအပေါ် နားလည်မှုကို ချဲ့ထွင်ရန် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ချဉ်းကပ်မှု အားနည်းခြင်းတို့ကြောင့် လိုအပ်ချက်အချို့ ရှိနေသည်။ စက်ရုံ အလုပ်သမားများသည် လုပ်ခလစာနည်းမှု၊ လေကောင်းလေသန့် မရသည့် နေရာများတွင် အလုပ်လုပ်နေရခြင်းကဲ့သို့ အလုပ်နေရာများ ပြဿနာများ၊ နေ့လယ်စာစားချိန်ကို အဆမတန် ကန့်သတ်ထားခြင်း၊ ရေအိမ်အသုံးပြုချိန်က အစ ကန့်သတ်ထားခြင်း၊ သန့်ရှင်းသော ရေကို သောက်သုံးခွင့် မရခြင်း စသည့် ခေါင်းပုံဖြတ်ခံရသည့် အခြေအနေများနှင့် ရင်ဆိုင်နေကြရသည်။ ထိုကိစ္စမှာ ကမ္ဘာလုံးဆိုင်ရာ အရင်းရှင်ဝါဒနှင့် ထိုဝါဒ၏ သက်ရောက်မှုများနှင့် တိုက်ရိုက် ချိတ်ဆက်နေသည်။ တစ်ဖက်တွင် ဗမာမဟုတ်သော တောင်ပေါ်နေ လူ့အဖွဲ့ အစည်းများသည်လည်း သတ္တုတူးဖော်ခြင်းနှင့် သစ်ထုတ်လုပ်ငန်းကဲ့သို့သော ထုတ်လုပ်ရေးပိုင်းဆိုင်ရာ စက်မှုလုပ်ငန်းများနှင့် မပြီးဆုံးနိုင်သော (အငြင်းပွား ဖွယ်) ပြည်တွင်းစစ်များကြားတွင် နေထိုင်နေကြရသည်။ ထို့အပြင် ဗမာအပါ

အဝင် လူမျိုးကြီးများ၏ စာစကားနှင့် ယဉ်ကျေးမှုများကို လက်ခံရန်လည်း ဖိအားပေးခံရပြန်သေးသည်။

ဂျန်ဒါအရေး တက်ကြွလှုပ်ရှားသူများနှင့် စည်းရုံးလှုံ့ဆော်သူများသည် အရင်းရှင်စနစ်၏ ဖိနှိပ်ခံမှုကို ခံရသော လူများစု၏ လိုအပ်ချက်များထက် အရင်းရှင်စနစ်၏ အသုံးချခံဖြစ်သော ခေါင်းဆောင်မှုရာထူးများ ရှိသည့် အခွင့်ထူးခံ လူနည်းစု၏ လိုအပ်ချက်များကို ဦးစားပေးလုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံ၏ အားလုံးပါဝင်ပြီး တရားမျှတမှုရှိသော လူမှုအသိုင်းအဝိုင်းတစ်ခုကို ဖော်ဆောင်နိုင်ရေးတွင် ချန်လှပ်ခံရသော ဖယ်ကြဉ်ခံလူတန်းစား၏ အသံများကို အသိအမှတ်ပြုရန် အရေးကြီးလှသည်။ ဖယ်ကြဉ်ခံအမျိုးသမီးများ၏ နေထိုင်မှုအတွေ့အကြုံများကို လေ့လာခြင်းသည် ဖမ်မနစ်လှုပ်ရှားမှုများကို တရားမျှတမှု ဆောင်ကြဉ်းပြီး ဖိုဝါဒီဆန်သော နိုင်ငံရေးစနစ်ကို အဆုံးသတ်ရန်အတွက် သမားရိုးကျမဟုတ်သော နည်းလမ်းတစ်ခုကို ဖန်တီးရန်အတွက်လည်း ကူညီရာရောက်လိမ့်မည်။ ဂျန်ဒါအရေးတက်ကြွလှုပ်ရှားမှုသည် ကွဲပြားသော လူမှုလူတန်းစားနှင့် မျိုးနွယ်စုများ၏ ဖိနှိပ်မှုအလွှာပေါင်းစုံကို နားလည်နိုင်ရန်အတွက် ကိုယ်တိုင်ကိုယ်ကျ ထပ်တူပါဝင်သည့် သုံးသပ်မှုနည်းနာများကို လက်သင့်ခံသင့်သည်။

ကာလပေါ်ဂျန်ဒါအရေးလှုပ်ရှားမှုတွင် တွေ့ရတတ်သော ပြဿနာများကို စင်ဇီနာ အာရူဇာနှင့် အဖွဲ့၏ 'ဖမ်မနစ်ဝါဒအတွက် ၉၉% မူဝါဒကြေညာစာတမ်းတစ်ခု' ဟူသော စာအုပ်တွင် အောက်ပါအတိုင်း ရှင်းပြထားသည်။

> အခွင့်ထူးခံအမျိုးသမီးများ၏ ကော်ပိုရိတ်လှေကားနှင့် စစ်တပ်ရာထူးစဉ်များကို တက်လှမ်းရန်အတွက် မတောက်တစ်ခေါက်လုပ်နိုင်စွမ်းကို ရည်ညွှန်းဖော်ပြရလျှင် လစ်ဘရယ်ဖမ်မနစ်ဝါဒသည် ကွဲပြားမှုအတွက် ပေါင်းစည်းထားသော စိတ်အားထက်သန်မှုကို ထွန်းကားစေခြင်းနှင့် အပြည့်အဝအံကိုက်ဖြစ်သော တန်းတူညီမျှမှု၏ ဈေးကွက်ဗဟိုပြုရှုထောင့်ကို ဖော်ထုတ်တင်ပြသည်ဟု ဆိုသည်။ 'ခွဲခြားဆက်ဆံမှု' ကို ရှုတ်ချပြီး 'လွတ်လပ်စွာရွေးချယ်မှု' ကို အားပေးသော်ငြားလည်း လစ်ဘရယ်ဖမ်မနစ်ဝါဒသည် ကြီးမားသည့် အများစုသော အမျိုးသမီးထုအတွက် လွတ်လပ်မှုနှင့် စွမ်းအားမြှင့်တင်ရေးကို

> မဖြစ်နိုင်အောင် ပြုလုပ်နေသော လူမှုစီးပွားရေးဆိုင်ရာ အကန့်အသတ်များကို ဖော်ထုတ်ရန်အတွက် ငြင်းပယ်နေသေးသည်။ လူမှုရာထူးအဆင့်ဆင့်သွားသည့် စနစ်ကို ပယ်ဖျက်ရန် နည်းလမ်းရှာဖွေရမည့်အစား လစ်ဘရယ်ဖမ်မနစ်ဝါဒသည် 'ကွဲပြားအောင်' ပြုလုပ်ခြင်း၊ 'အရည်အချင်း' ရှိသော အမျိုးသမီးများကို ထိပ်ဆုံးသို့ရောက်အောင် 'စွမ်းအား မြှင့်တင်ပေးခြင်း' များကို ပြုလုပ်ရန်သာ ရည်ရွယ်နေသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် အဓိကအကျိုးအမြတ်ရသူများမှာ လူမှုဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များကို အတော်ပိုင်ဆိုင်ထားပြီးဖြစ်သော သူများသာ ဖြစ်သည်။ အခြားသူအားလုံးမှာ အောက်ခြေအဆင့်တွင်သာ ဆက်ပြီး ပိတ်မိနေကြသည်။[24]

စင်ဇီနာအာရူဇာနှင့် အဖွဲ့၏ အဆိုပြုချက်များသည် ကြားဖြတ်ချဉ်းကပ်ခြင်းနည်းလမ်းနှင့် ဖမ်မနစ် လှုပ်ရှားမှုများကို ဂျန်ဒါတန်းတူရေးနှင့် အမျိုးသမီးအခွင့်အရေးများအတွက်သာ ပြောဆိုရန် ကန့်သတ်ထားမည့်အစား အရင်းရှင်စနစ် တိုက်ဖျက်ရေးနှင့် အာဏာရှင်စနစ်တိုက်ဖျက်ရေး လှုပ်ရှားမှုများအတွက် အသုံးချရန် ဘာကြောင့် အရေးကြီးကြောင်းကို နားလည်စေသည်။ မြန်မာနိုင်ငံတွင် သီးခြားရှိနေသည့် ပြဿနာတစ်ခုချင်းစီထက် ပို၍ကျယ်ပြန့်သော အကြမ်းဖက်စနစ်အကြောင်းကို ဆွေးနွေးပြောဆိုရန် အရေးကြီးသောလှုပ်ရှားမှုများ အဆောတလျင်လိုအပ်နေသည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးအားလုံးအတွက် တရားမျှတမှုရရှိရေးကိစ္စရပ်သည် အချို့အုပ်စုများမှ အမျိုးသမီးများကို အရင်းအမြစ်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးကိစ္စထက် ပို၍အလေးပေးသင့်သည်။ မြန်မာနိုင်ငံမှ ဂျန်ဒါအရေး တက်ကြွလှုပ်ရှားမှုများသည် ဂျန်ဒါတန်းတူရေးကိစ္စများကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန် ထိပ်ဆုံးရာထူးနေရာများသို့ တက်လှမ်းနေသော အခွင့်ထူးခံ အမျိုးသမီးများ၏ ပုံရိပ်အသစ်တစ်ခုကို ဖန်တီးပေးနေပြီး ကမ်ပိန်းဦးဆောင်သူတစ်ယောက်က ထိုသဘောတရားနှင့် ပတ်သက်၍ "အာဏာကို အသုံးပြုပြီး အာဏာကို

---

[24] Arruzza et al., 2019, p. 21.

ချေဖျက်စို့”[25] ဟု ဆိုခဲ့ဖူးသည်။ အခွင့်ထူးခံအုပ်စုများ၏ ထိပ်ဆုံးသို့ရောက်ရန် ပြိုင်ဆိုင်မှုသည် ကိုယ်စားပြုခြင်းမခံရသောအုပ်စုမှ အမျိုးသမီးများကို ၎င်းတို့ အလားအလာရှိသည့်အတိုင်း တက်လှမ်းနိုင်ရန်အတွက် အခက်အခဲဖြစ်စေသည်။ ဤအချက်သည် ကွဲပြားသော အမျိုးသမီးများနှင့် အုပ်စုများအတွက် ခြားနားသော ဖိနှိပ်မှုပုံစံများနှင့် အတွေ့အကြုံများကိုလည်း ဆက်လက်ပြီး ဖုံးကွယ်ထားပေးရာ ရောက်နေသည်။ ကျွန်မ၏ ခရီးစဉ်အတွင်း ကရင်၊ ကချင်၊ ရှမ်းနှင့် နာဂဒေသတို့မှ အမျိုးသမီးများနှင့် တွေ့ဆုံမှုမှ သိခဲ့ရသည်မှာ ဂျန်ဒါ တန်းတူညီမျှရေးဆိုသည်မှာ အချိန်မီပြီးမြောက်အောင် လုပ်ဆောင်ရမည့်ကိစ္စ တစ်ခု မဟုတ်ဘဲ အဖွဲ့အသီးသီးမှ ဖမ်မနစ်များနှင့် မဟာမိတ်ဖွဲ့ခြင်းနှင့် နိုင်ငံရေး စည်းလုံးညီညွတ်မှု တည်ဆောက်ခြင်းတို့ ပြုလုပ်ကာ လူမှုတရားမျှတမှုအတွက် တိုက်ပွဲဝင်ခြင်းနှင့် ဖိုပဓာနဝါဒ ဖြိုဖျက်ရေးတို့ကို ရေရှည်ပြုလုပ်ဆောင်ရွက်သွားရမည့် ကိစ္စတစ်ခုဖြစ်သည်။ ဤနည်းလမ်းသည် ကိုယ်စားပြုခြင်းမခံရသော လူထု၏ အသံများနှင့် ဂျန်ဒါတက်ကြွလှုပ်ရှားမှုများကြားက ကွာဟချက်ကို နည်းပါးလာစေရန်အတွက် တစ်ခုတည်းသော ဖြစ်နိုင်ဖွယ်ရာ နည်းလမ်းဖြစ်သည်။

## လေ့လာချက် (၁)

ကျွန်မ၏ ပထမဦးဆုံးခရီးစဉ်ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် နာဂဒေသ တည်ရှိရာ မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်သို့ ထွက်ခွာခဲ့သည်။ အဆိုပါ နှစ်တွင် ကျင်းပသော နာဂလူမျိုးများ၏ နှစ်သစ်ကူး ပွဲတော်သို့ စစ်တပ်မှ ခန့်အပ်ထားသော ဒုတိယသမ္မတမြင့်ဆွေတက်ရောက်ခဲ့သည်။ ငှက်ပျောအူ တိုင်နှင့် ထင်းစည်း အမြောက်အမြားကို ကျောပေါ်တွင် ကြိမ်ခြင်းများဖြင့် သယ်ဆောင်ရင်း တောင်ပေါ်လမ်းများသို့ တက်ရောက်သွားကြသော အမျိုးသမီးများကို ကားဖြင့် သွားနေစဉ် ကျွန်မမြင်တွေ့ခဲ့ရသည်။ သူတို့သည်

---

[25] ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျော်ကြားသော အမျိုးသမီးခေါင်းဆောင်များထဲမှ တစ်ဦးနှင့် ပုဂ္ဂိုလ်ရေးရာ ပြောဆိုခဲ့သည့် စကားဖြစ်သည်။

သူတို့၏ အိမ်မှ (၆) မိုင်၊ (၇) မိုင်ခန့်ဝေးကွာသော ဂျွန်းလယ်ကွင်းများထဲမှ[26] ပြန်လာကြခြင်း ဖြစ်သည်။ ထိုပုံရိပ်များက ကျွန်မ၏ အာရုံကို ဖမ်းစားသွားခဲ့သည်။ ထိုပုံရိပ်များသည် နေပြည်တော်၌ ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့နှင့် ရန်ကုန်ရှိ ခမ်းနားသော ဟိုတယ်ကြီးများတွင် ကျင်းပသည့် အမျိုးသမီးဖိုရမ်များတွင် ကျွန်မမြင်တွေ့ခဲ့ရသည့် အမျိုးသမီးများ၏ ပုံရိပ်နှင့် အလွန်ကွဲပြားလျက် ရှိနေခြင်းကြောင့်ဖြစ်သည်။

အဆိုပါ နိုင်ငံတော်အဆင့်ရှိ နာဂနှစ်ကူးပွဲတော် ဖြစ်မြောက်ရန်အတွက် အမျိုးသားအဆင့် အမျိုးသမီးများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြသော်လည်း စင်မြင့်ပေါ်တွင် သို့မဟုတ် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးရာတွင်မူ အမျိုးသမီးများ မပါဝင်ရပေ။ ထိုသို့သောကိစ္စများတွင်မူ ယူနီဖောင်း ဝတ်ဆင်ထားသော အမျိုးသားများသာ ပါဝင်ကြလေ့ရှိသည်။ ဒေသခံ အမျိုးသမီးများသည် ပွဲတော် တစ်ခုလုံးသို့ တက်ရောက်လာသော ဧည့်သည် အယောက် (၃,၀၀၀) ကျော်အတွက် ချက်ပြုတ်ပေးကြရပြီး လူတိုင်း ဝဝလင်လင်စားသောက်နိုင်ရေး လုပ်ဆောင်ပေးခဲ့ကြသည်။ ဒုတိယသမ္မတ မြင့်ဆွေမှ အခမ်းအနားကို ဖဲကြိုးဖြတ်ပြီး ဖွင့်လှစ်သောအခါ အမျိုးသမီးငယ်များသည် မိတ်ကပ်အပြည့်အစုံဖြင့် ကောင်းမွန်စွာဝတ်စားကာ အရေးပါသော အမျိုးသားများ၏ ဘေးတွင်သာ ရပ်နေခဲ့ကြသည်။ ဤပုံရိပ်များမှာ လူသိရှင်ကြား ပရောဂျက်များအပါအဝင် မီဒီယာများတွင် ကျွန်မတို့ အမြဲတမ်းမြင်တွေ့ရလေ့ရှိသည့် အမျိုးသားများအား အရေးပါသောပုဂ္ဂိုလ်များအဖြစ် ပုံဖော်ကာ အမျိုးသမီးများကို လက်အောက်ခံများအဖြစ် တွန်းပို့ထားရာရောက်သော ပုံရိပ်များဖြစ်သည်။ အဆိုပါဓာတ်ပုံများသည် မြန်မာနိုင်ငံကို အမျိုးသားလွှမ်းမိုးသော လူမှုအသိုင်းအဝိုင်းအဖြစ် ဖော်ပြနေရုံသာမက အမျိုးသားများသည် အလယ်ဗဟိုတွင် အမြဲတမ်းရှိပြီး အမျိုးသမီးများက ဝန်းရံရသည်ဟူသော လူမှုအသိုင်းအဝိုင်း၏ တည်ဆောက်ထားသော ဂျန်ဒါအခန်းကဏ္ဍများကိုပါ ထပ်လောင်းအတည်ပြုနေသည်။ ထိုကဲ့သို့သော ဂျန်ဒါစံနှုန်းများသည် နာဂ လူမျိုးစုအသိုင်းအဝိုင်းထဲတွင် ကျယ်ပြန့်စွာ အသုံးပြုနေကြသော်လည်း နာဂ အမျိုးသမီးများသည် နှစ်ခါပြန် ချန်လှပ်ထားခံရခြင်းနှင့် ကြုံတွေ့နေကြရ

---

[26] 'ဂျွန်း' သည် တောင်ယာခုတ်ထွင်ခြင်းနှင့် မီးရှို့ခြင်းတို့အတွက် အသုံးပြုသော နာဂ စကားလုံးတစ်ခုဖြစ်သည်။ တောင်စောင်းများပေါ်တွင် စိုက်ပျိုးထွန်ယက်ခြင်း ပုံစံ တစ်မျိုးဖြစ်သည်။

သည်။ နှစ်ခါပြန် ချန်လှပ်ထားခံရခြင်းကို ဥပမာအားဖြင့်ဆိုသော် ရိုဟင်ဂျာ အမျိုးသမီးများနှင့် မွတ်စလင်အမျိုးသမီးများကို ဖယ်ချန်ထားခြင်းသည် ပြည်နယ်တွင်း အကြမ်းဖက်မှုများ၊ ကိုယ်ပိုင်လူမှုအသိုင်းအဝိုင်းမှ ဖယ်ထုတ်ခံရခြင်းနှင့် ကာလပေါ်ဂျန်ဒါတက်ကြွလှုပ်ရှားမှုများတွင် မပါဝင်ခြင်း စသည်တို့ဖြစ်သည်။[27] ကျွန်မသည် နာဂဒေသသို့ နောက်ထပ် ခရီး (၄) ခါသွားခဲ့ပြီး ထိုခရီးစဉ်အားလုံးသည် အမြစ်တွယ်နေသော ဂျန်ဒါအခြေပြု အထက်အောက်စနစ်နှင့် လူမှုအသိုင်းအဝိုင်း၏ ရှုထောင့်ပေါင်းစုံတွင် နာဂအမျိုးသမီးများမည်ကဲ့သို့ ချန်လှပ်ထားခြင်းခံနေရကြောင်းကို ပို၍နားလည်သဘောပေါက်လာစေသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျွန်မသည် နာဂဒေသ နန်းယွန်းမြို့နယ်ရှိ ကြူးယန်းနွတ်ညို ကျေးရွာသို့ သွားရောက်ခဲ့သည်။ ထိုနေရာသို့ သွားရောက်ရန်အတွက် ကောင်းမွန်သောလမ်းများ မရှိပေ။ ဒေသခံများက ရရာစူးဆောက်ကိရိယာများဖြင့် ဖောက်လုပ်ထားသည့် လမ်းကျဉ်းလေးတစ်ခုသာ ရှိသည်။ အဆိုပါလမ်းသည် ပင်လယ်ရေမျက်နှာပြင်အထက် အနည်းဆုံး ပေ (၃,၀၀၀) ခန့်တွင်ရှိပြီး ဘေးတစ်ဖက်တွင် တောင်တန်းများဖြင့် ဝန်းရံထားသည်။ နောက်တစ်နေ့မနက် ကျေးရွာတစ်ဝိုက်၌ ကျွန်မ လမ်းလျှောက် ထွက်သောအခါတွင် အမျိုးသမီးများသည် ဂျုန်းလယ်ကွင်းများသို့ မထွက်ခွာမီ မနက်စောစောထကာ ချက်ပြုတ်ခြင်း၊ ဆန်၊ ပြောင်းဖွပ်ခြင်းတို့ကို ပြုလုပ်နေကြသော တွေ့ရပြန်သည်။ ကျွန်မတည်းသည့်အိမ်မှ အသက် (၂၀) အရွယ်ခန့်ရှိ အမျိုးသမီးငယ်လေးများသည် မနက် (၅) နာရီဝန်းကျင်တွင် အိပ်ရာထပြီး အိမ်မှ (၁၀) မိနစ်ခန့် လမ်းလျှောက်သွားရသော ရေတွင်းမှ ရေသယ်ပြီးနောက် မနက်စာပြင်ရန် မီးဖိုချောင်ဝင်ကာ အိမ်မှုကိစ္စများကို ဝိုင်းဝန်းကူညီပြင်ဆင်ပေးကြသည်။

ကျွန်မသည် ထိုနေရာသို့ နိုင်ငံသားနှင့်ဆိုင်သော အသိပညာပေးခြင်းနှင့် လူ့အခွင့်အရေး သင်တန်းတစ်ခုကို လာရောက်စီစဉ်နေသော သူငယ်ချင်းတစ်ယောက်နှင့်အတူ ရောက်နေခဲ့ခြင်း ဖြစ်သည်။ သင်တန်းသို့ ကျေးရွာ (၄)၊ (၅) ခုမှ လူအယောက် (၅၀) ဝန်းကျင်ခန့် ရောက်လာခဲ့ကြပြီး ၎င်းတို့အထဲတွင် လက်တစ်ဆုပ်စာမျှသော လူဦးရေသည်သာ အမျိုးသမီးများဖြစ်သည်။ ထိုလက်တစ်ဆုပ်စာမျှသော အမျိုးသမီးတို့သည်လည်း အခန်းထဲတွင် အချိန်ပြည့်ရှိမနေကြခြင်းက ကျွန်မကို စိတ်ပျက်စေခဲ့သည်။ နောက်မှ ကျွန်မ သိရှိခဲ့ရ

[27] Frydenlund & Shunn Lei, 2021.

သည်မှာ သူတို့သည် သင်တန်းတက်ရောက်လာသူအားလုံးအတွက် နေ့လယ်စာနှင့် အဆာပြေမုန့်များကို မီးဖိုချောင်ထဲသို့ ဝင်လိုက်၊ ထွက်လိုက်ဖြင့် ပြင်ဆင်နေခြင်း ဖြစ်သည်။

ကျွန်မက အမျိုးသမီးအခွင့်အရေးနှင့် ပတ်သက်၍ စကားပြောခွင့်ရသောအခါ ထိုအမျိုးသမီးများ၏ မျက်လုံးများ အရောက်လက်လာပြီး အလွန်စိတ်ပါဝင်စားနေကြပုံရသည်။ ထိုနေ့ ညနေခင်းတွင် သူတို့၏ နေထိုင်မှု အတွေ့အကြုံများ၊ ချိုးဖောက်ခံနေရသည်ဟု ခံစားရသော သူတို့၏ အခွင့်အရေးများအကြောင်းကို ကျွန်မနှင့် စကားစမြည်ပြောလိုသည်ဟု ကြားသိရသည်။ သို့သော်လည်း သူတို့က ဗမာစကား မပြောတတ်ကြ၍ ကျွန်မနှင့် လာရောက်မတွေ့ဆုံနိုင်ခဲ့ကြပေ။ သူတို့က ဆီဒေါစာချုပ်အကြောင်း မသိသလို မြန်မာနိုင်ငံရှိ ကာလပေါ်ဂျန်ဒါတက်ကြွလှုပ်ရှားသူများ၏ လှုပ်ရှားမှုများ၊ အစီအစဉ်များကိုလည်း မကြားဖူးကြပေ။ ထို့ပြင် ဂျန်ဒါနှင့် အမျိုးသမီးအခွင့်အရေး ဆောင်ရွက်သည့် အဖွဲ့အစည်းများမှ ပြုလုပ်သည့် ဆွေးနွေးညှိနှိုင်းအစည်းအဝေးများနှင့် ထုတ်ဝေခဲ့သည့် ပေါ်လစီစာတမ်းများကိုလည်း မသိကြပေ။ သို့သော်လည်း ၎င်းတို့ကိုယ်တိုင်သည် ဖြစ်ပျက်နေသော အရာအားလုံးကို မှန်ကန်နေသည်ဟု မခံစားရပေ။ အမျိုးသားများက အိမ်တွင် ဖိမ်ခံကာ အချဥ်ဖောက်ထားသည့် ဆန်အရက်ကို သောက်သုံးရန်အတွက် စောင့်ဆိုင်းနေချိန်တွင် အမျိုးသမီးများ၏ အချိန်အများစုသည် မီးဖိုချောင်ထဲနှင့် ဂျုန်းလယ်ကွင်းများတွင် ကုန်ဆုံးနေကြရသည်။ နာဂအမျိုးသမီးဘဝ၏ နေထိုင်မှုပုံစံနှင့် အတွေ့အကြုံများသည် ကျွန်မ ကျင်လည်ရာရပ်ဝန်းရှိ ပုံနှိပ်ထုတ်ဝေထားသည့် စာအုပ်စာတမ်းများနှင့် အက္ခရာစဉ်ဇယားတွင် ပါဝင်ခြင်း မရှိပေ။ မည်သူ တစ်ဦးတစ်ယောက်မျှ သူတို့၏ စကားသံများကို နားထောင်ရန်အတွက် အပင်ပန်း မခံခဲ့ကြပေ။

၂၀၁၉ ခုနှစ်၊ မေလတွင် ကျွန်မသည် လေရှီးမြို့နယ် လေရုံကျေးရွာမှ နာဂအမျိုးသမီးများနှင့် စကားဝိုင်းဆွေးနွေးပွဲတစ်ခု[28] စီစဉ်ရန်အတွက် အခွင့်အရေးရခဲ့သည်။ ထိုခရီးစဉ်သည် ကျွန်မအတွက် နာဂဒေသသို့ လေးကြိမ်မြောက်သွားရောက်ခြင်း ဖြစ်သည်။ လေရုံကျေးရွာသို့ ရောက်ရှိရန်အတွက် ရန်ကုန်မှ (၃) ရက်ကြာ ခရီးသွားခဲ့ရသည်။ ပင်ပင်ပန်းပန်း အလုပ်လုပ်နေကြသော

[28] ရိန်းဖောဂျန်ဒါလေ့လာမှုအဖွဲ့အစည်းမှ လေရှီးမြို့နယ်၊ လေရုံကျေးရွာတွင် အခြေစိုက်သည့် နာဂအမျိုးသမီးအဖွဲ့အစည်းနှင့်အတူ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် မေလတွင် စီစဉ်ကျင်းပသော (၃) ရက်ကြာ ဆွေးနွေးမှု စကားဝိုင်း ဖြစ်သည်။

lifestyles, and cause psychosocial difficulties in education and occupation.[36]

I, as a woman, a wife and a working mother, but also as a queer woman who identifies as female, and as a person from a country burdened by colonialism, war, oppressive rule, and displacement, have so far explained how emotions have value, how emotions manifest in daily lives and social exchanges, and how they are central to the economics of being human. Though the drive to understand human economics from an emotional perspective comes from my personal history, the study of it is universal, spanning across cultures and nations. As I mentioned earlier, much of the development of emotional economics comes from various established theories on feminism, human behavior and psychology. However, since emotions are subjective experiences, it would be inappropriate to study them through a completely objective approach. Thus, the study of emotional economics involves subjectivities: of myself as researcher and of the subjects studied. Feminist research models include the subjectivity of the investigator so as to reduce the power imbalance of the researcher and subject, and this research is an example of that.[37]

Economics, in its essence, is the study or knowledge of the production, consumption and transfer of resources and commodities.[38] It is often discussed in terms of monetary value, represented by goods and services. However, money is not the only wealth in society. Health is wealth, and with it, mental health is wealth as well. Without healthy bodies, healthy minds and healthy cultures, which are our human *resource*s and thus our human *capital*, we cannot contribute to the wealth of society. The World Health Organization describes mental health as an integral part of health, with mental illness severely reducing

[36] Felitti et al., 1998.
[37] Brayton et al., n.d.
[38] Khumalo, 2012.

productivity at work.[39] Characteristics of each culture can also affect how human capital is accumulated.[40]

The emotional economy is an invisible economy. This is because the value and worth of emotions cannot translate to concrete measures such as money and trade, due to the nature of emotions as subjective experiences instead of objective products or events. However, the common language of economics can symbolize the value that emotions bring to the economy, not just in trade and gross domestic product, but also in the social and cultural development of our people as a nation. Given women are tasked with this invisible form of emotional labor, especially in conservative and patriarchal societies like Myanmar, it is important to consider the immense significance of emotional labor provided by women to the economic and social development of the country.

## Concepts in the Economics of Emotions

The main concepts of the economics of emotions center around emotional transactions, and with that the mechanism and effects of such exchanges, such as emotional currency, emotional labor, emotional capital, emotional bankruptcy, and emotional reserves. Before we define each concept and their processes, the definition of emotion has to be first made explicit. Emotion, for the purposes of this article, is the "complex state of feeling that results in physical and psychological changes that influence thought and behavior".[41] This includes embodied arousals, expressions manifested in behaviors, and subjective experiences.

Emotions are felt experiences, and therefore cause physiological responses in the body. These responses are triggered by both neurochemical reactions and hormonal stimulations.[42] The neural network and endocrine activation often occurs in the presence of environmental stimuli. Neuroscience and stress

[39] World Health Organization, 2022.
[40] van Hoorn, 2016.
[41] Cherry, 2022.
[42] Cherry, 2022.

studies show links between environment and physiological reactions that become embodied memories for humans, changing their physiological make-up.[43] The majority of these studies have focused on samples of traumatized people, so their generalizability to populations who have not experienced intense attacks on their physical and psychological safety is questionable.

In Myanmar, many people were oppressed under colonialism from 1824 to 1948, and under authoritarian regimes from 1962 to the present era. Although there is no way to measure the prevalence of trauma in the entire population of Myanmar, it would be reasonable to conclude that a significant, if not majority of the population, has been traumatized through encounters with the life challenges and oppression encountered under such regimes.[44] Studies on emotional memory, language and learning suggest that physiological phenomena can be applied to non-traumatized populations as well.[45] Educational leaders recognize the significance of a strong foundation of social and emotional skills in the development of students' learning, skills, and attitudes.[46] Before any learning skills of academic subjects can be taught, the social and emotional skills have to be taught first. Without educated individuals, the economic, cultural and political development of the nation cannot be built.[47]

With emotions playing a significant role in mental processes of memory and learning, and in relationships between people, emotional labor that manages and regulates the necessary emotional environment for these aspects of daily living and human development becomes a valuable resource. How much the person who provides the care can bring into emotional economics will determine the quality of the outcome of human existence. The person's ability to engage in emotional economics is influenced by their "richness" in emotional currency, emotional

[43] Van der Kolk, 2014.
[44] Su Su Maung, 2017a.
[45] Tyng et al., 2017.
[46] World Bank, 2018, p. 112-114.
[47] King, 1947; Mintz, 2017; Shor, 1992.

capital, and emotional reserves, and the prevention of emotional bankruptcy. These terms are explained below.

**Emotional Labor:**
As mentioned earlier in this article, emotional labor is managing and presenting emotions in various aspects of our lives and may include the mental labor of planning and regulating the actions other people.

**Emotional Currency:**
This refers to the behaviors used for transactions of emotional labor. These tokens of exchanges include an exhaustive list of relational behaviors, responsibilities and tasks, that all share the themes of care, connection and transformation. Examples are soothing talk, affectionate gestures like hugs, stopping one's work to pay attention to another, staying home so another person can have their own leisure time, cooking someone their favorite meal, repressing one's opinions to not hurt another person's feelings, giving up on one's goals to fulfill another person's dreams, etc.

**Emotional Capital:**
This refers to social and emotional skills, resilience factors, and the tolerance threshold that a person has when engaging in various emotional currency exchanges in order to provide emotional labor. Examples of emotional capital are stress management skills, communication skills, internal capacity for empathy and compassion, and patience. This may be affected by how separate or connected the public and private lives of a person are, and how much of the same capital is shared between the two realms. Emotional capital can be replenished through the emotional labor provided to the person from others within their support system and the overall cultural system.

**Emotional Bankruptcy:**
When emotional capital is low or depleted, caregiver burnout occurs, causing emotional bankruptcy, which is exhibited in specific behaviors in the individual and within relationships. Though individuals may still have social and emotional skills, they lack the energy or motivation to implement them, or when used they no longer produce the same effect. The distress tolerance is low, and the person is no longer resilient enough to bounce back after each effort for connection and care, leaving the person unable to provide care and make connections with others.

**Emotional Reserves:**
When there is a surplus of support and psychological nourishment, emotional reserves can result. This surplus can be experienced as a secure attachment, a spiritual core within the self that can be easily accessible, a sense of faith, hope and purpose, and memories of positive emotional content that increase self-esteem, feelings of contentment, and a sense of wellbeing. Emotional reserves may exist even if there is emotional bankruptcy. However, the reserve may be protected with limited accessibility to ensure the emotional and psychological survival of the person.

## Valuing Unpaid Labor and Feminism

Patriarchy thrives in separation, while emotional labor is conducted in human connections. Women's roles in society are entrenched in connections within and between familial and communal relationships. Jordan and others explain women's identity development as being shaped by the relationships and connections they have with others.[48] As such, the devaluation of emotional economics is a deep reflection of a patriarchal system that fails to recognize the experiences of women.

[48] Jordan et al., 1991.

Although the impact of emotional economics, and at its core emotional labor, is more than significant in the overall development and human capital of Myanmar, its value is unacknowledged and marginalized. Capitalism and patriarchy favor the inequitable consumption and production of emotional labor. Who provides emotional labor, who receives emotional currencies, who cares for those who are emotionally bankrupt, who can trade emotional capital, and who holds emotional reserves are structured by an imbalanced system where women and less privileged groups are producers and workers without fair compensation and without equitable reciprocity.

Focusing solely on objective productivity value, such as arguments for equal pay, and access to opportunities in the workforce for women and oppressed groups, would reduce them to commodities in a capitalist world. The emphasis on productivity that capitalism, which is a patriarchal system, endorses, objectifies humans as production machines. Even a feminist's attention to the labor of reproduction, as opposed to production, fits into this mentalization of humans as just participants in the creation of the new labor force in operational terms.[49] What is inherent in reproduction but is not spoken about in society is the emotional labor required in caregiving. As mentioned, emotional labor is necessary to achieve well-adjusted people who can learn successfully and engage meaningfully across a spectrum of sectors in the world. Though reproductive labor happens in the private realm, the focus on the value of this form of labor has been considered only in terms of the public realm of productivity. The price paid for reproduction—the emotional work—is not considered a legitimate form of labor, therefore garnering associated labor rights and gender equality.

Although equality in livelihood, access to resources, and self-determination are important rights, focusing on them without addressing the relational aspects of women's contributions of emotional currencies, capital and reserves in the creation of people and environments that allow for these to happen only

[49] Pyo Let Han, 2019.

limits the potential of feminism. It separates the rights of women and groups marginalized by patriarchy from humanism and gendered experiences. As Ramsey-Lefevre argues, feminism is humanism.[50] According to humanism, the value of human beings should not be limited to capitalism and mechanistic terms such as 'productivity'. The human quality aspects of human resources bring value to work in terms of soft skills, learning agility and resilience, and as such human psychology and psychosocial wellness have to be considered.[51]

It is only in health that humans can thrive and grow. The health of the nation needs to be paid attention to, and this requires the ethics of care—emotional labor—done by the many who participate in nation building on all of its economic, social, cultural and political fronts. Without considering emotional labor, feminism will still be stymied by patriarchy, and women's role in society will remain marginalized and devalued. For as long as only women are delegated tasks of emotional labor and men are exempted, there will be no gender equality, and men will not be held responsible to participate in this form of nation building. The health of individuals and communities are seen as results of the private needs of the recipients of care and the private motivations of the providers of the care, in other words, they are seen as part of the world of women, and not part of the public sphere, which is still determined by patriarchy as the world of men, with debates in the language of power, which drives policies and programs. Feminism is not just charitable acts and humanitarian work driven by the private passions of individuals and groups, separate from the public cause of the nation building. Feminism is nation building. Just as women nurture their children, partners, and families to health and success, feminism supports and facilitates the nation to health and success.

The separation of public and private work has to be reconsidered and reconfigured in Myanmar, and there has to be an allowance for connections between the two. Women's work

[50] Ramsey-Lefevre, 2013.

[51] Su Su Maung, 2017b.

should not exist only in the private feminine realm of emotional and relational work, or only in the public masculine realm of the economic and political—the unpaid or the paid—but should be in both realms. This integration of the private and the public, and that of the feminine and the masculine, is the antidote to patriarchy, along with the fight for restorative justice and equitable rights.

Patriarchy must be overturned, because patriarchy separates the paid, public and masculine lives from the unpaid, private and feminine lives, which is reflected in the separation of emotional labor from the labor of reproduction, production, and nation building. The reconfiguration of the relationship between public and private realms, and the mutual integration of gendered experiences must occur. As such, feminists ought to be inclusive of the need for social changes in the construction of gender and the structural roles of producer, provider, and consumer of emotional economics in society.

## References

Acharya, S., & Shukla, S. (2012). Mirror Neurons: Enigma of the Metaphysical Modular Brain. *Journal of Natural Science, Biology, and Medicine*, *3*(2), 118–124. https://ncbi.nlm.nih.gov/pmc/articles/PMC3510904/

American Federation of Labor & Congress of Industrial Organizations. (2022). Lowell Mill Women Create the First Union of Working Women. *AFL-CIO: America's Unions*. https://aflcio.org/about/history/labor-history-events/lowell-mill-women-form-union

Asian Development Bank, United Nations Development Programme, United Nations Population Fund, & the United Nations Entity for Gender Equality and the Empowerment of Women. (2016). *Gender equality and women's rights in Myanmar: A situation analysis.* UN Women. https://asiapacific.unwomen.org/en/digital-library/publications/2016/09/gender-equality-and-womens-rights-in-myanmar

Aye Lei Tun, La Ring, & Su Su Hlaing. (2019, August). *Feminism in Myanmar*. http://library.fes.de/pdf-files/bueros/myanmar/15624.pdf

Bateson, G. (1979). *Mind and Nature*. E. P. Dutton.

Bentley, K. S., & Fox, R. A. (1991). Mothers and Fathers of Young Children: Comparison of Parenting Styles. *Psychological Reports*, *69*(1), 320–322. https://doi.org/10.2466/pr0.1991.69.1.320

Brayton, J., Ollivier, M. & Robins, W. (n.d.). *Introduction to Feminist Research*. https://www2.unb.ca/parl/research.htm

Brook, P. (2009). In critical defence of 'emotional labour': refuting Bolton's critique of Hochschild's concept. *Work, Employment and Society*, *23*(3), 531–548. https://doi.org/10.1177/0950017009337071

CCI France Myanmar. (2019). *CCI France Myanmar - Salary Survey Report - 2019*. https://ccifrance-myanmar.org/sites/cci france-myanmar.org/files/resources-documents/salary _survey_2019_-_web_0.pdf

Cherry, K. (2022, May 7). *The 6 Major Theories of Emotion*. https://www.verywellmind.com/theories-of-emotion-2795717

Cruea, S. M. (2005). Changing Ideals of Womanhood During the Nineteenth-Century Woman Movement. *American Transcendental Quarterly*, *19*(3), 187-204.

Ei Thandar Myint. (2016, August 19). *Myanmar's Women's Rights: Breaking the Silence* [Blog post]. http://eithandarmyint. blogspot.com/2016/08/revolutionary-road-behind-all-untold.html

Eisenberg, N. (Ed.). (2006). *Handbook of Child Psychology, Volume 3: Social, Emotional and Personality Development* (6th ed.). John Wiley & Sons.

Emotional Labor: The MetaFilter Thread Condensed. (2016). *MetaFilter.* http://victorkumar.org/uploads/6/1/5/2/61526489/emotional_labor_-_the_metafilter_thread_condensed-.pdf

Evans, O. G. (2023, April 28). *Brofenbrenner's Ecological Systems Theory*. https://www.simplypsychology.org/bronfenbrenner.html

Federici, S. (2012). *Revolution at Point Zero: Housework, Reproduction, and Feminist Struggle*. PM Press.

Felitti, V. J., Anda, R. F., Nordenberg, D., Williamson, D., Spitz, A. M., Edwards, V., Koss, M. P., & Marks, J. S. (1998). Relationship of Childhood Abuse and Household Dysfunction to Many of the Leading Causes of Death in Adults. *American Journal of Preventative Medicine, 14*(4), 245-258.

Gottman, J., & Silver, N. (2015). *The Seven Principles for Making Marriage Work*. Harmony Books.

Handunnetti, D., & Nang Phyu Phyu Lin. (2016). *Gender in the Myanmar Media Landscape: Yangon, Kayin, Sagaing, Shan and Across Myanmar*. Fojo Media Institute. https:// mediasupport.org/wp-content/uploads/2017/07/Eng_GENDER_16_web.pdf

hooks, bell. (2004). *The Will to Change: Men, Masculinity and Love*. Atria Books.

hooks, bell. (2021). *Communion: The Female Search for Love*. HarperCollins.

Johnson, S. (2018, November 29). *Emotional Labor and What's Really Upsetting Women*. http://drsuejohnson.com/marriage -commitment/emotional-labor-and-whats-really-upsetting -women/

Jordan, J. V., Kaplan, A. G., Miller, J. B., Stiver, I. P., & Surrey, J. L. (1991). *Women's Growth in Connection: Writings from the Stone Center.* The Guilford Press.

Khumalo, B. (2012). Defining Economics in the Twenty First Century. *Modern Economy, 3*, 597-607. http://dx.doi.org/10.4236/me.2012.35079

King, M. L. (1947, January). The Purpose of Education. In *Maroon Tiger* (p. 10). https://kinginstitute.stanford.edu/king-papers/documents/purpose-education

Liu, L., Karl, R., & Ko, D. (Eds.). (2013). *The Birth of Chinese Feminism: Essential Texts in Transnational Theory*. Columbia University Press.

Mintz, A. I. (2017). What Is the Purpose of Education?: Dewey's Challenge to His Contemporaries. In A. R. English & L. J. Waks (Eds.), *John Dewey's Democracy and Education: A Centennial Handbook* (pp. 81–88). Cambridge University Press. https://doi.org/10.1017/9781316492765.012

National Center on Caregiving at Family Caregiver Alliance (2003, December 31). *Women and Caregiving: Facts and Figures.* https://caregiver.org/women-and-caregiving-facts-and-figures

Nguyen, A. J., Lee, C., Schojan, M., & Bolton, P. (2018). Mental health interventions in Myanmar: A review of the academic and gray literature. *Global Mental Health*, *5*. https://doi.org/10.1017/gmh.2017.30

Perry, R. (2010). *A critical examination of Bion's concept of containment and Winnicott's concept of holding, and their psychotherapeutic implications.* [Master's research project] https://wiredspace.wits.ac.za/server/api/core/bitstreams/e030dda6-b321-4cce-b1fb-32f0515deb3a/content

Pyo Let Han. (2019, October 27). *No title* [Paper presentation]. Conference on Feminism and Marginalization. Dawei, Myanmar.

Ramsey-Lefevre, A. (2013, July). Feminism is Humanism (and Humanism is Anti-Capitalism). *Syracuse Peace Council Peace Newsletter*, *826*. https://peacecouncil.net/pnl/july-august-2013-pnl-826/feminism-is-humanism-and-humanism-is-anti-capitalist

Resch, M. (1989). Analysing the Social Impact of New Technologies in the Engineering Office. In K. Landau, & W. Rohmert (Eds.), *Recent Developments in Job Analysis*. Routledge. https://doi.org/10.4324/9781315213712-10

Rich, A. (1986). *Of Woman Born: Motherhood as Experience and Institution*. Norton.

Schoppe-Sullivan, S. (2017, February 2). Dads are more involved in parenting, yes, but moms still put in more work. *The Conversation*. https://theconversation.com/dads-are-more-involved-in-parenting-yes-but-moms-still-put-in-more-work-72026

Shor, I. (1992). Education is Politics: Paulo Freire's Critical Pedagogy. In P. McLaren & P. Leonard (Eds.), *Paulo Freire: A Critical Encounter* (pp. 24-36). Routledge. https://libcom.org/files/peter-mclaren-paulo-freire-a-critical-encounter-1.pdf

Su Su Maung. (2017a). *Hero Worshipping and Splitting: Intergenerational and Collective trauma, and the Narcissistic Wound in the Burmese Psychology*. https://academia.edu/21354457/Hero_worshipping_and_splitting_Intergenerational_and_collective_trauma_and_the_narcissistic_wound_in_the_Burmese_psychology

Su Su Maung. (2017b, November). The Human Quality in Human Capital: Why Workplace Mental Health is a Core Value for Your Organization. *Myanmore*. https://academia.edu/35882863/The_Human_Quality_in_Human_Capital

Sultana, A. (2012). Patriarchy and Women's Subordination: A Theoretical Analysis. *Arts Faculty Journal, 4*, 1-18. https://doi.org/10.3329/afj.v4i0.12929

Tharapi Than, Pyo Let Han, & Shunn Lei. (2018). *Lost in Translation: Feminism in Myanmar* [Working paper]. https://ijbs.online/wp-content/uploads/2022/10/ Feminism-in-Myanmar-Working-Paper.pdf

Tyng, C. M., Amin, H. U., Saad, M. N. M., & Malik, A. S. (2017). The Influence of Emotions on Learning and Memory. *Frontiers in Psychology, 8* (1454). https://doi.org/10.3389/fpsyg.2017.01454

Umberson, D., Thomeer, M. B., & Lodge, A. C. (2015). Intimacy and Emotion Work in Lesbian, Gay, and Heterosexual Relationships. *Journal of Marriage and Family, 77*(2), 542-556. https://doi.org/10.1111/jomf.12178

UN Women Myanmar. (2019). *UN Women*. https://asiapacific.unwomen.org/en/countries/myanmar

Van der Kolk, B. (2014). *The Body Keeps the Score: Brain, Mind, and Body in the Healing of Trauma*. Penguin Books.

Van Hoorn, A. (2016). The Cultural Roots of Human Capital Accumulation. *Munich Personal RePEc Archive*. https://mpra.ub.uni-muenchen.de/80007/1/MPRA_paper_80007.pdf

Van Lissa, C. J., Keizer, R., Van Lier, P., Meeus, W., & Branje, S. (2019). The role of fathers' versus mothers' parenting in emotion-regulation development from mid-late adolescence: Disentangling between-family differences from within-family effects. *Developmental Psychology, 55*(2), 377-389. http://dx.doi.org/10.1037/dev0000612

Wai Moe. (2015, July 2). Burma's Women Are Still Fighting for Their Rights. *Foreign Policy*. https://foreignpolicy.com/2015/07/02/burmas-women-are-still-fighting-for-their-rights-myanmar/

Winnicott, D. W. (1960). The Theory of the Parent-Infant Relationship. *International Journal of Psychoanalysis, 41*, 585-595.

Women and the Law. (2010). *Women, Enterprise & Society*. https://library.hbs.edu/hc/wes/collections/women_law/

World Bank. (2018). *World Development Report 2018: Learning to Realize Education's Promise*. http://hdl.handle.net/10986/28340

World Health Organization. (2022). *Mental Health and Substance Use*. https://www.who.int/mental_health/en/

# ဖမ်မနင်ဇင်ဝါဒ၏ ရှေ့တန်း စိတ်ခံစားမှုရေးရာလုပ်အား

**စုစုမောင်**[1]

## အကျဉ်းချုပ်

တရားမျှတမှုအတွက် အမျိုးသမီးစက်ရုံအလုပ်သမားများ ပထမဆုံး တိုက်ပွဲဝင်ခဲ့ကြသည့်ကာလ၊ သူတို့၏ ဆန္ဒမဲပေးခွင့်အကြောင်း နားလည်သဘောပေါက်လာကြသည့်ကာလများဖြစ်သော (၁၉) ရာစုနှင့် (၂၀) ရာစုနှစ်များအတွင်း ဖမ်မနင်ဇင်ဝါဒ စတင်ခရီးနှင်လာခဲ့သည်။ အမျိုးသမီးများသည် ပညာရေး၊ အသက်မွေးဝမ်းကျောင်း၊ စီးပွားရေးနှင့် အချို့သော အိမ်တွင်းရေးကဏ္ဍများတွင် အရှိန်အဟုန်ဖြင့် ရှေ့သို့ ရောက်လာခဲ့ပြီး ကမ္ဘာ့နေရာအများစုတွင် အကျိုးခံစားခွင့်များ တိုးမြှင့်ခံစားခွင့် ရှိလာခဲ့သည်။ သို့သော် အရင်းရှင်နှင့် ဖိုပဓာနဝါဒ ကြီးစိုးသည့် လူ့အဖွဲ့အစည်းတွင် စိတ်ခံစားမှုရေးရာလုပ်အား (emotional labor) မှာ အဖိုးအခ မရသည့် လုပ်အားပုံစံ တစ်ခုအနေဖြင့် မျက်ကွယ်ပြုခံထား ရသည်။ မြန်မာအပါအဝင် လူ့အဖွဲ့အစည်း တော်တော်များများတွင် အမျိုးသမီးများသည် စိတ်ခံစားမှုရေးရာလုပ်ငန်းခွင်များတွင် ဝင်ရောက် လုပ်ကိုင်နေကြသည်။ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် စိတ်ခံစားမှုရေးရာလုပ်အားကို မျက်ကွယ်ပြုထားခြင်းသည် ဖိုပဓာနဝါဒ ဆန်သည့် စနစ်ဖြင့် အမျိုးသမီးများ၏ တိုးတက်မှုကို ဟန့်တားထားသည့် ခွဲခြားကန့်သတ်ချက် ဖြစ်ပါသည်။ ထို့ကြောင့် လူမှုအဝန်းအဝိုင်းတွင် စိတ်ပိုင်းနှင့် လူမှုဆိုင်ရာ ချမ်းသာသုခကို ဖြည့်ဆည်းပေးရန် လုပ်ဆောင်နေရသည့်အတွက် အမျိုးသမီးများမှာ သူတို့ရပိုင်ခွင့်များနှင့် ပတ်သက်သည့် လှုပ်ရှားမှုများ ဆောင်ရွက်ရာ၌ ဒေသတွင်းတွင်ဖြစ်စေ၊ နိုင်ငံတကာတွင်ဖြစ်စေ အဟန့်အတားနှင့် ကြုံတွေ့နေရသည်။ အထူးသဖြင့် ကိုလိုနီနယ်ချဲ့ စနစ်နှင့် အာဏာရှင်အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်း (၁၅၀) ကျော်ကြာ ဖိနှိပ်မှု

[1] ဤစာတမ်းနှင့်ပတ်သက်၍ မေးမြန်းလိုသည်များရှိပါက ssmaung@cittaconsultancy.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမျိုးမျိုးကြောင့် ပြည်သူများအတွက် စိတ်ဒဏ်ရာများစွာ ခံစားခဲ့ရသည့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုးတွင် စိတ်ခံစားမှုရေးရာလုပ်အား၏ အရေးပါမှုသည် လေးနက်ပါသည်။ ဖမ်မနင်ဇင်လှုပ်ရှားမှုတွင် ဤလုပ်အားနှင့်ပတ်သက်၍ ခွင့်တူညီမျှမှုနှင့် ရွေးချယ်ခွင့် မရှိပါက ဖိုပခါနဝါဒ ကြီးစိုးမှုကို တိုက်ဖျက်ရန် ခက်ခဲလိမ့်မည်။ စိတ်ခံစားမှုရေးရာ လုပ်အားသည် ဖမ်မနင်ဇင်ဝါဒ၏ နောက်ဆုံးဖြေရှင်းရန် ကျန်နေသည့် ပြဿနာများထဲက တစ်ခုဖြစ်သည်။

## နိဒါန်း

အမျိုးသမီးတစ်ဦးချင်းစီသည် ရာစုနှစ်ပေါင်းများစွာ တတ်နိုင်သမျှနည်းလမ်းများဖြင့် သူတို့၏ ကိုယ်ပိုင်ဆန္ဒကို ဖော်ထုတ်ခြင်းဖြင့် ကိုယ်ပိုင်ဘဝတွင် ဖိုပခါနဝါဒကြီးစိုးသည့်စနစ်ကို ဆန့်ကျင်ခဲ့ကြသော်လည်း[2] အနောက်ကမ္ဘာဘက်ခြမ်းရှိ အမျိုးသမီးစက်ရုံအလုပ်သမားများ၏ အလုပ်သမားသပိတ်ကြောင့် ဖမ်မနင်ဇင်ဝါဒ မှာ လှုပ်ရှားမှုတစ်ခုအဖြစ် စတင်ခဲ့သည်။ ၁၈၃၄ ခုနှစ်မှ ၁၈၄၅ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်၊ လိုဝဲလ်မြို့မှ အမျိုးသမီးစက်ရုံအလုပ်သမားများသည် သပိတ်မှောက်ကြပြီး လစာနည်းသော စက်ရုံအလုပ်ရုံများ၏ ကြမ်းတမ်းသောအခြေအနေများကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြကြရန်အတွက် အလုပ်သမားသမဂ္ဂကို စတင်တည်ထောင်ခဲ့ကြသည်။[3] သူတို့၏ နိုင်ငံရေးအခင်းအကျင်းကို ပြုပြင်ပြောင်းလဲရာတွင် အောင်မြင်မှု ကြီးကြီးမားမားမရခဲ့သော်လည်း တစ်နေ့လျှင် အလုပ်ချိန် (၁၀) နာရီအထိ ကန့်သတ်ရန် လက်မှတ်ရေးထိုးထားသည့် ဥပဒေတစ်ရပ်ကိုမူ အသနား ခံနိုင်ခဲ့သည်။ အမျိုးသမီးများသည် အမျိုးသားများကို ‘သဘာဝအရ ကာကွယ်သူများ’ အဖြစ် အားကိုးမည့်အစား သူတို့ကိုယ်သူတို့ ကာကွယ်ရန်အတွက် တိုက်ပွဲဝင်ခဲ့ကြသည်။ (၁၉) ရာစု အမေရိကန် ပြည်ထောင်စုဥပဒေ

---

[2] အမျိုးသမီးများ၏ ရပိုင်ခွင့်နှင့် တန်းတူညီမျှမှုအတွက် ဖမ်မနင်ဇင်လှုပ်ရှားမှုတစ်ခုအဖြစ် တစ်ဦးချင်းအနေဖြင့် ထောက်ခံ အားပေးခဲ့သည့် အချို့သော ရှေ့ဆောင်လမ်းပြအမျိုးသမီးများမှာ Virginia Woolf၊ Mary Wollstonecraft၊ Olympe de Gouges နှင့် He-Yin Zhen တို့ဖြစ်သည်။

[3] American Federation of Labor, 2022.

တွင် ဥပဒေကြောင်းအရ အမျိုးသားများသည် အမျိုးသမီးများ၏ တရားဝင် အုပ်ထိန်းသူများ ဖြစ်ခဲ့ကြသည်။[4]

မြန်မာနိုင်ငံတွင် အမျိုးသမီးများရပိုင်ခွင့်နှင့် သက်ဆိုင်သည့် ဖမ်မနင်ဇင် လှုပ်ရှားမှုများ (၂၀) ရာစုနှစ် အစောပိုင်းတွင် စတင်ခဲ့ပြီး ၎င်းမှာ အမျိုးသမီးများ အမွေဆက်ခံခွင့်၊ အိမ်ထောင်ရေး ရပိုင်ခွင့်နှင့် အကြမ်းဖက်ခံရခြင်းကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးရန်စသည့် ကိစ္စများနှင့် သက်ဆိုင်ပါသည်။[5] အစောပိုင်း တွင် ထိုလှုပ်ရှားမှုများမှာ ယဉ်ကျေးမှုအဝန်းအဝိုင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ခိုင်မာစေရန်နှင့် အခွင့်ထူးခံရမှု တန်းတူညီမျှရေးအတွက် အရေး ဆိုသော အပေါ်ယံဆန်သည့် လှုပ်ရှားမှုသာဖြစ်ခဲ့ပြီး ဂျန်ဒါရေးရာ ပုံသေကား ကျ ယူဆချက်များကို ခိုင်မာစေခဲ့သည်။ ထို့နောက် လွတ်လပ်ရေးလှုပ်ရှားမှု ခေတ်တွင် အမျိုးသမီးများ၏ လှုပ်ရှားမှုသည် ဝံသာနုလှုပ်ရှားမှု၏ တစ်စိတ် တစ်ပိုင်းအဖြစ်သို့ ပြောင်းလဲခဲ့သည်။ နောက်ပိုင်းတွင် ဆိုရှယ်လစ်ခေတ်နှင့် စစ် အုပ်ချုပ်ရေးခေတ်၏ ဖိနှိပ်ချုပ်ချယ်မှုကာလအတွင်း အမျိုးသမီးအလုပ်သမား များ၊ ကျောင်းသူများနှင့် အမျိုးသမီး တက်ကြွလှုပ်ရှားသူများသည် စစ်မှန်သော ညီအစ်မများသဖွယ် စုပေါင်းရပ်တည်ကြပြီး အမျိုးသမီးများ၏ လှုပ်ရှားမှုကို လူ့အခွင့်အရေးအခြေခံအဖြစ် အသွင်ပြောင်းလဲခဲ့သည်။ အချိန်ကြာလာသည် နှင့်အမျှ မြန်မာ့ဖမ်မနင်ဇင်ဝါဒ လှုပ်ရှားမှုသည် အမျိုးသမီးများအတွက် နိုင်ငံရေးနှင့် စီးပွားရေးနေရာများတွင် တရားမျှတမှု ရရှိရန်အတွက် တိုက်ပွဲဝင် နိုင်ခဲ့သည်။

မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ သဃံဇာတနှင့် လူမှုအဆင့်အတန်းတို့နှင့် ပတ်သက်ပြီး တန်းတူရပိုင်ခွင့်များရရှိရန် မကြာခဏ ဖော်ပြလေ့ရှိသော်လည်း ဆယ်စုနှစ်များစွာကြာ ဖိနှိပ်မှုများ၊ လက်နက်ကိုင် ပဋိပက္ခများနှင့် တိုင်းပြည်၏ စီးပွားရေး ယိုယွင်းလာမှုများ၌ အခြားသော လူမှုရေး၊ နိုင်ငံရေးဖိနှိပ်မှုများနှင့် နှိုင်းယှဉ်ခံရချိန်တိုင်းတွင် အမျိုးသမီးများ၏ ရပိုင်ခွင့်ကိစ္စရပ်များကို ဦးစားပေးအဖြစ် ထည့်သွင်းစဉ်းစားဖြေရှင်းရန် လျော့နည်းသွားစေခဲ့သည်။ (၂၁) ရာစုတွင် မြန်မာနိုင်ငံက အမျိုးသမီးများသည် သူတို့၏ ရပိုင်ခွင့်များအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြပါသည်။ တိုက်ပွဲဟု ဆိုရာတွင်လည်း အများအားဖြင့် တန်းတူညီမျှ ပညာသင်ကြားခွင့်၊ ၎င်းတို့နှင့်

[4] Women and the Law, 2010.

[5] Aye Lei Tun et al., 2019.

ဆက်စပ်သည့် မြေယာရပိုင်ခွင့်များနှင့် အသက်မွေးဝမ်းကျောင်းပြုခွင့် အပါအဝင် အလုပ်သမားရပိုင်ခွင့်များ၊ မြန်မာနိုင်ငံရှိ အမျိုးသမီးအများအပြား ကြုံတွေ့နေရသည့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုမှ အကာအကွယ်ပေးခြင်းနှင့် ၎င်းနှင့်အတူ အခွင့်အရေးများ၊ သူတို့၏ ကိုယ်ခန္ဓာကို ကာကွယ်ပိုင်ခွင့်များ အတွက် တက်ကြွလှုပ်ရှားခြင်းကို ဆိုလိုပါသည်။[6]

အမေရိကန်ပြည်ထောင်စုရှိ လိုဝဲလ်စက်ရုံမှ အမျိုးသမီးအလုပ်သမားများ တရားမျှတမှုအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် (၁၉) ရာစုကစ၍ ၁၉၉၇ ခုနှစ်တွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (CEDAW) တွင် မြန်မာနိုင်ငံမှ ပါဝင် လက်မှတ် ရေးထိုးခွင့်ရသည်အထိ ဖမ်မနင်ဇင်ဝါဒသည် အတိုင်းအတာတစ်ခုအထိ ခရီး ရောက်လာခဲ့သည်။ မြန်မာနိုင်ငံနှင့် အခြားနေရာများတွင် ဂျန်ဒါရေးရာ တန်းတူညီမျှမှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေ့ဆက်လျှောက်ရမည့် ခရီးလမ်းမှာ ရှည်လျားနေသေးသော်လည်း အမျိုးသမီးများသည် ပညာရေး၊ အသက်မွေးဝမ်းကျောင်း၊ စီးပွားရေးနှင့် အိမ်တွင်းရေးကဏ္ဍများတွင် ကမ္ဘာ့ နေရာအများစုရှိ အမျိုးသားများကဲ့သို့ တန်းတူအခွင့်အရေးရနိုင်သည့် အရှိန် အဟုန် မြင့်မားလာခဲ့သည်။ သို့သော် တန်းတူညီမျှမှု ရရှိရန် ရုန်းကန်နေရသည့် အလုပ်သမားပုံစံတစ်မျိုး ကျန်ရှိနေသေးသည်။ ထိုအရာမှာ အဖိုးအခမရသည့် စိတ်ခံစားမှုရေးရာလုပ်အားဖြစ်သည်။ အမျိုးသမီးများပါဝင်သည့် စိတ်ခံစားမှု ရေးရာလုပ်အားကို အသိအမှတ်ပြုရေးအတွက် စတင်ရန် ဖြစ်ပါသည်။[7] အရင်းရှင်နှင့် ဖိုပဓာနဝါဒ ကြီးစိုးသည့် လူ့အဖွဲ့အစည်းများတွင် အခကြေးငွေ မရရှိသော အလုပ်သမားတစ်ဦး အနေဖြင့် စိတ်ခံစားမှုရေးရာလုပ်အားမှာ တန်ဖိုးထားခြင်း မခံရပေ။

---

[6] Google တွင် "မြန်မာပြည်မှ အမျိုးသမီးများရပိုင်ခွင့်" ဟူသော အဓိကစကားလုံး များဖြင့် ရှာဖွေရာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အသက်မွေးဝမ်းကျောင်း ပြုခွင့်နှင့် အလုပ်သမားရပိုင်ခွင့်ဆိုင်ရာ ခေါင်းစဉ်များကို အဓိကအာရုံစိုက်ကာ မြန်မာ နိုင်ငံအတွင်း ရပိုင်ခွင့်များနှင့်ပတ်သက်သည့် လှုပ်ရှားမှုအကြောင်း ဆွေးနွေးသည့် မျက်မှောက်ရေးရာ ဆောင်းပါးများကို ပြသထားသည်။ Asian Development Bank et al., 2016; Ei Thandar Myint, 2016; UN Women Myanmar, 2019; Wai Moe, 2015 တို့ကို ကြည့်ပါ။

[7] Emotional Labor, 2016; Johnson, 2018.

စိတ်ခံစားမှုရေးရာလုပ်အားကို တန်ဖိုးယုတ်လျော့အောင် ပြုလုပ်ခြင်းသည် လုပ်သားဆန် မှုကိုပါ တန်ဖိုးယုတ်လျော့အောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။ အကြောင်းမှုကား ကျွန်မတို့တွင် စာနာမှု၊ ပြုစုပျိုးထောင်မှု၊ အပြန်အလှန် ဂရုစိုက်ဖေးမမှု၊ အချင်းချင်း ခင်မင်ရင်းနှီးမှုရှိသလို ကျွန်မတို့၏ စေတနာစိတ်၌ ကိုယ်ကျင့်တရား ကောင်းမွန်မှုနှင့် လုပ်သားဆန်မှုကို ရှာဖွေတွေ့ရှိနိုင်သည့် စွမ်းရည်ရှိသောကြောင့် ဖြစ်ပါသည်။ ၎င်းသည် အနုပညာလက်ရာများကို ဖန်တီးနိုင်ခြင်း၊ အနာဂတ်အတွက် မျှော်မှန်းချက်အမြင်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အိပ်မက်များအတွက် ကြံ့ကြံ့ခံနိုင်ခြင်း၊ သင်ခန်းစာများကို ထိထိရောက်ရောက် လေ့လာသင်ယူနိုင်ပြီး ယဉ်ကျေးမှုဆိုင်ရာ လူ့အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်စေမည့် စိတ်ခံစားမှုများကို ခံစားစီမံခန့်ခွဲနိုင်သည့် စွမ်းရည်လည်း ဖြစ်ပါသည်။ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပြုစုပျိုးထောင်ပေးခြင်းနှင့် နှလုံးရည် တိုးတက်မှုကို ပံ့ပိုးပေးခြင်းမှာ လူ့ယဉ်ကျေးမှုအတွက် ဒေါက်တိုင်တစ်ခု ဖြစ်သည်။ ထိုအခြင်းအရာများ၏ အရေးပါမှုတန်ဖိုးကို နှိမ့်ချ၍ မရနိုင်သော်လည်း အရေးတယူပြုမှု အားနည်းခဲ့ပါသည်။ မြန်မာနိုင်ငံရှိ စိတ်ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ရန်ပုံငွေအနည်းငယ်မျှသာ ခွဲဝေထားသည့်အချက်[8] (သို့မဟုတ်) CCI France Myanmar ၏ အစီရင်ခံစာအတိုင်း ကလေးထိန်း လုပ်သားများနှင့် ဆရာများကို ပေးဆောင်သည့် နည်းပါးသော လုပ်ခလစာများ[9]အရ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ကျွန်မတို့၏ လူ့အဖွဲ့အစည်း၌ စိတ်ခံစားမှုရေးရာ လုပ်အားကို အလေးထားမှု မည်မျှနည်းနေကြောင်း သိသာစွာ မြင်နိုင်ပါသည်။

## စိတ်ခံစားမှုရေးရာလုပ်အား၏ ပုံစံများနှင့် ၎င်းကို ဖြန့်ကြက်ခြင်း

စိတ်ခံစားမှုရေးရာလုပ်အားနှင့်ပတ်သက်၍ လူမှုရေးသိပ္ပံစာပေများတွင် တစ်သမတ်တည်း အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိပါ။ Hochschild တွင် ဖွင့်ဆိုချက်အရ စိတ်ခံစားမှုရေးရာလုပ်အားဟုဆိုရာတွင် နေ့စဉ်ဘဝ၌ စိတ်ခံစားမှုများကို စီမံခန့်ခွဲခြင်းနှင့် တင်ပြခြင်းတို့ ပါဝင်သည်။[10] ဤစိတ်ပိုင်းဆိုင်ရာ

[8] Nguyen et al., 2018.
[9] CCI France Myanmar, 2019.
[10] As cited in Brook, 2019.

အလုပ်သည် အခြားသူများ၏ သုခချမ်းသာကို မြှင့်တင်ပေးရန်နှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုပေးရန် လုပ်ဆောင်ပါသည်။[11] အချို့သော အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် စိတ်ကျန်းမာရေးနှင့်ပါ သက်ဆိုင်သည့် လုပ်အား (mental labor) ကိုပါ ထည့်သွင်းထားသည်။ စိတ်ကျန်းမာရေးနှင့်ပါ သက်ဆိုင်သည့်လုပ်အားဟု စဉ်းစားရာတွင် အခြားလူများအတွက် ပြုဖွယ်ဆောင်တာ စည်းမျဉ်းများ ချမှတ်ခြင်းနှင့် အစီအမံများ စီစဉ်ထားရှိခြင်းတို့လည်း ပါဝင်ပါသည်။[12] စိတ်ပိုင်းဆိုင်ရာ (mental process) နှင့် စိတ်ခံစားမှု ဆိုင်ရာ (emotional process) ဖြစ်စဉ်များတွင် ကွဲပြားသော အစိတ်အပိုင်းများ ရှိနိုင်သော်လည်း အဆိုပါ ကိုယ်တွင်းဆိုင်ရာ အလုပ်နှစ်မျိုး၏ အပြန်အလှန်ဆက်စပ်မှုသွင်ပြင်များလည်း ရှိပါသည်။ စိတ်ကျန်းမာရေးနှင့်ပါ သက်ဆိုင်သည့် လုပ်အားပုံစံ မည်သို့ လုပ်ဆောင်သည်ကို အချင်းချင်းကြား ဆက်ဆံရေးကို ဖြည့်ဆည်းပေးခြင်းနှင့် ထိုဆက်ဆံရေးကို ထိန်းသိမ်းပေးရာ၌ အထူးသဖြင့် တွေ့မြင်နိုင်သည်။ စိတ်ခံစားမှုရေးရာလုပ်အားပုံစံကို မိဘနှင့် သားသမီး၊ အိမ်ထောင်ရေးဘဝ၊ ဇနီးမောင်နှံများနှင့် မိသားစုဝင်များအကြား ရင်းနှီးသော ဆက်ဆံရေးများတွင် အများဆုံး တွေ့မြင်နိုင်သည်။ အချို့သော စိတ်ခံစားမှုရေးရာလုပ်အား ပုံစံကို ခရီးသွားလုပ်ငန်း၊ သူနာပြု၊ အတိုင်ပင်ခံလုပ်ငန်း၊ သင်ကြားမှု၊ အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းခွင်များတွင် အထောက်အကူပြုသည့် ဝန်ထမ်းရာထူးများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများနှင့် တက်ကြွလှုပ်ရှားအရေးဆိုမှုကဲ့သို့သော ဝန်ဆောင်မှုနှင့် စောင့်ရှောက်မှုလုပ်ငန်းများတွင် တွေ့မြင်နိုင်သည်။

စိတ်ခံစားမှုကို အပြင်းထန်ဆုံးနှင့် အကြမ်းဆုံး ချိုးဖောက်သည့် ပုံစံတစ်မျိုးမှာ အမျိုးသမီးများအပေါ် ကျူးလွန်သည့် မုဒိမ်းမှုနှင့် အိမ်ထောင်ဖက်က အကြမ်းဖက်ခြင်းကဲ့သို့သော ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုများသည် အဖြစ်များသော ကျူးလွန်မှုပုံစံများဖြစ်ကြပြီး ကျူးလွန်သူတို့၏ စိတ်ပိုင်းဆိုင်ရာအာသီသ မပြေပျောက်မှုကြောင့် ကလေးများပင်လျှင် ထိုအကြမ်းဖက်မှုကို ခံစားရသူများ ဖြစ်လာကြသည်။ ကျူးလွန်သူများက အခြားသူများကို ချုပ်ကိုင်နိုင်အောင်နှင့် အပြုကျင့်ခံဖြစ်အောင် ဤပုံစံက ခွင့်ပြုထားသဖြင့်

[11] Umberson et al., 2015.

[12] Resch, 1989, p. 103.

အကျိုးဆက်အားဖြင့် အမျိုးသားများကျင့်သုံးသော ဖိုပဓာနဝါဒကြောင့် လူသား တန်ဖိုး ယုတ်လျော့စေသည့် သားကောင်များ ဖြစ်လာရသည်။[13] မြန်မာနိုင်ငံ တွင် ဂျန်ဒါအခြေပြုအကြမ်းဖက်မှုများသည် ပြည်တွင်းစစ်အတွင်း မကြာခဏ ဖြစ်ပွားလေ့ရှိပြီး တိုက်ပွဲအတွေ့အကြုံများအရနှင့် တိုက်ခိုက်ရေးသမားများ အဖြစ် လူမှုဘောင်သွင်းထားခံရသည့် စစ်သားများက ကျူးလွန်လေ့ရှိကြသည်။ အိမ်ထောင်သည် ဇနီးမောင်နှံများတွင်လည်း ယဉ်ကျေးမှုအရ ဂျန်ဒါ အခန်း ကဏ္ဍကို တင်းကျပ်စွာ လူမှုဘောင်သွင်းမှုကြောင့် အိမ်ထောင်ဦးစီးဖြစ်သော အမျိုးသားများမှာ စီးပွားရေးဆိုင်ရာ အလိုမကျမှုများ၊ မလုံခြုံမှုများနှင့် အနုစား ရန်လိုမှုများ ခံစားရပြီး သူတို့ကိုယ်တွင်းတွင် ရှုပ်ထွေးသော စိတ်ဒဏ်ရာများ လည်း ရှိနေပါသည်။[14]

မိသားစုကဏ္ဍတွင် အမျိုးသားများသည် ကလေးပြုစုစောင့်ရှောက်ရေးနှင့် အိမ်မှုကိစ္စများ၌ ပိုမိုပါဝင်လာကြသော်လည်း အများစုမှာ ခံစားချက်ဆိုင်ရာ အလုပ်များထက် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အလုပ်များကိုသာ ပို၍ လုပ်ဆောင်ကြပါသည်။ နိုင်ငံ၏ ပွင့်လင်းလာမှုကြောင့် ကမ္ဘာ့ရေစီး ကြောင်းများနှင့် ထိတွေ့မှုမှတစ်ဆင့် မြန်မာနိုင်ငံရှိ အမျိုးသားများသည်လည်း ဤပုံစံကို ကျင့်သုံးလာနိုင်ကြသည်။ သို့သော်လည်း အမျိုးသမီးများအနေဖြင့် အမျိုးသားများထက် စိတ်ကျန်းမာရေးပိုင်းဆိုင်ရာနှင့် စိတ်ခံစားချက်ပိုင်းဆိုင် ရာအလုပ်များကို ပိုမိုလုပ်ဆောင်နေကြရဆဲဖြစ်သည်။[15] မိသားစုကို ပြုစုစောင့် ရှောက်ခြင်းနှင့် ပျိုးထောင်ခြင်းအလုပ်ကို အမျိုးသမီးများထံသို့သာ လွှဲအပ်ထား ဆဲဖြစ်သည့် မြန်မာနိုင်ငံတွင် အမျိုးသမီးအများစုအတွက် ထိုအချက်မှာ မှန်

---

[13] hooks, 2004.

[14] မြန်မာနိုင်ငံတွင် အမျိုးသားများ တွေ့ကြုံခံစားခဲ့ရသည့် ယဉ်ကျေးမှုနှင့် လူမှုရေး၊ နိုင်ငံရေး စိတ်ဒဏ်ရာများကို စူးစမ်းလေ့လာသည့် သုတေသနအများအပြား မရှိ သော်လည်း ဤအနုမာနလေ့လာဆန်းစစ်ချက်သည် မြန်မာပြည်တွင် စစ်ပွဲများကို ဖြတ်သန်းခဲ့ဖူးပြီး Post-Traumatic Stress Disorder ကြုံတွေ့ခံစားခဲ့ရသည့် အခြား နိုင်ငံများမှ စစ်သည်များ ပြန်လည်ရေးသားပြုစုသည့် မြန်မာနိုင်ငံရှိ အမျိုးသားများ နှင့်ပတ်သက်သည့် ပုံတိုပတ်စများနှင့် bell hooks ရေးသားသည့် အမျိုးသားများ၏ ချစ်ခြင်းမေတ္တာဆိုင်ရာ ရေးသားချက်များကဲ့သို့သော အချက်အလက်များ ပြည့်စုံ ကြွယ်ဝသည့် သုတေသနစာတမ်းများမှ သိရှိရခြင်းဖြစ်သည်။

[15] Schoppe-Sullivan, 2017.

ကန်နေဆဲဖြစ်သည်။[16] အမျိုးသားများသည် မီးဖိုချောင်ကိစ္စ ပြင်ဆင်ပေးခြင်းနှင့် စီစဉ်ပေးခြင်းကဲ့သို့သော ချက်ပြုတ်ရေးကိစ္စများတွင် ပါဝင်လုပ်ဆောင်နိုင်သော်လည်း မိသားစုဝင်တွေက ဘာစားချင်သည်၊ သူတို့အကြိုက် မည်သို့ပြင်ဆင်ပေးရမည် အစရှိသည်ကို အလိုက်သိခြင်းအားဖြင့် မိသားစုဝင်များအကြား လေးနက်သည့် ချစ်ခြင်းမေတ္တာနှင့် လေးစားမှုကို တိုးပွားစေနိုင်မည့် အကြောင်းအရာများကိုမူ ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အခြားသူတို့၏ ကြိုက်နှစ်သက်မှုကို ထည့်သွင်းစဉ်းစားခြင်းသည် စိတ်ခံစားမှုပိုင်းဆိုင်ရာ အလုပ် ဖြစ်သည်။ ဖခင်များသည် ကလေးအတွက် အနှီးလဲပေးခြင်း သို့မဟုတ် ကလေးကို ကြည့်ရှုစောင့်ရှောက်ရာတွင် ကူညီပေးနိုင်သော်လည်း ကလေးနှင့်အတူ မကစားနိုင်ဘဲ သို့မဟုတ် မိခင်တွေလို ကလေး၏ လိုအပ်ချက်ကို စဉ်ဆက်မပြတ် ဂရုတစိုက်လုပ်ဆောင်မပေးဘဲ တုံ့ပြန်ရုံမျှသာ ပြုလုပ်ကြသည်။

မိနစ်တိုင်း အပြောင်းအလဲဖြစ်နေသော မွေးကင်းစကလေးငယ်၏ လိုအပ်ချက်များကို တုံ့ပြန်ပေးခြင်းနှင့် နေ့စဉ်ပြုစုစောင့်ရှောက်ပေးခြင်းအားဖြင့် ကလေးကို ထိန်းကျောင်းပံ့သွင်းပေးနိုင်သော ဝန်းကျင်ကို ဖန်တီးပေးနိုင်ပါသည်။ Winnicott က မွေးကင်းစကလေးငယ်၏ ဘေးကင်းမှု၊ ကျေနပ်နှစ်သိမ့်မှုနှင့် ပေါင်းစည်းမှုဆိုင်ရာ ခံစားချက်များ မည်သို့ရှိကြောင်း ဖော်ပြရာတွင် သူ့ကို ပြုစုစောင့်ရှောက်သူ တစ်ဦးဆီကလာသည့် စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် စိတ္တဗေဒပိုင်းဆိုင်ရာ ချုပ်ကိုင်နိုင်မှု၏ အရေးပါအရာရောက်မှုကို ထည့်သွင်းဆွေးနွေးခဲ့သည်။[17] ဤရှုထောင့်မှကြည့်လျှင် ဖခင်များသည် ကလေးကို ဂရုစိုက်ကြပြီး မိခင်များကသာ ကလေးကို ပြုစုစောင့်ရှောက်ကြသည်။ တစ်နည်းဆိုရသော် ဖခင်များက သူတို့တာဝန် ပြီးမြောက်စေရန်အတွက်သာ ကလေးကို ဂရုစိုက်ကြပြီး မိခင်များကမူ ဝန်ဆောင်မှုပေးရသည့် ပုံစံမျိုးဖြင့် ကလေးကို ဝတ္တရားတစ်ခုသဖွယ် စဉ်ဆက်မပြတ် စောင့်ရှောက်မှု ပေးနေကြရသည်။ ပြုစုစောင့်ရှောက်မှု ဤပုံစံနှစ်မျိုးတွင် ရင်းနှီးထည့်ဝင်ရမှုများ ကွာခြားပါသည်။ တစ်စုံတစ်ခုသည် အလုပ်တာဝန်ဖြစ်လာသောအခါ ယင်းသည် အကျဉ်းရုံးမျှသော ခဏတာ အားထုတ်ကြိုးပမ်းမှုသာ လိုအပ်သည်။ တစ်စုံတစ်ခုသည် ဝန်ဆောင်မှုသဖွယ် ဖြစ်လာသောအခါ လွယ်လင့်တကူ တုံ့ပြန်

[16] Pyo Let Han, 2019.
[17] Winnicott, 1960.

လုပ်ဆောင်ပေးရန်အတွက် ဝန်းကျင်တစ်ခုဖန်တီးကာ အသင့်ရှိပေးနေရခြင်းနှင့် အပြန်အလှန်ဆက်သွယ်မှုပြုရခြင်းတို့လုပ်ရန် လိုအပ်လာပါသည်။ ထိုသို့ဖြစ်ရန်အတွက် ကာလရှည်ကြာစွာ အစဉ်တစိုက် အမြဲတစေ ဂရုစိုက်မှုပေးနေရပါသည်။ ထို့ကြောင့် ကလေးများကို ပြုစုစောင့်ရှောက်ပေးသည့် စိတ်ကျန်းမာရေးပိုင်းဆိုင်ရာနှင့် စိတ်ခံစားချက်ပိုင်းဆိုင်ရာ လုပ်အားများ၏ အရည်အသွေးနှင့် အရေအတွက်သည် ကျွန်မတို့၏ လူ့အဖွဲ့အစည်းအများစုရှိ ဖခင်များနှင့် မိခင်များကြားတွင် ကွဲပြားပါသည်။[18]

စိတ်ပညာရှင် Wilfred Bion က ကလေးငယ်ကို စောင့်ရှောက်သူသည် ကလေးငယ်၏ စိတ်ခံစားမှုဆိုင်ရာ အလားအလာများကို ထိန်းညှိ၍ လက်ခံပြောင်းလဲပေးရန် လိုအပ်ကြောင်း ဖော်ပြခဲ့သည်။[19] ကလေးများ ကြီးထွားဖွံ့ဖြိုးလာချိန်တွင် သူတို့၏ အကဲဆတ်မှုနှင့် ခံနိုင်ရည်ရှိမှုကို မလွဲမသွေမြင်တွေ့နိုင်ပါသည်။ ထို့ကြောင့် မိဘများသည် သားသမီးများ၏ စိတ်ခံစားမှုဆိုင်ရာ အလားအလာများကို လက်ခံပြီး အသွင်ပြောင်းပေးရန် လိုအပ်သည်။ မိဘများသာမက သားသမီးများပါ သူတို့ခံစားရသည့် ပြင်းထန်သည့် စိတ်ခံစားချက်များကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်ရန် လိုအပ်ပါသည်။ ထို့အတူ သားသမီးများကို သူတို့ လိုအပ်ချက်ကို သူတို့ကိုယ်တိုင် ဖြည့်စွမ်းနိုင်ရန်အတွက် ပိုမိုထိရောက်သည့် နည်းလမ်းများကို သင်ကြားပေးရမည် ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ကလေးကို ကြိမ်းမောင်းခြင်း သို့မဟုတ် ပြစ်ဒဏ်ခတ်ခြင်းပုံစံဖြင့် မိဘက ထိန်းကျောင်းမှုမျိုး မပြုလုပ်ရန် လိုအပ်သည်။ ဖခင်များသည် ကလေး၏ အပြုအမူဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအတွက် ဆုံးမနေရချိန်တွင် မိခင်များကမူ သားသမီးများအတွက် စိတ်ခံစားချက်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများကို ပေးရလေ့ရှိသည်။ ကလေးများ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် တွန်းအားပေးသည့် ဆက်ဆံရေးပုံစံဖြင့် ဖခင်များက ကလေး၏ အပြုအမူကို ထိန်းသိမ်းပဲ့ပြင်ပေးနိုင်ပါသည်။ ထိုပုံစံမှာ ပြင်ပအနေအထားနှင့် အပြုအမူများအလျောက် တုံ့ပြန်သည့်ပုံစံဖြစ်သဖြင့် ထိန်းချုပ်ကန့်သတ်မှု နည်းပါးပါသည်။ သို့သော် စိတ်ခံစားချက်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးရာတွင် အခြားသူတစ်ဦး၏ ခံစားချက်များကို နားလည်လက်ခံရန်နှင့် ၎င်းတို့ကို အသွင်ပြောင်း၍

[18] Schoppe-Sullivan, 2017.
[19] Perry, 2010.

ထိန်းညှိပေးရန် လိုအပ်သည်။ ဤအချက်ကို ဖခင်များထက် မိခင်များတွင် လုပ်နိုင်စွမ်း ပိုတွေ့ရသည်။[20]

ဤသည်မှာ စိတ်ခံစားမှုရေးရာလုပ်အားကို မိခင်များထက်ပိုပြီး မလုပ်ဆောင်နိုင်သော ဖခင်များ မရှိဟု ဆိုလိုခြင်း မဟုတ်ပါ။ မည်သို့ပင်ဆိုစေကာမူ ပတ်ဝန်းကျင်နှင့် ကလေးများအတွက် ဂရုတစိုက်ထိန်းကျောင်းပေးရသည့် စိတ်ခံစားမှုရေးရာ လုပ်အားဝေစု အများအပြားကိုမူ မိခင်များကသာ အဓိကတာဝန်ယူထားကြသည်။ ဤစိတ်ခံစားမှုရေးရာ လုပ်အားနှင့် ပတ်သက်၍ မမျှတမှုသည် ကလေးပြုစုပျိုးထောင်ရေးသာမက ဇနီးမောင်နှံများအကြား၊ အရွယ်ရောက်ပြီးသော သားသမီးများနှင့် သက်ကြီးရွယ်အိုမိဘများအကြား ကဲ့သို့သော မိသားစုကို ပြုစုစောင့်ရှောက်သည့် အခြားဆက်ဆံရေးများ အတွက်ပါ လုပ်ဆောင်ပေးနေရခြင်းကြောင့် ဖြစ်သည်။ အမျိုးသမီးများသည် ဆက်ဆံရေးပြဿနာများကို ဆွေးနွေးခြင်း၊ လက်တွဲဖော်တို့၏ စိတ်ခံစားချက်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးပေးခြင်းနှင့် ရင်းနှီးသော မိတ်ဖက်ဆက်ဆံရေးများတွင် သဟဇာတဖြစ်အောင် ဖန်တီးရန်အတွက် သူတို့၏ ကိုယ်ပိုင်ခံစားချက်များကို ထိန်းညှိပေးခြင်းအားဖြင့် စိတ်ခံစားချက်ဆိုင်ရာ အလုပ်အတွက် လေ့ကျင့်ထားကြသည်။[21] အမေရိကန်ပြည်ထောင်စုတွင် သက်ကြီးရွယ်အိုမိဘများနှင့် အခြားမိသားစုဝင်များနှင့် မိတ်ဆွေများကို ပြုစုစောင့်ရှောက်ပေးသူများ၏ (၆၆%) မှာ အမျိုးသမီးများဖြစ်ပြီး သူတို့၏ အလွတ်သဘော စောင့်ရှောက်မှုတန်ဖိုးသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၁၄၈) ဘီလီယံမှ (၁၈၈) ဘီလီယံကြား ရှိသည်။[22] မြန်မာနိုင်ငံတွင် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုသိပ္ပံသုတေသနများ နည်းပါးသည့်အတွက် အမျိုးသမီးများ၏ စိတ်ခံစားမှုရေးရာ လုပ်အားနှင့် ပတ်သက်သည့် သုတေသနများလည်း ရှားပါးနေသေးသည်။ ယဉ်ကျေးမှုအများစုတွင် ရေးရိုးဆန်သော ဂျန်ဒါရေးရာ အခန်းကဏ္ဍများကြောင့် ဖြစ်နိုင်သည်ဟု ယူဆနိုင်သည်။

---

[20] Bentley & Fox, 1991; van Lissa et al., 2019.

[21] Umberson et al., 2015.

[22] National Center on Caregiving, 2003.

## စိတ်ခံစားမှုဆိုင်ရာ ဘောဂဗေဒ၏ ဖယ်ကြဉ်ခံရမှု

စိတ်ခံစားမှုများကို ခံစားစီမံခန့်ခွဲရန်အလုပ်မှာ အမျိုးသမီးများအတွက်သာမက ဘဲ အမျိုးသားများနှင့်လည်း သက်ဆိုင်သည်။ အမျိုးသားများသည် စိတ်ခံစားမှု နှင့်ပါ သက်ဆိုင်သည့်အလုပ်ကို တာဝန်မယူသောအခါ ဖိုပဓာနဝါဒကြီးစိုး သည့်စနစ်၏ ဆိုးကျိုးကိုပါ သူတို့ကိုယ်တိုင် ခံစားရနိုင်သည်။ ထိုအကြောင်းကို bell hooks က အောက်ပါအတိုင်း ဆွေးနွေးထားသည်။

> အမျိုးသားများ ပြဋ္ဌာန်းထားသည့် ဖိုပဓနဝါဒ၏ ပထမဆုံး အကြမ်းဖက်မှုက အမျိုးသမီးများကို အကြမ်းဖက်ရန် မဟုတ်ပါ။ ၎င်းအစား သူတို့၏ ကိုယ်တွင်း အတ္တများကို ဖြတ်တောက် ပစ်ရန်အတွက် ကိုယ့်ခံစားချက်ကို ကိုယ်တိုင် သင်းသတ်ဖို့ရာ ဖိုပဓာနဝါဒက ပြဋ္ဌာန်းထားသည်။ အကယ်၍ မိမိကိုယ်မိမိ စိတ်ခံစားမှုပိုင်းဆိုင်ရာ နာကျင်အောင် မပြုလုပ်နိုင်လျှင် ဖိုပဓာနဆန်သည့် အမျိုးသားတစ်ယောက်အဖို့ သူ့တန်ခိုး အာဏာအတွက် ကိုယ့်အတ္တကို ပြန်လည်ချေမှုန်းရမည်ကဲ့သို့ ဖြစ်စေသည်။[23]

အမျိုးသားများအဖို့ ထိုသို့ လုပ်ကိုင်နိုင်စွမ်းဆုံးရှုံးမှုသည် သူတို့၏ လူသား ဂုဏ်ရည်ကိုပါ ဆုံးရှုံးမှု ဖြစ်စေသည်။ လူသားများသည် ဦးနှောက်နှင့် ဆက်သွယ်ထားသည့် အာရုံကြောစနစ်နှင့် ချိတ်ဆက်ထားသည့်အတွက် ဘဝတူလူသားများ၏ စိတ်ခံစားချက်များကို ဖမ်းယူခံစားနိုင်သည့်စွမ်းရည် ရှိကြသည်။[24] လူသားအားလုံးအတွက် ကောင်းကျိုးဆောင်နိုင်သည့် စွမ်းရည်ရှိ လာစေရန် အခြားသူများနှင့် မျိုးစုံ ထိတွေ့ဆက်ဆံရာတွင် အလိုအလျောက် ဖြစ်ပေါ်လာသော တုံ့ပြန်ခံစားချက်မှ ထွက်ပေါ်လာသည့် ကိုယ်ပိုင်ခံစားချက် များကို ထိန်းညှိပေးရန် လိုအပ်ပါသည်။ ထို့ကြောင့် စိတ်ခံစားမှုနှင့် သက်ဆိုင် သည့် အလုပ်ဆိုသည်မှာ လူသားတို့ မိမိဝန်းကျင်ကို ပြန်လည်တုံ့ပြန်မှု ပြုလုပ် ခြင်းကို ဆိုလိုသည်။ အမျိုးသမီးများ၏ စစ်မှန်သော ပကတိခံစားချက်များ

[23] hooks, 2004, p. 66.
[24] Acharya & Shukla, 2012.

သာမက အားနည်းပြီး လူနည်းစုဖြစ်သော လိင်အုပ်စုဝင်များ၊ လူမျိုးစုငယ်များ၊ ကလေးများနှင့် လူငယ်များ၊ အခွင့်ထူးခံမဟုတ်သည့် လူတန်းစားနှင့် အမျိုးသားများမှာလည်း ဖိုပဓာနကြီးစိုးသည့်စနစ်အောက်တွင် ဖိနှိပ်ဖယ်ကြဉ် ထားခံရသည်။

ကျွန်မ၏ မြန်မာပြည်တွင်း ကုသရေးနှင့် သင်ကြားရေးလုပ်ငန်း အတွေ့ အကြုံများအရ အမျိုးသမီးများသည် သူတို့ခံစားချက်များကို စီမံထိန်းညှိရာတွင် စိတ်ခံစားမှုဆိုင်ရာ ဝေါဟာရကြွယ်ဝကြကြောင်း ကြုံတွေ့ခဲ့ဖူးသည်။ စိတ်ဖိစီး မှုစီမံခန့်ခွဲခြင်းနှင့် မိမိကိုယ်ကိုစောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ များတွင် စိတ်အပန်းဖြေအနားယူမှုနှင့် စိတ်ဖိစီးမှုသက်သာစေရန်အတွက် ကျန်းမာရေးဆိုင်ရာ နည်းလမ်းများအကြောင်း မျှဝေနိုင်သူများမှာ များသော အားဖြင့် အမျိုးသမီးများ ဖြစ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ အမျိုးသား အချို့သည် သူတို့အပေါ်တွင် အုပ်စိုးနေသော ဖိုပဓာနဝါဒ၏ ကန့်သတ်မှုများ ကြောင့် သူတို့၏ စိတ်ခံစားချက်များကို ထိန်းညှိပေးနိုင်သည့် ထိရောက်သော ရပ်ဝန်းနှင့် ဘာသာစကားများအကြောင်းကို လေ့လာရန် အခက်အခဲရှိနေကြ ပါသည်။ ပြုစုစောင့်ရှောက်ရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စိတ် ခံစားမှုရေးရာလုပ်ငန်းကို ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းအဖြစ် သတ်မှတ်ထား သည့်နယ်ပယ်တွင် အမျိုးသားကျောင်းဆရာ၊ သူနာပြု၊ ဆွေးနွေးအတိုင်ပင်ခံများ ရှားပါးနေသဖြင့် အမျိုးသားများ၏ မိမိခံစားချက်ကို ကိုယ်တိုင် သင်းသတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်ကို မြင်တွေ့ နိုင်ပါသည်။

လူသားအတွေ့အကြုံနှင့် စိတ်ခံစားချက်များကို မည်သည့်အတွက် ကြောင့်နှင့် မည်ကဲ့သို့ သင်းသတ်ခဲ့၊ တန်ဖိုးချခဲ့၊ ဖယ်ကြဉ်ခဲ့ရသည်ကို ခြေရာခံ ကြည့်လျှင် ဖိုပဓာနဝါဒစနစ်၏ စံတန်ဖိုးများကြောင့်ဟု တွေ့နိုင်ပါသည်။ ဖိုပဓာနကြီးစိုးသည့်ဝါဒဆိုသည်မှာ ခွဲထုတ်ပိုင်းခြားခြင်း၊ ပြိုင်ဆိုင်ခြင်းနှင့် အထက် အောက်ခွဲခြားစုဖွဲ့ထားခြင်းဟူ၍ သတ်မှတ်နိုင်ပါသည်။[25] လူသား အချင်းချင်းအကြား ဆက်သွယ်ဆောင်ရွက်မှုများကြောင့် စာနာစိတ်နှင့် အချင်း ချင်းနားလည်မှုများ ဖြစ်ထွန်းလာသည့်အခါ အထက်အောက်ခွဲခြားစုဖွဲ့မှုကို ပြိုကွဲသွားစေသည်။ အချိတ်အဆက်မိလာသည်နှင့်အမျှ ခွဲထုတ်ပိုင်းခြားထား

[25] Sultana, 2012.

ခြင်းကို တည်တံ့စေရန် ခက်ခဲလာသည်။ ချိတ်ဆက်မှုများသည် ပြိုင်ဆိုင်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပူးပေါင်းဆောင်ရွက်မှုကို ဖန်တီးပေးပါသည်။ မိန်းမတို့၏ အတွေ့အကြုံသည် ချိတ်ဆက်မှုများဖြင့် အခြေခံထားသည့် သွင်ပြင်လက္ခဏာ ဖြစ်သည်။[26] အမျိုးသမီးအတွေ့အကြုံများနှင့် ၎င်းတို့၏ လူ့အခွင့်အရေးများကို တန်ဖိုးထားခြင်းဖြင့် ဖမ်မနင်ဇင်ဝါဒကို ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ခံစားချက်အခြေခံရှိမှုဟု အဓိပ္ပာယ်ဖွင့်သင့်သည်။ ပုဂ္ဂလမိဋ္ဌာန်ခံစားချက်အခြေခံရှိမှု၏ ဝိသေသတစ်ခုမှာ စိတ်ခံစားမှုနယ်ပယ်ဖြစ်သည်။

သရဖီသန်း၊ ပျိုးလက်ဟန်နှင့် ရွှန်းလဲ့ဆွေရည်တို့က မြန်မာနိုင်ငံတွင် ဂျန်ဒါနှင့် လူမှုရေးအရ တရားမျှတမှု သို့မဟုတ် အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း စသည့် ခေါင်းစဉ်များအောက်တွင် ဖမ်မနင်ဇင်ဝါဒ မည်သို့ရှိနေသည်ကို ဆွေးနွေးခဲ့သည်။[27] ဖမ်မနင်ဇင်ဝါဒသည် ဂျန်ဒါတန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ ရပိုင်ခွင့်များဆီသို့ ဦးတည်လာခဲ့သည်။ ဤခေါင်းစဉ်နှင့် အကြောင်းတရားများသည် Andrienne Rich နှင့် bell hooks တို့၏ ဖမ်မနင်ဇင်ဝါဒမူများအရ ဖမ်မနင်ဇင်က ကိုင်တွယ်ဖြေရှင်း၊ ဖွင့်ဆိုပေးမည့် လူမှုရေးနှင့် ဂျန်ဒါ ဆက်သွယ်မှုပုံစံများနှင့် လူသား၏ စိတ်ခံစားမှုလိုအပ်ချက်များအကြောင်းထက် ပါဝါအာဏာခွဲဝေမှု၊ ဓမ္မဓိဋ္ဌာန်ကျ တရားမျှတမှုနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာတို့နှင့် ပိုမို သက်ဆိုင်ပါသည်။[28] မြန်မာနိုင်ငံရှိ ဖမ်မနင်ဇင်ဝါဒသည် ပြည်သူများ၏ ဆင်းရဲဒုက္ခများကို ကုစားပေးခြင်း၊ စောင့်ရှောက်ပေးခြင်းနှင့် ပြုစုပျိုးထောင်ပေးခြင်းအတွက် လုံလုံလောက်လောက် ဦးတည်ထားနိုင်ခြင်း မရှိသေးပေ။ တစ်ဦးအပေါ်တစ်ဦး လွှမ်းမိုးမှုရှိနိုင်မည့်၊ ကျွန်မတို့ကို ပြန်လည်သန်စွမ်းလာစေမည့် စိတ်ခံစားချက်ဆိုင်ရာနှင့်

---

[26] Jordan et al., 1991.

[27] Tharapi Than et al., 2018.

[28] Adrienne Rich က သူမ၏ Of Woman Born: Motherhood as Experience and Institution စာအုပ်တွင် အမျိုးသားများအတွက် မိခင်များနှင့် အမျိုးသမီးများက ပြုစုပျိုးထောင်သူအဖြစ် တာဝန်ယူရသည့် အလုပ်အကြောင်း ဆွေးနွေးခဲ့ပြီး bell hooks က The Will to Change: Men, Masculinity and Love, and Communion: The Female Search for Love ကဲ့သို့သော ချစ်ရေးချစ်ရာနှင့်ပတ်သက်သည့် သူမ၏ စာအုပ်များစွာတွင် အမျိုးသားများနှင့် အမျိုးသမီးများ၏ စိတ်ခံစားမှုဆိုင်ရာ အလုပ်များအကြောင်း ဆွေးနွေးခဲ့သည်။

ဆက်နွှယ်မှုဆိုင်ရာ အချိတ်အဆက်များအကြောင်းကို မသတ်မှတ်၊ မဖော်ထုတ်နိုင်သေးပါ။

Handunnetti နှင့် နန်းဖြူဖြူလင်းတို့၏[29] အဆိုအရ မီဒီယာနှင့် ယဉ်ကျေးမှုသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများကို စိတ်ခံစားချက်နှင့် စိတ်ကျန်းမာရေးဆိုင်ရာလုပ်အားကို ထမ်းဆောင်နေရသည့် အခန်းကဏ္ဍတွင် အဓိကကျသော အိမ်ရှင်မများ၊ မိသားစု၏ အဓိက ပုံရိပ်များအဖြစ် ပုံဖော်ထားဆဲ ဖြစ်သည်။ ဤအခန်းကဏ္ဍ၏ အရေးပါမှုအကြောင်းကို လက်ရှိ ဖမ်မနင်ဇင်ဝါဒီလှုပ်ရှားမှုများတွင် ပြည့်ပြည့်ဝဝ မဖော်ပြထားပါ။ အထက်ဖော်ပြပါ သုတေသနအရ မီဒီယာပေါ် ဖော်ပြချက်များတွင် အမျိုးသမီးအများစု၏ အလုပ်သည် ကလေးမွေးဖွားခြင်းနှင့် မိခင်ဘဝသို့ ကူးပြောင်းခြင်းတို့ဖြင့် အဆုံးသတ်သွားသည်ကို တွေ့ရှိခဲ့သည်။ မိခင်ဖြစ်ခြင်း၏ အဓိကအင်္ဂါရပ်ဖြစ်သည့် ပြုစုပျိုးထောင်ခြင်းနှင့် မိသားစုအား ပြုစုစောင့်ရှောက်ခြင်းတို့မှာ စိတ်ခံစားချက်ပိုင်းဆိုင်ရာနှင့် စိတ်ကျန်းမာရေးပိုင်းဆိုင်ရာ လုပ်အားတို့ ဖြစ်သည်။ နိုင်ငံ၏ လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများ၏ ထည့်ဝင်မှုနှင့် ပါဝင်မှုဟု စဉ်းစားရာတွင် အခကြေးငွေရသည့်လုပ်အားမှ လုပ်ခမရသော လုပ်အားအဖြစ်သို့ အသွင်ကူးပြောင်းမှုများအကြောင်းကို ချန်လှပ်ထားခဲ့ကြသည်။

ဖမ်မနင်ဇင်ဝါဒသည် လူသား၏ ဖြစ်နိုင်ခြေ အလားအလာများကို ဖြည့်ဆည်းပေးရန်အတွက် လူသားဝါဒလှုပ်ရှားမှုတစ်ခု ဖြစ်သော်လည်း အခြားသူများ၏ စိတ်ခံစားချက်ဆိုင်ရာ ချမ်းသာသုခ လိုအပ်ချက်များကို တုံ့ပြန်ဖြေရှင်းပေးရသည့်အခါတွင်၊ အထူးသဖြင့် လူသားချင်းစာနာသည့်ကဏ္ဍနှင့် လူမှုပြုပြင်ပြောင်းလဲရေးအတွက် ရင်ဆိုင်ရသော တိုက်ပွဲများတွင်ပါ ဤတက်ကြွလှုပ်ရှားမှု၏ အရေးပါမှုမှာ မှေးမှိန်နေခဲ့သည်။ ဤအခြင်းအရာကို လူမှုအဝန်းအဝိုင်းအတွင်း အမျိုးသမီးများ၏ ပုဂ္ဂလိကအလုပ်ဟုသာ အများအားဖြင့် ရှုမြင်ကြပြီး ဖမ်မနင်ဇင်ဝါဒ၏ တစ်ကမ္ဘာလုံးသက်ဆိုင်သည့် အများသူငါဆိုင်ရာ အကြောင်းအရာ တစ်ရပ်အဖြစ် ပြည့်ပြည့်ဝဝတန်ဖိုးထားမှု မရှိကြပါ။ ထို့ကြောင့် ဖမ်မနင်ဇင်ဝါဒလှုပ်ရှားမှုများတွင် ဖိုပဓာန ကြီးစိုးသောဝါဒအောက်ရှိ လူ့အဖွဲ့အစည်း၌ လူသားရပိုင်ခွင့်အတွက် တရားမျှတမှုကို ပြန်လည်

[29] Handunnetti & Nang Phyu Phyu Lin, 2016.

ဆောင်ကြဉ်းမှုနှင့်အတူ ပုဂ္ဂလဓိဋ္ဌာန်ခံစားချက် အတွေ့အကြုံများကို အသွင်ပြောင်းရန်နှင့် ကုစားပေးရန်အတွက် ကျည်ကွယ်၊ မျက်ကွယ်အခြေအနေတစ်ခု ရှိနေပါသည်။ ဂျန်ဒါအရ သာတူညီမျှမှုနှင့် ဖမ်မနင်ဇင်ဝါဒ၏ နောက်ဆုံး နယ်နိမိတ်ကို လေ့လာရာ၌ ဖိုပဓာနဝါဒကြီးစိုးသည့် စနစ်အောက်တွင် စိတ်ခံစားမှုရေးရာ လုပ်အားကို ဖယ်ကြဉ်ခံထားရခြင်း၏ အတိုင်းအတာကို နားလည်လာပြီး လူမှုစီးပွားနှင့် နိုင်ငံရေးအခင်းအကျင်းများတွင် စိတ်ခံစားမှုဆိုင်ရာ ဘောဂဗေဒ၏ သဘောသဘာဝ ပုံဖော်ဖွင့်ဆိုရန် အကြောင်းဖန်လာပါသည်။

## စိတ်ခံစားချက်ဆိုင်ရာဘောဂဗေဒ

ဤလောကတွင် အမျိုးသမီးတစ်ဦးဖြစ်သည့် ကျွန်မအဖို့ စိတ်ခံစားမှုဆိုင်ရာ ဘောဂဗေဒအယူအဆမှာ စိတ်ဝင်စားဖွယ်ဖြစ်ခဲ့သည်။ အမျိုးသမီး ဂျန်ဒါဖြစ်ခြင်း၊ မိခင်ဖြစ်ခြင်း၊ ဇနီးဖြစ်ခြင်း၊ လူသားဆန်သော တက်ကြွလှုပ်ရှားသူ ဖြစ်ခြင်းနှင့် အမျိုးသမီး စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးဖြစ်ခြင်းတို့သည် ကျွန်မဘဝတွင် ကြုံဆုံခဲ့ရသော အခွင့်အလမ်းများနှင့် ကန့်သတ်ချက်များ၊ အားသာချက်များနှင့် ပတ်သက်ပြီး မိန်းမဆန်ခြင်း၏ အခန်းကဏ္ဍကို မေးခွန်းထုတ်စေခဲ့သည်။ ဤလူမှုရေးအခန်းကဏ္ဍအတွက် အမျိုးသမီးတို့မှာ အတော်လေး တာဝန်ရှိလာပြီး အကျိုးကျေးဇူးများလည်း ရှိပါသည်။ မြန်မာနိုင်ငံကလာသူ ဖြစ်ခြင်း၊ ထိုနိုင်ငံ၏ လူမှုနိုင်ငံရေးနှင့် မိသားစုဆိုင်ရာ သမိုင်းအစဉ်အလာတို့မှာ ကျွန်မ၏ စိတ်ခံစားမှုဆိုင်ရာ အာရုံခံနိုင်စွမ်း၊ ထို့ပြင် ပင်ကိုယ်အသိစိတ်နှင့် သက်ဆိုင်သော ကိုယ်ရည်ကိုယ်သွေးတစ်စိတ်တစ်ပိုင်းတို့ကို လွှမ်းမိုးမှုရှိစေရာ ဤသို့သော ရောထွေးနေမှုကိုပင် အမွေရထားသော ကိုယ်ပိုင်ဟန်တစ်ခုသဖွယ် ဖြစ်နေပါသည်။

ယဉ်ကျေးမှုများတစ်လျှောက်နှင့် သမိုင်းတစ်လျှောက်တွင် အမျိုးသမီးများသည် သူတို့၏ မိသားစု၊ လူမှုအသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းတို့၏ စိတ်ခံစားချက်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ဘဝများကို တာဝန်ယူရန် ပေးအပ်ခံရလေ့ရှိသည်။[30] "ခံစားချက်ကို ရိုးသားပွင့်လင်းစွာ ပြသခြင်း (ပွင့်ပွင့်လင်းလင်း ခင်ခင်မင်မင် ရင်းနှီးစွာ ပေါင်းသင်းတတ်ခြင်း)" ကို

[30] Cruea, 2005.

လက်သင့်ခံ အသိအမှတ် ပြုခြင်းအားဖြင့် မိမိကိုယ်မိမိ လူသားတစ်ယောက်အဖြစ် သဘာဝကျကျ စစ်မှန်မှုရှိလာစေပြီး လူအများထံက အသိအမှတ်ပြု ခံရရန် ခွန်အားတစ်ခုလည်း ဖြစ်စေသည်။ ဤသို့ သဘောပေါက် လက်ခံမှုကတစ်ဆင့် လူသားတို့ဖြစ်တည်ရာ ယဉ်ကျေးမှုနယ်ပယ်များတွင် စိတ်ခံစားချက်များကို အဘယ်မျှ တန်ဖိုးထားသနည်းဟူသည်နှင့် ပတ်သက်ပြီး မေးခွန်းများအစီအရီ ထွက်ပေါ်လာစေပါသည်။ ကျွန်မတို့ဟာ လူသားများဖြစ်နေခြင်းနှင့်လူမှုသတ္တဝါများဖြစ်နေခြင်းဆိုသည့်အချက်က စိတ်ခံစားမှုဆိုင်ရာ ဖြစ်တည်မှုတစ်စိတ်တစ်ပိုင်းနှင့် ချိတ်ဆက်နေပါသည်။ စိတ္တဗေဒပညာရပ် နယ်ပယ်သည်လူမှုပတ်ဝန်းကျင်တွင် ဖြစ်လေ့ရှိသည့် စိတ်ခံစားချက်များကို မကြာခဏလေ့လာလေ့ရှိပြီး ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ သီအိုရီများသည် ကျွန်မတို့၏စိတ်ခံစားချက်များနှင့် လူမှုရေးအပြုအမူများကြား အပြန်အလှန် အကျိုးသက်ရောက်မှုဆိုင်ရာ သီအိုရီများနှင့် ဆက်စပ်နေသည်။[31] တရုတ်လူမျိုး မင်းမဲ့ဝါဒီဆန်သည့် ဖမ်မနစ်တစ်ဦးဖြစ်သည့် He-Yin Zhen သည် ဖမ်မနင်ဇင်ဝါဒအပေါ် သူမ၏ အယူအဆများကို နောက်ခံပြုထားသည့် ဂျန်ဒါအပေါ် အခြေခံသည့် လူမှုဆက်ဆံရေးဆိုင်ရာ အက်ဆေးများစွာကို ရေးသားခဲ့သည်။[32] စိတ်ခံစားမှုကို ကူးပြောင်းဖလှယ်ကြမှုများ၊ ထိုသို့ အလွှဲအပြောင်းတွင် အကျိုးအမြတ်နှင့် ပေးဆပ်ရမှုများ၊ ဂျန်ဒါအခြေခံ လုပ်အားဖြန့်ဝေခြင်းပုံစံ အစရှိသည်တို့မှာ ဖိုပဓာနဝါဒကြီးစိုးသော လူ့အဖွဲ့အစည်းများအတွင်း စိတ်ခံစားမှုဆိုင်ရာဘောဂဗေဒနှင့် ပတ်သက်ပြီး ကျွန်မ၏ အခြေခံကျသောအယူအဆများ ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် အိမ်ထောင်ပြုထားခြင်းနှင့် ကောလိပ်တွင် စီးပွားရေးလေ့လာခဲ့ခြင်းတို့သည် ကိုယ်ပိုင်လူမှုဘဝက ကျွန်မ၏ လေ့လာသင်ယူမှုနှင့် စီးပွားရေးကို စိတ်ခံစားမှု နယ်ပယ်တွင် အသုံးချရာ၌ အကြီးအကျယ် လွှမ်းမိုးခဲ့ပါသည်။ ခင်ပွန်းသည်နှင့် ကျွန်မ စကားစမြည်ပြောခြင်းကစိတ်ခံစားမှုဆိုင်ရာ ဘောဂဗေဒသဘောတရားများအတွက် ဘာသာစကားဖန်တီးရန် ကျွန်မကို သင်ကြားပေးသကဲ့သို့ ဖြစ်ခဲ့သည်။ လူသားဆန်မှုအကြောင်း လေ့လာခြင်းအပေါ် တူညီသည့် စိတ်ဝင်စားမှုရှိကြသည့် ကျွန်မတို့အဖို့ Erich Fromm၊ Jean-Paul Sartre နှင့် ဗုဒ္ဓဝါဒအမြင်များကို လေ့လာ

[31] Eisenberg, 2006.

[32] Liu et al., 2013.

သကဲ့သို့ ဒဿနများရှာဖွေစူးစမ်းရန်အတွက် ရေခံမြေခံကောင်း ဖြစ်ခဲ့ပါသည်။ ကျွန်မ၏ ဒဿနိကလေ့လာမှု အများစုသည် ဖြစ်တည်မှုဆိုင်ရာ အတွေးအခေါ် ကျောင်းခန်းဆီသို့ ဦးတည်နေပြီး လူသားဆန်မှုကို ကျွန်မ လက်ခံနားလည် ထားသည့်ပုံစံမှ လာပါသည်။ ဤအတောအတွင်းတွင် ကျွန်မ၏ အရင်းနှီးဆုံး အမျိုးသမီးမိတ်ဆွေကတစ်ဆင့် အမျိုးသမီးအတွေ့အကြုံနှင့် စွမ်းအားတို့ကို ကြုံဆုံခွင့်ရပြီး Adrienne Rich၊ He-Yin Zhen၊ Simone de Beauvoir နှင့် bell hooks တို့ ဆွေးနွေးထားသည့် ဖမ်မနစ်ဝါဒီ အမြင်များဖြင့် အသိပေး ထားသည့် ဖမ်မနင်ဇင်ဝါဒီအယူအဆများကို စူးစမ်းလေ့လာခဲ့သည်။ ဤကိစ္စ နှင့် ပတ်သက်လျှင် ဖမ်မနင်ဇင်ဝါဒကို လူသားဝါဒဟု ကျွန်မယူဆပါသည်။

လက်ထပ်ခြင်းနှင့် မိသားစုဆက်ဆံရေး ကုထုံးများဆိုင်ရာကဲ့သို့သော မိသားစုစနစ်နှင့် အထွေထွေစနစ် သီအိုရီများအကြောင်း ကျွန်မ၏ လေ့လာမှု များကတစ်ဆင့် Gregory Bateson ၏ ပြန်ကြားဆက်သွယ်မှုစနစ်များ၊ သီအိုရီထဲက ယူဆချက်များ၊[33] Urie Bronfenbrenner ၏ ဂဟေစနစ် အကြောင်း၊[34] John Gottman ၏ အိမ်ထောင်ရေးဆက်ဆံမှု ပုံစံများ အကြောင်းကို[35] သိမြင်ခွင့်ရခဲ့ပါသည်။ ဆက်စပ်သော အကူးအပြောင်းများ၊ စိတ်ခံစားချက်ပိုင်းဆိုင်ရာ ပွဲတင်သံများနှင့် စနစ်တကျ တည်ဆောက်ထား သော အခန်းကဏ္ဍများက လူသားတို့၏ အပြုအမူအပေါ် မည်ကဲ့သို့ အကျိုး သက်ရောက်မှုရှိစေကြောင်းကို ဤသီအိုရီများက ကျွန်မကို အတော်လေး သိစေခဲ့ပါသည်။ စိတ်ပိုင်းဆိုင်ရာ အရွေ့အပြောင်း ရှုမြင်မှုနှင့်ပတ်သက်သော ကျွန်မ၏ ကျွမ်းကျင်မှုနယ်ပယ်သည် မသိစိတ်အလျင် ရွေ့လျားပြောင်းလဲမှု တွင် လူသား၏ စိတ္တဇဗေဒ၊ ၎င်း၏ စေ့စပ်မှုနှင့် လိုအပ်ချက်၊ လူသားအချင်းချင်း ကြားက အပြန်အလှန် ခံစားချက်များနှင့် စိတ်ပိုင်းဆိုင်ရာ ကြီးမားသော သရုပ် ပုံဆောင်ခဲများအကြောင်း ကျွန်မ၏ သဘောပေါက်လက်ခံထားမှုကို ပုံသွင်း ပြုပြင် ပေးပါသည်။ ထိုကဲ့သို့သော လူသား၏ အတွေ့အကြုံသည် ကျွန်မတို့ကို စေ့ဆော်မှုပေးသည့်အခါနှင့် ကျွန်မတို့၏ လိုအပ်ချက်နှင့် ပဋိပက္ခများကို တုံ့ပြန်ဖြေရှင်း ရာတွင် အရေးပါသည့် အခန်းကဏ္ဍတွင် တည်ရှိနေပါသည်။

[33] Bateson, 1979.
[34] As cited in Evans, 2023.
[35] Gottman & Silver, 2015.

ကျွန်မကြီးပြင်းလာသည့် လူမှုရေးအခြေအနေသည် စိတ်ခံစားမှုဆိုင်ရာ ဘောဂဗေဒနှင့် သက်ဆိုင်သည့် အနုမာနလေ့လာဆန်းစစ်ချက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သေးငယ်သော အစိတ်အပိုင်းမျှပင် မဖြစ်စေခဲ့ပါ။ ကျွန်မသည် အတော်လေး မတည်မငြိမ်ဖြစ်နေသည့် ကာလအတွင်းတွင် မြန်မာနိုင်ငံက လူလတ်တန်းစားမိသားစုက မွေးဖွားလာခဲ့သူတစ်ဦး ဖြစ်သည်။ အထီးကျန်ဆန်ပြီး တိုင်းပြည်ကို ချွတ်ခြုံကျစေသည့် စစ်အာဏာရှင်ဆိုရှယ်လစ်အစိုးရကို ဆန့်ကျင်သည့် ကျောင်းသားဆန္ဒပြမှုများလည်း ရှိခဲ့သည်။ ၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်း ကျောင်းသားဆန္ဒပြပွဲများမတိုင်ခင် လပိုင်းအတွင်းတွင် ကျွန်မ၏ မိဘများ စတင်တွေ့ဆုံခဲ့ကြသည်။ သူတို့လက်ထပ်ခဲ့သည့် အစောပိုင်းနှစ်များနှင့် ကျွန်မ မွေးဖွားသည့် ၁၉၇၇ ခုနှစ်ဝန်းကျင်တွင် ဒေသအလိုက် ဆန္ဒပြပွဲများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပါသည်။

ကျွန်မ၏ ဖခင်ကို ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်အင်ပါယာက သိမ်းပိုက်ထားချိန် ဗြိတိသျှအင်ပါယာ၏ ကိုလိုနီအုပ်ချုပ်မှုနှင့် မြန်မာပြည်လွတ်လပ်ရေးရရှိမှုကြား အသွင်ကူးပြောင်းသည့် ၁၉၄၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဖခင်ကိုယ်တိုင်က သူမွေးဖွားလာပုံအကြောင်းပြောပြသည့် ဇာတ်လမ်းအရဆိုလျှင် သူ့မိခင်၏ ဗိုက်ထဲတွင်ရှိနေစဉ်က သူ့မိခင်အနီးအနားတွင် ဗုံးတစ်လုံး ပေါက်ကွဲခဲ့သည်။ ထိခိုက်မှုကို ရှောင်ရှားရန် ကျွန်မဖခင်၏ မိခင်(အဖွား)က မြောင်းထဲသို့ ခုန်ချခဲ့ပြီး ဗုံးကျည်ဆန်သည် သူမ၏ ဦးခေါင်းကနေ နီးကပ်စွာဖြတ်သွားသဖြင့် ဆံထုံးပြတ်ရုံသာ ပြတ်သွားခဲ့သည်။ ဗုံးကျည်ဆန်သည် နောက်ထပ် လက်မအနည်းငယ်သာ နီးကပ်စွာ ဖြတ်သွားလျှင် အဖွားရော၊ ကျွန်မဖခင်ပါ အသက်ရှင်နိုင်ခဲ့မည် မဟုတ်ပေ။ ဆိုလိုသည်မှာ ကျွန်မလည်း ဘယ်တော့မှ ဖြစ်တည်လာနိုင်တော့မည် မဟုတ်ပေ။ ကျွန်မ၏ ဖခင်သည် သူ့ဘဝ၏ ပထမငါးနှစ်ကို တောတောင်များ သို့မဟုတ် မြို့ပြင်များတွင် ပုန်းအောင်းနေခဲ့ရသည်။ ၁၉၄၅ ခုနှစ်တွင် စစ်ပွဲပြီးသွားသော်လည်း မြန်မာနိုင်ငံသည် မကြာမီတွင် ၁၉၄၉ ခုနှစ်မှစ၍ ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့ပြီး ယနေ့ ၂၀၂၁ ခုနှစ်ရောက်သည့်တိုင် ပြည်တွင်းငြိမ်းချမ်းရေး အပြည့်အဝရရှိသည့် နေ့ဟူ၍ မရှိခဲ့ပါ။

ကျွန်မ၏ ဖခင်အကြောင်း ဖော်ပြရသည့်အကြောင်းရင်းမှာ သူ့အနေဖြင့် ဘဝတစ်လျှောက်လုံး စိုးရိမ်ပူပန်မှုများနှင့် ဖြတ်သန်းခဲ့ရသည်ကို ပြောလိုခြင်းကြောင့် ဖြစ်ပါသည်။ သူမွေးဖွားလာခဲ့သည့် အခြေအနေများနှင့် ကြီးပြင်းနေထိုင်ခဲ့သည့် တိုင်းပြည်၏ လူမှုရေး၊ နိုင်ငံရေးသမိုင်းကို နားလည်ခြင်းဖြင့်

ထိုကဲ့သို့ ဖြစ်ရခြင်းအကြောင်းကို ရှင်းပြ၍ နားလည်နိုင်သည်။ အဖေသည် ကျွန်မတို့၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးအမွေအနှစ်များထဲမှ တခြားလူများ နည်းတူ ကွဲလွဲမှုမရှိသည့်ပုံစံ ရှိသည်။ ကျွန်မတို့၏ ယဉ်ကျေးမှုနှင့် လူမျိုးစု အဝန်းအဝိုင်းတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ရင်းကနေ စိုးရိမ်ပူပန်ရမှု များနှင့် စိတ်ခံစားမှု အာရုံခံနိုင်စွမ်းမှာ လူသားအနေဖြင့် ကျွန်မတို့၏ ဘဝတွင် ကြီးမားသော အခန်းကဏ္ဍကနေ ပါဝင်နေကြောင်း သိရှိလာပါသည်။ မလုံခြုံ သော၊ မလုံလောက်သော နေထိုင်မှုပတ်ဝန်းကျင်၊ အလွဲသုံးစားလုပ်မှု၊ အကြမ်း ဖက်မှုနှင့် မိသားစုဝင်များ၏ ထောင်သွင်း အကျဉ်းချခံရမှုများ ကဲ့သို့သော အစောပိုင်း ဘဝအတွေ့အကြုံများ၏ စိတ်ဖိစီးမှုဖြစ်ရပ်များ အပါအဝင် ဆိုးရွားသော ကလေးဘဝ အတွေ့အကြုံများကို သုတေသနပြုခြင်းအားဖြင့် လူ့ဦးနှောက်ဖွံ့ဖြိုးမှု၊ နာတာရှည် ရောဂါများ၊ အပြုအမူဆိုင်ရာ ပြဿနာများနှင့် စိတ်ရောဂါများ၊ ကျန်းမာရေးနှင့် မညီညွတ်သော နေထိုင်မှုပုံစံများနှင့် ပညာရေးနှင့် အလုပ်အကိုင်တွင် ကြုံတွေ့ရသည့် အခြားသော စိတ်ပိုင်းဆိုင်ရာ အခက်အခဲများပေါ်တွင် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်ကို မီးမောင်း ထိုးပြလျက် ရှိသည်။[36]

ဇနီးမယားလည်းဖြစ်၊ အလုပ်လုပ်ကိုင်လျက်ရှိသည့် မိခင်တစ်ယောက် လည်းဖြစ်၊ ဂျန်ဒါအခြေပြု အမြင်သတ်မှတ်ချက်ပေါ်တွင် ခေါင်းစဉ်တပ် သတ်မှတ်ခြင်း မခံယူလိုသည့် မိန်းမပီသသည့် မိန်းမ တစ်ယောက်လည်းဖြစ်၊ ကိုလိုနီနယ်ချဲ့စနစ်၏ ဝန်ထုပ်ဝန်ပိုးဖြစ်သည့် စစ်ပွဲများ၊ ဖိနှိပ်အုပ်ချုပ်မှုများနှင့် ပြည်သူများ၏ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသည့် တိုင်းပြည်တွင် မွေးဖွားသည့် လူတစ်ဦးလည်းဖြစ်သည့် ကျွန်မအဖို့ စိတ်ခံစားချက်ဟူသည်မှာ မည်ကဲ့သို့ တန်ဖိုးရှိကြောင်း၊ နေ့စဉ်ဘဝနှင့် လူမှုဖလှယ်မှုများတွင် စိတ်ခံစားချက်များ ထင်ရှားစေခြင်းနှင့် ၎င်းတို့သည် လူသားဖြစ်ခြင်း၏ ဘောဂဗေဒအတွက် အဓိကအချက်ဖြစ်ကြောင်း ညွှန်ပြထားပါသည်။ စိတ်ခံစားမှုရှုထောင့်ကနေပြီး လူသားတို့၏ ဘောဂဗေဒကို နားလည်စေရန်ဆိုသည့် တွန်းအားမှာ ကျွန်မ၏ ပုဂ္ဂိုလ်ရေးရာဇဝင်ကို အရင်းပြု သက်ဆင်းလာသော်လည်း ဤသို့သော လေ့လာရေးမှာ နိုင်ငံများ၊ ယဉ်ကျေးမှုများစွာကို ရစ်ပတ် ဖြန့်ကျက်ထားသော တစ်လောကလုံးနှင့်သက်ဆိုင်သည့် လေ့လာရေးဖြစ်ပါသည်။ အစောပိုင်းက

[36] Felitti et al., 1998.

ကျွန်မ ဖော်ပြခဲ့သကဲ့သို့ပင် စိတ်ခံစားမှုဆိုင်ရာ ဘောဂဗေဒအယူအဆများ ဖွံ့ဖြိုးတိုးတက်မှုအနက် အများစုသည် ဖမ်မနင်ဇင်ဝါဒ၊ လူသားတို့၏ အပြုအမူနှင့် စိတ်ပညာဆိုင်ရာ သီအိုရီအမျိုးမျိုးမှ ဆင်းသက်လာ ပါသည်။ သို့သော် စိတ်ခံစားမှုများသည် ကိုယ်တွေ့အတွေ့အကြုံများဖြစ်သောကြောင့် ၎င်းအား ခမ္မခိဋ္ဌာန်ကျသည့် ချဉ်းကပ်မှုဖြင့် လေ့လာရန် မသင့်လျော်ပါ။ ထို့ကြောင့် စိတ်ခံစားချက်ပိုင်းဆိုင်ရာ ဘောဂဗေဒကို လေ့လာခြင်းသည် ပညာရှင်နှင့် လေ့လာသော ဘာသာရပ်များကဲ့သို့ပင် ကျွန်မ၏ ကိုယ်တွေ့သဘောတရားများနှင့်အတူ မွေးရာပါ ရှိလာမည်ဖြစ်သည်။ ထို့အပြင် ဖမ်မနစ်သုတေသနပုံစံများတွင် သုတေသနနှင့် ဘာသာရပ်၏ ပါဝါမညီမျှမှုကို လျှော့ချနိုင်စေရန် သုတေသီ၏ ပုဂ္ဂိုလ်စွဲများနှင့် သုတေသန၏ အကြောင်းအရာတို့ ပါဝင်သည်။[37]

၎င်း၏ အနှစ်သာရအရ ဘောဂဗေဒသည် ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် အရင်းအမြစ်များနှင့် ကုန်စည်လွှဲပြောင်းခြင်းဆိုင်ရာ လေ့လာမှု သို့မဟုတ် အသိပညာဖြစ်သည်။[38] ကုန်စည်နှင့် ဝန်ဆောင်မှုများဖြင့် ကိုယ်စားပြုသော ငွေကြေးတန်ဖိုး သတ်မှတ်ချက်များတွင် ဆွေးနွေးလေ့ရှိသည်။ သို့သော် ငွေကြေးသည် လူ့အဖွဲ့အစည်းတွင် တစ်ခုတည်းသော ချမ်းသာကြွယ်ဝမှု မဟုတ်ပါ။ ကျန်းမာခြင်းသည် စည်းစိမ်ဥစ္စာ ဖြစ်ပြီး စိတ်ကျန်းမာရေးသည်လည်း ချမ်းသာကြွယ်ဝမှုပင် ဖြစ်သည်။ ကျွန်မတို့၏ လူ့စွမ်းအား အရင်းအမြစ်နှင့် အရင်းအနှီးများဖြစ်သည့် ကျန်းမာသော ကိုယ်ခန္ဓာနှင့် ကျန်းမာသော စိတ်များမရှိလျှင် လူ့အဖွဲ့အစည်း၏ ငွေကြေးချမ်းသာမှုကို မပံ့ပိုးနိုင်ပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စိတ်ကျန်းမာရေးကို ကျန်းမာရေး၏ အဓိက အစိတ်အပိုင်းတစ်ခုအဖြစ် ဖော်ပြထားပြီး စိတ်ရောဂါများကြောင့် လုပ်ငန်းခွင်တွင် ထုတ်လုပ်မှုစွမ်းအား ပြင်းထန်စွာ ကျဆင်းသွားကြောင်း အစီရင်ခံထားပါသည်။[39] ယဉ်ကျေးမှုတစ်ခုစီ၏ ဝိသေသလက္ခဏာများသည် လူ့စွမ်းအားများ မည်သို့စုဆောင်းသည်ကို သက်ရောက်မှုရှိနိုင်သည်။[40]

စိတ်ခံစားမှုဆိုင်ရာ ဘောဂဗေဒသည် မမြင်နိုင်သည့် စီးပွားရေး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စိတ်ခံစားမှုအတွက် ထိုက်တန်မှုနှင့် တန်ဖိုးမှာ

[37] Brayton et al., n.d.
[38] Khumalo, 2012.
[39] World Health Organization, 2022.
[40] van Hoorn, 2016.

ရည်ရွယ်ပြီးထုတ်လုပ်သည့် ထုတ်ကုန် သို့မဟုတ် ဖြစ်ရပ်များမဟုတ်ဘဲ ကိုယ်တွေ့ အတွေ့အကြုံကဲ့သို့သော သဘာဝအလျောက်ဖြစ်လာသည့် စိတ်ခံစားချက်များဖြစ်သဖြင့် ငွေကြေးနှင့် ကုန်သွယ်ရေးကဲ့သို့ သူ၏ တန်ဖိုးကို တိတိကျကျပြန်ဆို၍ မဖြစ်နိုင်ပါ။ သို့ရာတွင် ကုန်သွယ်မှုနှင့် ပြည်တွင်းအသားတင် ထုတ်ကုန်အတွက်သာမက လူမျိုးတစ်မျိုး၏ လူမှုရေးနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာ ဘုံဘာသာစကားသည် စိတ်ခံစားမှု တန်ဖိုးများကို စီးပွားရေးသို့ ဆောင်ကြဉ်းပေးမည့် သင်္ကေတပြုလာနိုင်စေရန်အတွက် ဤစာတမ်းက တစ်စိတ်တစ်ပိုင်း မျှော်လင့်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ရှေးရိုးစွဲဝါဒီများနှင့် ဖိုပဓာနဝါဒ ကြီးစိုးသည့် လူ့အဖွဲ့အစည်းများတွင် ထိုမမြင်နိုင်သည့် လုပ်အားဘောဂဗေဒပုံစံအတွင်း၌ အမျိုးသမီးများအနေဖြင့် တာဝန်ပေးခံရသည့်အတွက်ကြောင့် ဤစာတမ်းသည် မြန်မာပြည်၏ စီးပွားရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတစ်ခုလုံးအတွက် အမျိုးသမီးများ၏ စိတ်ခံစားမှုရေးရာလုပ်အား ပါဝင်ပံ့ပိုးမှု၏ ကြီးမားလှသည့် အရေးပါမှုကို ဖယ်ကြဉ်ခံရခြင်း အခြေအနေအကြောင်း မြင်သာအောင် ထုတ်ပြရန် ရည်ရွယ်ထားပါသည်။

## စိတ်ခံစားမှုရေးရာလုပ်အားနှင့် ပတ်သက်သည့် ဘောဂဗေဒအယူအဆများ

စိတ်ခံစားမှုနှင့် သက်ဆိုင်သည့် လုပ်အားဘောဂဗေဒ၏ အဓိက သဘောတရားများမှာ စိတ်ခံစားမှု လက်အလွှဲအပြောင်းနှင့် ခံစားချက်ကို ထိုသို့ လွှဲပြောင်းဖလှယ်ရာတွင် ပေးချေရသည့် စရိတ်၊ လုပ်အား၊ အရင်း၊ ခံစားချက်များ ချွတ်ခြုံကျခြင်းနှင့် ခံစားချက်ကို သိုလှောင်သိမ်းဆည်းထားခြင်း အစရှိသော စိတ်ခံစားချက်ဖလှယ်မှုဆိုင်ရာ ယန္တရားနှင့် ၎င်း၏ အကျိုးသက်ရောက်မှုများအကြောင်းကို အခြေပြုထားပါသည်။ အယူအဆတစ်ခုစီနှင့် ၎င်းတို့၏ လုပ်ငန်းစဉ်များကို မသတ်မှတ်မီ စိတ်ခံစားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာရှင်းလင်းပြတ်သားမှုရှိစေရန် လိုအပ်ပါသည်။ စိတ်ပညာဘာသာရပ်တွင် လေ့လာထားချက်အရ စိတ်ခံစားမှုသည် “တွေးခေါ်မှုနှင့် အပြုအမူအပေါ် သက်ရောက်လွှမ်းမိုးမှုရှိသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအပြောင်းအလဲများကို

ဖြစ်ပေါ်စေသည့် ရှုပ်ထွေးသော ခံစားမှု အခြေအနေ" ဖြစ်သည်။[41] ၎င်းတို့တွင် ခံစားချက်ကို ပေါင်းစပ်နှီးဆွှမှု၊ အပြုအမူကို ဖော်ပြရာတွင် ထင်ရှားစေသော ဖော်ပြချက်များနှင့် ကိုယ်တွေ့အတွေ့အကြုံများ ပါဝင်သည်။

စိတ်ခံစားမှုများသည် အတွေ့အကြုံများကို ခံစားရသောကြောင့် ခန္ဓာကိုယ်အတွင်း ဇီဝကမ္မဖြစ်စဉ်ဆိုင်ရာ တုံ့ပြန်မှုများ ရှိပါသည်။ ဤတုံ့ပြန်မှုများသည် အာရုံကြောဓာတုတုံ့ပြန်မှုများနှင့် ဟော်မုန်း လှုံ့ဆော်မှုများကြောင့် အစပျိုးသည်။[42] ပတ်ဝန်းကျင်၏ စေ့ဆော်မှုကြောင့် အာရုံကြောကွန်ရက်နှင့် ဟော်မုန်းလှုံ့ဆော်မှုတို့ ဖြစ်ပွားနိုင်သည်။ အာရုံကြောသိပ္ပံနှင့် စိတ်ဖိစီးမှုဆိုင်ရာ လေ့လာမှုများစွာသည် လူသားများအတွက် မှတ်ဉာဏ်ဖြစ်လာစေပြီး၊ ဇီဝကမ္မဖြစ်စဉ် ဆောက်တည်မှုကို ဖြစ်စေသည့် ဝန်းကျင်နှင့် ၎င်း၏ တုံ့ပြန်မှုများကြား ဆက်စပ်မှုကို ပြသသည်။[43] ဤလေ့လာမှုအများစုကို စိတ်ဒဏ်ရာ ရနေသော လူဦးရေပေါ်တွင် အခြေခံပြုလုပ်ထားသောကြောင့် လူတစ်ဦးချင်းစီ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှုနှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန် မထိခိုက်ဖူးသူများအတွက် ယေဘုယျ ဖြစ်နိုင်ခြေနှင့်ပတ်သက်၍ မေးခွန်းအချို့ ရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း ကိုလိုနီနယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း (၁၀၀) ကျော် ဖိနှိပ်ခံခဲ့ရပြီး၊ ၁၉၆၂ ခုနှစ်မှ ယနေ့ခေတ်အထိ အာဏာရှင်ဆန်သည့် အုပ်ချုပ်ရေးစနစ်အောက်တွင် နှစ်ပေါင်း (၆၀) ကျော် ဖိနှိပ်ခံခဲ့ရသည်။ မြန်မာနိုင်ငံတွင် စိတ်ဒဏ်ရာအဖြစ်များမှုကို တစ်ပြည်လုံး အတိုင်းအတာဖြင့် တိုင်းတာထားခြင်း မရှိသော်လည်း ထိုကဲ့သို့သော အစိုးရလက်အောက်တွင် ဘဝစိန်ခေါ်မှုနှင့် ဖိနှိပ်မှုများကို အများစုက ကြုံတွေ့နေရသည် မဟုတ်သည့်အတွက် စိတ်ဒဏ်ရာ ရသူများကိုသာလျှင် လေ့လာထားမှုမှာ ကျိုးကြောင်းဆီလျော်မှု ရှိသည်ဟု ကောက်ချက်ချနိုင်ပါသည်။[44] ခံစားမှုမှတ်ဉာဏ်၊ ဘာသာစကားနှင့် သင်ယူခြင်းဆိုင်ရာ လေ့လာမှုများက စိတ်ပိုင်းဆိုင်ရာဖြစ်စဉ်များကို စိတ်ဒဏ်ရာ မရရှိထားသောသူများအကြောင်း စူးစမ်းရာတွင်လည်း အသုံးပြုနိုင်ကြောင်း ဆိုပါသည်။[45] ပညာရေး

[41] Cherry, 2022.
[42] Cherry, 2022.
[43] Van der Kolk, 2014.
[44] Su Su Maung, 2017a.
[45] Tyng et al., 2017.

ခေါင်းဆောင်များသည် လေ့လာသင်ယူမှုနှင့်ပတ်သက်၍ ကျောင်းသားတို့၏ အသိပညာ၊ အတတ်ပညာနှင့် စိတ်နေသဘောထားများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လူမှုရေးနှင့် စိတ်ခံစားချက်ပိုင်း ဆိုင်ရာ ကျွမ်းကျင်မှုများ၏ အခြေခံ အုတ်မြစ်ခိုင်မာရေး၏ အရေးပါမှုကို အသိအမှတ်ပြုသည်။[46] ပညာရပ်ဆိုင်ရာ ဘာသာရပ်များကို သင်ကြားခြင်းမပြုမီ လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ စွမ်းရည်များကို ဦးစွာသင်ကြားရမည် ဖြစ်သည်။ ပညာတတ် လူ့အဖွဲ့အစည်း မရှိဘဲ နိုင်ငံတော်၏ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တည်ဆောက်နိုင်မည် မဟုတ်ပါ။[47]

မှတ်ဉာဏ်နှင့် သင်ယူမှုနှင့် စပ်လျဉ်းသော စိတ်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လူများအကြား ဆက်ဆံရေးတွင် စိတ်ခံစားမှုများသည် အရေးပါသော အခန်းကဏ္ဍက ပါဝင်ပြီး နေ့စဉ်လူနေမှုဘဝနှင့် လူသားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော ခံစားမှုပတ်ဝန်းကျင်ကို စီမံခန့်ခွဲထိန်းညှိပေးသည့် ခံစားမှုဆိုင်ရာ လုပ်အားမှာလည်း တန်ဖိုးရှိသော အရင်းအမြစ် ဖြစ်လာပါသည်။ ပြုစုစောင့်ရှောက်မှုပေးသူသည် စိတ်ခံစားမှုဆိုင်ရာဘောဂဗေဒတွင် မည်မျှဖော်ဆောင်နိုင်သည် ဆိုသည့်အချက်က လူသားဖြစ်တည်မှု၏ ရလဒ် အရည်အသွေးကို ဆုံးဖြတ်ပေးမည် ဖြစ်သည်။ စိတ်ခံစားမှုဆိုင်ရာ ဘောဂဗေဒတွင် ခံစားချက်တို့ လွှဲပြောင်းဖလှယ်ရာတွင် ပေးချေရသည့်စရိတ်၊ အရင်း၊ ခံစားချက် သိုလှောင်သိမ်းဆည်းရာနှင့် ခံစားချက်များ ချွတ်ခြုံကျမှုကို တားဆီးရာတွင် လူတစ်ဦးချင်းစီ၏ လုပ်နိုင်စွမ်းမှာ သူတို့၏ "ကြွယ်ဝမှု" နှင့် သက်ဆိုင်ပါသည်။ ဖော်ပြထားသောအသုံးအနှုန်းများကို အောက်တွင် ရှင်းပြထားပါသည်။

## စိတ်ခံစားမှုရေးရာလုပ်အား

ဤစာတမ်း၏ ကနဦးပိုင်းတွင် ဖော်ပြထားသည့်အတိုင်း စိတ်ခံစားမှုရေးရာ လုပ်အားဟုဆိုရာ၌ ကျွန်မတို့၏ ဘဝထဲက ခံစားချက်များကို စီမံခန့်ခွဲခြင်း၊ ထုတ်ဖော်တင်ပြခြင်းနှင့် အခြားသူများ၏ အပြုအမူများကို ထိန်းညှိစီစဉ်ပေး

---

[46] World Bank, 2018, pp. 112-114.

[47] King, 1947; Mintz, 2017; Shor, 1992.

ရန်အတွက် လုပ်ဆောင်ရသည့် စိတ်ကျန်းမာရေးဆိုင်ရာ လုပ်အားများ ပါဝင်ပါသည်။

## စိတ်ခံစားမှုဖလှယ်ခြင်းအတွက် ပေးချေရသောစရိတ်

စိတ်ခံစားမှုရေးရာလုပ်အား ကူးပြောင်းဖလှယ်ရာတွင် အကျိုးဝင်သော အပြုအမူများကို စိတ်ခံစားမှုဖလှယ်ခြင်းအတွက် ပေးချေရသောစရိတ်ဟု ခေါ်သည်။ အဆိုပါ ကူးပြောင်းဖလှယ်မှုထဲတွင် ဂရုစိုက်မှု၊ အချင်းချင်း ဆက်သွယ်မှုနှင့် ခံစားချက် ဝေမျှကူးပြောင်းခြင်း စသည့် အကြောင်းအရာများ အတွက် တာဝန်များ၊ ဝတ္တရားများနှင့် ဆက်စပ်သော အပြုအမူများ ပါဝင်ပါသည်။ ဥပမာဆိုရပါလျှင် နှစ်သိမ့်စကားပြောဆိုခြင်း၊ ပွေ့ဖက်ခြင်းကဲ့သို့ မေတ္တာတရားပြသည့် အပြုအမူများ၊ အလုပ်နားပြီး ဂရုစိုက်မှုပေးခြင်း၊ အိမ်တွင် အနားယူပြီး အားလပ်ချိန်တွင် အတူကုန်ဆုံးခြင်း၊ ကြိုက်နှစ်သက်ရာ အစားအစာကို ချက်ပြုတ်ပေးခြင်း၊ သူတစ်ပါးမထိခိုက်စေအောင် မိမိခံစားချက်ကို မျိုသိပ်ထားခြင်းနှင့် တစ်ပါးသူ ၏ အိပ်မက်များကို ဖြည့်ဆည်းပေးရန်အတွက် မိမိ၏ရည်မှန်းချက်ကို စွန့်လွှတ်ခြင်း အစရှိသည်တို့ ပါဝင်သည်။

## စိတ်ခံစားမှုအရင်း

စိတ်ခံစားမှုအရင်းဟူသည် လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ ကျွမ်းကျင်မှုများ၊ ကြံ့ကြံ့ခိုင်နိုင်စွမ်းဆိုင်ရာ အချက်များနှင့် စိတ်ရှည်သည်းခံမှုတို့နှင့် သက်ဆိုင်သည်။ ထိုအရာတို့ကို အရင်းပြုပြီး လူတစ်ဦးသည် စိတ်ခံစားမှုရေးရာလုပ်အား ကို ထမ်းဆောင်ရန်အတွက် ခံစားမှုကူးပြောင်းဖလှယ်ရာတွင် ကျသင့်သည်များ ကို ဆက်စပ်လုပ်ဆောင်ပါသည်။ စိတ်ခံစားမှုအရင်းနှင့် သက်ဆိုင်သော ဥပမာ များမှာ စိတ်ဖိစီးမှုကို စီမံခန့်ခွဲနိုင်သည့် စွမ်းရည်၊ ဆက်သွယ်ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှု၊ စာနာနိုင်မှုနှင့် ကရုဏာတရား ထားနိုင်မှုအတွက် နှလုံးရည်နှင့် စိတ်ရှည်မှုတို့ ဖြစ်သည်။ ၎င်းသည် လူတစ်ဦး၏ ပုဂ္ဂလိကဘာဝနှင့် အများသူငါ နှင့်ဆိုင်သည့် ဘဝတို့မှာ မည်မျှ သီးခြားရှိသနည်း သို့မဟုတ် ချိတ်ဆက်နိုင် သနည်း ဆိုသည့်အချက်နှင့် ထိုနယ်ပယ်နှစ်ခုအကြားတွင် အရင်းကို အဘယ်မျှ တူညီစွာ ခွဲဝေထည့်ဝင်ထားသည် ဟူသည့်အချက်အပေါ် မူတည်ပါသည်။ လူ တစ်ဦးအနေဖြင့် အခြားသူများက ပံ့ပိုးထားသည့်စနစ်နှင့် စုပေါင်းယဉ်ကျေးမှု

စနစ်များအတွင်းတွင် ခံစားမှုနှင့်ဆိုင်သည့် လုပ်အားကို ထည့်ဝင်ခြင်းအားဖြင့် စိတ်ခံစားမှုအရင်းကို ဖြည့်ဆည်းပေးနိုင်ပါသည်။

## စိတ်ခံစားမှုချွတ်ခြုံကျခြင်း

စိတ်ခံစားမှု အရင်းနည်းပါးသောအခါ သို့မဟုတ် ကုန်ခန်းသွားသောအခါ မိသားစုကို ပြုစုစောင့်ရှောက်ပေးရသူများမှာ ပင်ပန်းနွမ်းနယ်လာကြပြီး ဤသည်မှာ စိတ်ခံစားမှုချွတ်ခြုံကျခြင်း ဖြစ်ပေါ်လာသည့် အချိန်ဖြစ်သည်။ စိတ်ခံစားမှုချွတ်ခြုံကျလာသောအခါ လူတစ်ဦးချင်းစီနှင့် အချင်းချင်းကြား ဆက်ဆံရေးတွင် ထူးခြားသော အပြုအမူများကို မြင်နိုင်ပါသည်။ ဆိုရပါလျှင် လူမှုရေးနှင့် ခံစားမှုဆိုင်ရာစွမ်းရည်တို့နှင့် သက်ဆိုင်သော အသိပညာများ ရှိနေသော်လည်း ထိုအရာများကို ထုတ်ဖော်အကောင်အထည်ဖော်ရန်အတွက် စေ့ဆော်မှုနှင့် စွမ်းရည်တို့ မလုံလောက်တာမျိုး ဖြစ်နိုင်ပါသည်။ သို့မဟုတ် လူတစ်ဦးအဖို့ စိတ်ပိုင်းဆိုင်ရာနှင့် ၎င်းနှင့်ဆက်စပ်သော ရင်းမြစ်များ တူညီသော အနေအထားတစ်ခုအထိ ရှိလာအောင် ထုတ်လုပ်နိုင်စွမ်းမရှိတော့တာမျိုးလည်း ဖြစ်နိုင်ပါသည်။ အဆက်အသွယ်ပြု၍ ဂရုတစိုက်ရှိပေးသော်လည်း သည်းခံနိုင်စွမ်းမှာ လျော့ကျလာပြီး၊ ကြံ့ကြံ့ခံနိုင်စွမ်းတို့လည်း ပြန်လည် နာလန်မထူတော့ကာ အခြားသူများအပေါ် ဂရုစိုက်မှု မပေးနိုင်တော့ခြင်း၊ သူတို့နှင့် ဆက်သွယ်မဆောင်ရွက်နိုင်ခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။

## စိတ်ခံစားချက် သိုလှောင်သိမ်းဆည်းရာ

ပံ့ပိုးမှုနှင့် စိတ်ပိုင်းဆိုင်ရာ အာဟာရဓာတ်များ ပိုလျှံလာသောအခါတွင် စိတ်ခံစားချက် သိုလှောင် သိမ်းဆည်းရာများ ရှိနေနိုင်သည်။ လုံခြုံပြီး ခိုင်မြဲသော သံယောဇဉ်များ၊ မိမိကိုယ်တွင်းတွင် လွယ်လင့်တကူ သိမြင်နိုင်သော စိတ်ဝိညာဉ်ကိန်းအောင်းရာ ဗဟိုချက်မ၊ ကိုးကွယ်ယုံကြည်မှု၊ မျှော်လင့်ချက်နှင့် ရည်ရွယ်ချက်များ၊ မိမိကိုယ်ကို လေးစားမှုတိုးစေသည့် အပြုသဘောဆောင်သော စိတ်ခံစားမှုဆိုင်ရာ အမှတ်တရများ၊ ကျေနပ်တင်းတိမ်ရောင့်ရဲမှုများနှင့် သုခချမ်းသာများ တွေ့ကြုံခံစားရခြင်းအားဖြင့် သိုမှီးစရာခံစားချက်များ ပိုလျှံလာနိုင်ပါသည်။ စိတ်ခံစားမှု ချွတ်ခြုံကျသည့်အခါ သိုမှီးသိမ်းဆည်းထားသော စိတ်ခံစားချက်များကို ပြန်လည်ဖော်ထုတ်သည်မျိုး ရှိနိုင်ပါသည်။ သို့သော်

သိုလှောင်သိမ်းဆည်းထားသည့်အရာများ မကုန်ခန်းသွားစေရန်အတွက် လူတစ်ဦး၏ ခံစားချက်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ရှင်သန်မှုအတွက်သာ ထိုအရာများကို အကန့်အသတ်ထား၍ သုံးစေခြင်းအားဖြင့် ကာကွယ်ထားနိုင်ပါသည်။

## အဖိုးအခမရသည့်လုပ်အားနှင့် ဖမ်မနင်ဇင်ဝါဒပေါ်တွင် တန်ဖိုးတင်ခြင်း

စိတ်ခံစားမှုရေးရာလုပ်အားကို လူသားချင်းဆက်နွှယ်မှုဖြင့် ဆောင်ရွက်နေချိန်တွင် ဖိုပဓာန ကြီးစိုးသည့်ဝါဒတွင် အကွဲကွဲအပြားပြားဖြစ်မှု ပိုမိုကြီးထွားလာသည်။ လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မိသားစုနှင့် ရပ်ရွာအသိုင်း အဝိုင်းအကြား ဆက်ဆံရေးနှင့် မြဲမြံစွာ ချိတ်ဆက်ထားသည်။ အခြားသူများနှင့် ဆက်ဆံရေးနှင့် ဆက်သွယ်ချိတ်ဆက်မှု ပုံစံတို့ဖြင့် အမျိုးသမီးတို့၏ သရုပ်သကန်ဖွံ့ဖြိုးမှုကို ပုံဖော်လေ့ရှိကြကြောင်း Jordan နှင့် အဖွဲ့က ရှင်းပြထား ပါသည်။[48] ထို့ကြောင့် စိတ်ခံစားမှုဆိုင်ရာ ဘောဂဗေဒကို တန်ဖိုးနှိမ့်ချခြင်းသည် အမျိုးသမီးများ၏ အတွေ့အကြုံများကို အသိအမှတ်မပြုသည့် ဖိုပဓာန ဝါဒကြီးစိုးသည့်စနစ်၏ နက်နဲသော ရောင်ပြန်ဟပ်မှု တစ်ခုဖြစ်သည်။

စိတ်ခံစားမှုဆိုင်ရာ ဘောဂဗေဒ၏ အကျိုးသက်ရောက်မှုနှင့် ၎င်း၏ ပင်မရေစီးကြောင်းအတွင်းရှိ စိတ်ခံစားမှုရေးရာလုပ်အားတို့သည် မြန်မာနိုင်ငံ၏ အလုံးစုံဖွံ့ဖြိုး တိုးတက်မှုနှင့် လူသားအရင်းအနှီးအတွက် အရေးပါသည့်အရာများထက် ပိုနေသော်လည်း ၎င်း၏ တန်ဖိုးကို အသိအမှတ် မပြုခံရဘဲ ဖယ်ကြဉ်ထားကြပါသည်။ အရင်းရှင်စနစ်နှင့် ဖိုပဓာနဝါဒကြီးစိုးသည့်စနစ်သည် စိတ်ခံစားမှုရေးရာလုပ်အားကို ထုတ်လုပ်ရာနှင့် စားသုံးရာတွင် ရှိနေသည့် မမျှတမှုများကို အားပေးနေပါ သည်။ မည်သူက စိတ်ခံစားမှုရေးရာလုပ်အားအတွက် ဖြည့်ဆည်းပေးနေရသည်၊ မည်သူက ခံစားမှုစရိတ်တွေကို ရရှိနေသည်၊ မည်သူက စိတ်ခံစားမှုများ ချွတ်ခြုံကျနေချိန်တွင် ဂရုစိုက်ဖေးမပေးနေရသည်၊ ခံစားမှုအရင်းများကိုသုံးပြီး မည်သူတွေ က ဝန်ဆောင်မှုကုန်စည်သဖွယ် ကုန်သွယ်မှုပြုနေကြသည်၊ မည်သူတွေကတော့ ခံစားချက်များကို သိုလှောင်သိမ်းဆည်းထားနိုင်သည် အစရှိသည်တို့တွင် အမျိုးသမီးများနှင့် အခွင့်အထူးခံ မဟုတ်သော အုပ်စုများကပင် မျှတသော အဖိုးအခနှင့် အပြန်အလှန်သိတတ်မှုများ

---

[48] Jordan et al., 1991.

မရပါဘဲ ထုတ်လုပ်သူများ၊ လုပ်သား များအဖြစ် မမြှတသော စနစ်အတွင်းတွင် ပါဝင်နေရပါသည်။

လုပ်ခလစာ တန်းတူရရှိရေး အငြင်းအခုံများကဲ့သို့ ရည်မှန်းထားသည့် ကုန်ထုတ်လုပ်နိုင်စွမ်းအား တန်ဖိုးအပေါ်တွင်သာ အာရုံစိုက်နေခြင်းသည် အမျိုးသမီးများနှင့် အဖိနှိပ်ခံအုပ်စုများအဖို့ လုပ်သားအင်အားဆိုင်ရာ အခွင့်အလမ်းများကို လက်လှမ်းမီရယူရာတွင် ၎င်းတို့ကို အရင်းရှင်တို့၏ ကုန်စည်အဖြစ်သို့ အဆင့်လျှော့ကျ မြင်လာစေသည်။ ဖိုပဓာနဝါဒကြီးစိုးသည့် စနစ်ဖြစ်သည့် အရင်းရှင်စနစ်၏ ကုန်ထုတ်လုပ်နိုင်စွမ်းအားကို အလေးပေးခြင်းသည် လူသားများကို ထုတ်လုပ်မှုစက်များအဖြစ် အသွင်ပြောင်းသတ်မှတ်ပေးသလို ဖြစ်စေသည်။ ထုတ်လုပ်မှုထက် လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာ လုပ်အားကို ပိုမိုအလေးထားသော ဖမ်မနစ်တို့၏ အမြင်များကသာလျှင် လုပ်သားအင်အားစုအသစ်များ ပြန်လည်ဖန်တီးရာ၌ ပါဝင်လုပ်ကိုင်သူတို့၏ စိတ်ကျန်းမာရေးဆိုင်ရာကို ထည့်သွင်းစဉ်းစားပေးပါသည်။[49] မျိုးဆက်ပွားမှုမှာ မွေးရာပါ ဆက်ခံရသည့်အရာ ဖြစ်သည်။ သို့သော် ပြောရန်ကျန်ရှိနေသေးသည့် အကြောင်းအရာမှာ မိသားစုကို ပြုစုစောင့်ရှောက်ရခြင်းအတွက် ပေးဆပ်ရသော စိတ်ခံစားမှုရေးရာလုပ်အားဖြစ်သည်။ ဤစာတမ်း၏ အစောပိုင်းတွင် ဖော်ပြထားသည့်အတိုင်း ကမ္ဘာပေါ်ရှိ ကဏ္ဍာပေါင်းစုံတွင် အောင်မြင်စွာလှေ့လာသင်ယူနိုင်သူ၊ ဘဝကို ဟန်ချက်ညီစွာ ထိန်းညှိနိုင်သူတို့၏ အောင်မြင်မှုများအတွက် စိတ်ခံစားမှုနှင့်ပါ သက်ဆိုင်သည့် လုပ်အား လိုအပ်ပါသည်။ အိမ်တွင်းလုပ်အားသည် ပုဂ္ဂလိကနှင့်ဆိုင်သော နယ်ပယ်ဖြစ်သော်လည်း လူထုအများဆိုင်ရာ ကုန်ထုတ်လုပ်မှုစွမ်းအားတွင် ဤလုပ်အားပုံစံ၏ တန်ဖိုးအပေါ်ကိုပါ ထည့်သွင်း စဉ်းစားပါသည်။ စိတ်ခံစားမှုနှင့် သက်ဆိုင်သော အလုပ်ကဲ့သို့ ပြန်လည်ပွားယူ၍ ထုတ်လုပ်ရသည့် အရာမျိုးအတွက် အဖိုးအခများကို စီးပွားရေးတွင် လုပ်သားအင်အားစု တစ်ရပ်အနေဖြင့် ထည့်သွင်းမစဉ်းစားသည့်

[49] ထုတ်လုပ်မှုနှင့် အိမ်တွင်းလုပ်အားဆိုင်ရာ သဘောတရားများနှင့် အမျိုးသမီး ရပိုင်ခွင့်များဆိုင်ရာ ဆက်စပ်မှုတို့ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်နေ့တွင် Rainfall Gender Study Organization က စီစဉ်ကြီးမှူး၍ မြန်မာနိုင်ငံ၊ ထားဝယ်မြို့၌ ကျင်းပသည့် ဖမ်မန်နစ်ဇင်ဝါဒနှင့် ဖယ်ကြဉ်ခံရမှုဆိုင်ရာ ညီလာခံ (Conference on Feminism and Marginalization) တွင် ပျိုးလက်ဟန်က ဆွေးနွေးခဲ့ပါသည်။ Silvia Federici ၏ လုပ်ဆောင်ချက်ကို ရည်ညွှန်းပါသည်။

နည်းတူ၊ ၎င်းနှင့်ဆက်စပ်သော အလုပ်သမားအခွင့်အရေးနှင့် ဂျန်ဒါတန်းတူ ညီမျှရေးကို လည်း အာရုံမစိုက်ကြပါ။

အသက်မွေးဝမ်းကျောင်းမှု၊ အရင်းအမြစ်များကို လက်လှမ်းမီနိုင်၊ ရယူနိုင်မှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ တန်းတူညီမျှမှုများမှာ အရေးပါသော်လည်း လူသားဝန်းကျင်တစ်ခု ဖန်တီးပေးရာတွင် စိတ်ခံစားမှု ကူးပြောင်းဖလှယ်ရာ၌ ပေးချေရသော စရိတ်များ၊ အရင်းနှင့် သိုလှောင် သိမ်းဆည်းရာများအတွက် အမျိုးသမီးတို့၏ ထည့်ဝင်ဆောင်ရွက်မှုများကို ဆက်စပ်ရှုထောင့်မှနေ၍ ဖြေရှင်းဆောင်ရွက်ပေးနေခြင်းမျိုး မဟုတ်သည့်အတွက် ဖမ်မနင်ဇင်ဝါဒ၏ အမျိုးသမီးအခန်းကဏ္ဍကို ကန့်သတ်ထားရာ ရောက်ပါသည်။ ၎င်းသည် လူသားဝါဒ၏ ဗဟိုချက်ဖြစ်သော ဂျန်ဒါအတွေ့အကြုံများနှင့် ဖိုပဓာနဝါဒ ကြီးစိုးသည့် စနစ်ကြောင့် ဖယ်ကြဉ်ခံထားရသည့်အုပ်စုများနှင့် အမျိုးသမီးများ၏ ရပိုင်ခွင့်များကို သီးခြားစီဖြစ်သွား စေသည်။ Ramsey-Lefevre က ဖမ်မနင်ဇင်ဝါဒနှင့် အရင်းရှင်ဝါဒအကြောင်း ရေးသားသည့် သူမ၏ ဆောင်းပါးတွင် ဖမ်မနင်ဇင်ဝါဒသည် လူသားဝါဒဖြစ်သည်ဟု အခိုင်အမာဆိုခဲ့သည်။[50] လူသားဝါဒ၏ အတွေးအမြင်တွင် လူသားအားလုံး၏ တန်ဖိုးသည် အရင်းရှင်နှင့် ယန္တရားဆိုင်ရာ လောကအပေါ်၌သာ တည်မှီနေသင့်သည် မဟုတ်ပေ။ လူ့စွမ်းအားအရင်းအမြစ်များ၏ လူသားဂုဏ်ရည် သွင်ပြင်လက္ခဏာများသည် ပျော့ပျောင်းကျွမ်းကျင်မှု၊ သင်ယူရန် သွက်လက်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိမှုတို့ဖြင့် တန်ဖိုးထား တည်ဆောက်ထားသောကြောင့် လူသား၏ စိတ်ပညာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။[51]

လူသားများ ကြီးပွားတိုးတက်ရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်ဖို့ လိုပါသည်။ တိုင်းပြည်၏ ကျန်းမာရေးကို အလေးထားရန် လိုအပ်သည့်နည်းတူ နိုင်ငံတည်ဆောက်ရေးတွင် အမာခံနယ်ပယ်များဖြစ်သော နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် စီးပွားရေးတို့၌ စိတ်ခံစားမှုရေးရာလုပ်အားကို ထမ်းဆောင်နေကြသူများ၏ ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ကျင့်ဝတ်များကိုလည်း ဂရုထားသင့်ပါသည်။ စိတ်ခံစားမှုရေးရာလုပ်အားကို ထည့်သွင်းစဉ်းစားခြင်းမရှိပါက ဖမ်မနင်ဇင်ဝါဒကို ဖိုပဓာနဝါဒကြီးစိုးသည့်စနစ်က ဆက်လက်ချုပ်ကိုင်ထားနေဦးမည်ဖြစ်ပြီး လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို

[50] Ramsey-Lefevre, 2013.
[51] Su Su Maung, 2017b.

ဖယ်ကြဉ်ကာ တန်ဖိုးနှိမ့်ချနေဦးမည် ဖြစ်သည်။ စိတ်ခံစားမှုရေးရာလုပ်အား ဆိုင်ရာ တာဝန်များကို အမျိုးသမီးများကိုသာ လွှဲအပ်ပြီး အမျိုးသားများ ကင်းလွတ်ခွင့်ရှိနေသရွေ့ ဂျန်ဒါတန်းတူညီမျှမှု မရှိနိုင်သလို ဤပုံစံဖြင့် သွားသည့် နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း အမျိုးသားများ တာဝန်မဲ့နေ ဦးမည် ဖြစ်သည်။ တစ်ဦးချင်း ကျန်းမာရေးနှင့် လူထုကျန်းမာရေးကို ပြုစု စောင့်ရှောက်မှုခံယူနေသူများ၏ ပုဂ္ဂလိက လိုအပ်ချက်ဟုသာ ရှုမြင်ကာ၊ မိန်းမ တို့ကမ္ဘာတွင် ပြုစုစောင့်ရှောက်သူအဖြစ် ရင်ဆိုင်နေရမှုများကိုလည်း ပုဂ္ဂလိက ဆန်ဆန် စေ့ဆော်မှုများသာ ပြုလျက်ရှိ ကြပြီး ထိုအတိုင်းသာ ဆွေးနွေးကြ၊ မူဝါဒများ ချမှတ်ကြ၊ အစီအစဉ်များ အကောင်အထည်ဖော်လျက် ရှိကြသည်။ ပုဂ္ဂလိကဘဝနှင့်သာ သက်ဆိုင်သည်ဟု ယူဆထားသော ထိုအကြောင်းအရာ များကို အများပြည်သူဘဝတွင် လည်းကောင်း၊ ဖိုပဓာနဝါဒ ကြီးစိုးသည့် အမျိုးသားတို့လောကတွင် လည်းကောင်း ပြည့်ပြည့်ဝဝ ညွှန်းဆို မဆွေးနွေး ကြပါ။ ဖမ်မနင်ဇင်သည် တစ်ဦးချင်းနှင့် အဖွဲ့လိုက်က ပုဂ္ဂလိကဆိုင်ရာ စေတနာပြဌာန်းပြီး တွန်းအားပေးသော ပရဟိတလုပ်ရပ် သို့မဟုတ် လူသား ချင်း စာနာထောက်ထားမှု ဆိုင်ရာ လုပ်ငန်းတစ်ခုမျှသာ မဟုတ်ဘဲ နိုင်ငံ တည်ဆောက်ရေးကဲ့သို့ အများပြည်သူဘဝနှင့် သက်ဆိုင်မှုကိုလည်း ခွဲခြား၍ မရပါချေ။ ဖမ်မနင်ဇင်ဝါဒသည် နိုင်ငံတည်ဆောက်ရေးပင် ဖြစ်သည်။ အမျိုးသမီးဟူသည်မှာ သူတို့၏ သားသမီး၊ အိမ်ထောင်ဖက်နှင့် မိသားစု ကျန်းမာရေးနှင့် အောင်မြင်မှုအတွက်သာ ပျိုးထောင်နေဖို့ရာမဟုတ်၊ နိုင်ငံ၏ ကျန်းမာရေးနှင့် အောင်မြင်မှုအတွက်လည်း ဖမ်မနင်ဇင်ဝါဒက ပံ့ပိုးပေးနိုင် ပါသည်။

အများပြည်သူဆိုင်ရာလုပ်ငန်းနှင့် ပုဂ္ဂလိကဆိုင်ရာလုပ်ငန်းဟူ၍ ခွဲခြား ထားခြင်းကို ပြန်လည်သုံးသပ်ကာ ဖွဲ့စည်းပြင်ဆင်ရမည်ဖြစ်ပြီး ထိုနှစ်ခု အကြား ချိတ်ဆက်ထားမှုကို သိမြင်ရန် လိုအပ်ပါသည်။ စိတ်ခံစားမှု ဆိုင်ရာနှင့် ၎င်းနှင့် ဆက်စပ်သောအလုပ်များကို မိန်းမတို့၏ ပုဂ္ဂလိကဘဝဟူ၍ မှတ်ယူ ခြင်း သို့မဟုတ် စီးပွားရေးနှင့် နိုင်ငံရေးတို့တွင် အဖိုးအခရသည်ဖြစ်စေ၊ မရ သည်ဖြစ်စေ ၎င်းကို အများပြည်သူနှင့် သက်ဆိုင်သော အမျိုးသားများ၏ ဘဝ ဟူ၍ ခံယူထားခြင်းမျိုး အမျိုးသမီးတို့ကမ္ဘာတွင် မရှိသင့်တော့ပါ။

ဤပုဂ္ဂလိကနှင့် အများနှင့်ဆိုင်သော နယ်ပယ်နှစ်ခုကို ပေါင်းစည်းခြင်း၊ ထို့အတူ မိန်းမဆန်မှုနှင့် ကျားဆန်မှုတို့ကို ပေါင်းစည်းခြင်းအားဖြင့် တရား

မျှတမှုနှင့် ရပိုင်ခွင့်များကို ပြန်လည်ဆောင်ကြဉ်းပေးနိုင်သည့် တိုက်ပွဲဆင်နွှဲ၍ ဖိုပဓာနဝါဒကြီးစိုးသည့်စနစ်ကို ကုစားနိုင်ပေလိမ့်မည်။ ဖိုပဓာနကြီးစိုးသည့် ဝါဒသည် အမျိုးသမီးများ၏ ဘဝ၊ ပုဂ္ဂလိကဘဝ၊ လုပ်အားခ မရရှိခြင်းနှင့် အမျိုးသားများ၏ ဘဝ၊ အများပြည်သူဆိုင်ရာ ဘဝ၊ လုပ်အားခရရှိခြင်းဟူ၍ ပိုင်းခြားတတ်သည့်အပြင် ၎င်းအမြင်မှာ နိုင်ငံတည်ဆောက်ရေး၊ ထုတ်လုပ်မှုနှင့် ပြန်လည်လည်ပတ်မှုဆိုင်ရာ လုပ်အားများကနေ စိတ်ခံစားမှုရေးရာ လုပ်အားကို ဖယ်ရှားထားသည့်အမြင်ကိုလည်း ထင်ဟပ်မှုရှိသဖြင့် အဆိုပါ ဖိုပဓာနကြီးစိုးသည့်ဝါဒကို အမြစ်လှန်ပစ်ရန် လိုအပ်ပါသည်။ အများပြည်သူဆိုင်ရာနယ်ပယ်နှင့် ပုဂ္ဂလိကဆိုင်ရာ နယ်ပယ်များအကြား ဆက်ဆံရေးကို ပြန်လည်စုစည်းခြင်းနှင့် ကျား၊ မ ဖြစ်ခြင်းအပေါ် မူတည်ပြီး ကွဲပြားသော အတွေ့အကြုံများအကြား ပေါင်းစည်းပေးရမည် ဖြစ်ပါသည်။ ထို့ကြောင့် ဖမ်မနစ်ဝါဒီများသည် ဂျန်ဒါရေးရာတည်ဆောက်မှုတွင် လူမှုပြုပြင်ပြောင်းလဲမှုများ၌ လိုအပ်နေသည့်အရာနှင့် လူ့အဖွဲ့အစည်းအတွင်း စိတ်ခံစားမှုနှင့် သက်ဆိုင်သည့် ဘောဂဗေဒ၏ ထုတ်လုပ်သူ၊ ပံ့ပိုးပေးသူနှင့် စားသုံးသူများ၏ အခန်းကဏ္ဍများအားလုံး အကျုံးဝင်ပါဝင်စေရန် ကြိုးပမ်းလုပ်ဆောင်သင့်သည်။

## ကိုးကားချက်များ


Acharya, S., & Shukla, S. (2012). Mirror Neurons: Enigma of the Metaphysical Modular Brain. *Journal of Natural Science, Biology, and Medicine*, *3*(2), 118–124. https://ncbi.nlm.nih.gov/pmc/articles/PMC3510904/

American Federation of Labor & Congress of Industrial Organizations. (2022). Lowell Mill Women Create the First Union of Working Women. *AFL-CIO: America's Unions*. https://afl-cio.org/about/history/labor-history-events/lowell-mill-women-form-union

Asian Development Bank, United Nations Development Programme, United Nations Population Fund, & the United Nations Entity for Gender Equality and the Empowerment of Women. (2016). *Gender equality and women's rights in Myanmar: A situation analysis.* UN Women.

https://asiapacific.unwomen.org/en/digital-library/publications/2016/09/gender-equality-and-womens-rights-in-myanmar

Aye Lei Tun, La Ring, & Su Su Hlaing. (2019, August). *Feminism in Myanmar*. http://library.fes.de/pdf-files/bueros/myanmar/15624.pdf

Bateson, G. (1979). *Mind and Nature*. E. P. Dutton.

Bentley, K. S., & Fox, R. A. (1991). Mothers and Fathers of Young Children: Comparison of Parenting Styles. *Psychological Reports*, *69*(1), 320–322. https://doi.org/10.2466/pr0.1991.69.1.320

Brayton, J., Ollivier, M. & Robins, W. (n.d.). *Introduction to Feminist Research*. https://www2.unb.ca/parl/research.htm

Brook, P. (2009). In critical defence of 'emotional labour': refuting Bolton's critique of Hochschild's concept. *Work, Employment and Society*, *23*(3), 531–548. https://doi.org/10.1177/0950017009337071

CCI France Myanmar. (2019). *CCI France Myanmar - Salary Survey Report - 2019*. https://ccifrance-myanmar.org/sites/ccifrance-myanmar.org/files/resources-documents/salary_survey_2019_-_web_0.pdf

Cherry, K. (2022, May 7). *The 6 Major Theories of Emotion*. https://www.verywellmind.com/theories-of-emotion-2795717

Cruea, S. M. (2005). Changing Ideals of Womanhood During the Nineteenth-Century Woman Movement. *American Transcendental Quarterly*, *19*(3), 187-204.

Ei Thandar Myint. (2016, August 19). *Myanmar's Women's Rights: Breaking the Silence* [Blog post]. http://eithandarmyint.blogspot.com/2016/08/revolutionary-road-behind-all-untold.html

Eisenberg, N. (Ed.). (2006). *Handbook of Child Psychology, Volume 3: Social, Emotional and Personality Development* (6th ed.). John Wiley & Sons.

Emotional Labor: The MetaFilter Thread Condensed. (2016). *MetaFilter.* http://victorkumar.org/uploads/6/1/5/2/61526

489/emotional_labor_-_the_metafilter_thread_condensed-.pdf

Evans, O. G. (2023, April 28). Brofenbrenner's Ecological Systems Theory. https://www.simplypsychology.org/bronfenbrenner.html

Federici, S. (2012). *Revolution at Point Zero: Housework, Reproduction, and Feminist Struggle*. PM Press.

Felitti, V. J., Anda, R. F., Nordenberg, D., Williamson, D., Spitz, A. M., Edwards, V., Koss, M. P., & Marks, J. S. (1998). Relationship of Childhood Abuse and Household Dysfunction to Many of the Leading Causes of Death in Adults. *American Journal of Preventative Medicine, 14*(4), 245-258.

Gottman, J., & Silver, N. (2015). *The Seven Principles for Making Marriage Work*. Harmony Books.

Handunnetti, D., & Nang Phyu Phyu Lin. (2016). *Gender in the Myanmar Media Landscape: Yangon, Kayin, Sagaing, Shan and Across Myanmar*. Fojo Media Institute. https:// mediasupport.org/wp-content/uploads/2017/07/Eng_GENDER_16_web.pdf

hooks, bell. (2004). *The Will to Change: Men, Masculinity and Love*. Atria Books.

hooks, bell. (2021). *Communion: The Female Search for Love*. HarperCollins.

Johnson, S. (2018, November 29). *Emotional Labor and What's Really Upsetting Women*. http://drsuejohnson.com/marriage -commitment/emotional-labor-and-whats-really-upsetting -women/

Jordan, J. V., Kaplan, A. G., Miller, J. B., Stiver, I. P., & Surrey, J. L. (1991). *Women's Growth in Connection: Writings from the Stone Center.* The Guilford Press.

Khumalo, B. (2012). Defining Economics in the Twenty First Century. *Modern Economy, 3*, 597-607. http://dx.doi.org/10.4236/me.2012.35079

King, M. L. (1947, January). The Purpose of Education. In *Maroon Tiger* (p. 10). https://kinginstitute.stanford.edu/king-papers/documents/purpose-education

Liu, L., Karl, R., & Ko, D. (Eds.). (2013). *The Birth of Chinese Feminism: Essential Texts in Transnational Theory*. Columbia University Press.

Mintz, A. I. (2017). What Is the Purpose of Education?: Dewey's Challenge to His Contemporaries. In A. R. English & L. J. Waks (Eds.), *John Dewey's Democracy and Education: A Centennial Handbook* (pp. 81–88). Cambridge University Press. https://doi.org/10.1017/9781316492765.012

National Center on Caregiving at Family Caregiver Alliance (2003, December 31). *Women and Caregiving: Facts and Figures*. https://caregiver.org/women-and-caregiving-facts-and-figures

Nguyen, A. J., Lee, C., Schojan, M., & Bolton, P. (2018). Mental health interventions in Myanmar: A review of the academic and gray literature. *Global Mental Health*, *5*. https://doi.org/10.1017/gmh.2017.30

Perry, R. (2010). *A critical examination of Bion's concept of containment and Winnicott's concept of holding, and their psychotherapeutic implications.* [Master's research project] https://wiredspace.wits.ac.za/server/api/core/bitstreams/e030dda6-b321-4cce-b1fb-32f0515deb3a/content

Pyo Let Han. (2019, October 27). *No title* [Paper presentation]. Conference on Feminism and Marginalization. Dawei, Myanmar.

Ramsey-Lefevre, A. (2013, July). Feminism is Humanism (and Humanism is Anti-Capitalism). *Syracuse Peace Council Peace Newsletter*, *826*. https://peacecouncil.net/pnl/july-august-2013-pnl-826/feminism-is-humanism-and-humanism-is-anti-capitalist

Resch, M. (1989). Analysing the Social Impact of New Technologies in the Engineering Office. In K. Landau, & W. Rohmert (Eds.), *Recent Developments in Job Analysis*. Routledge. https://doi.org/10.4324/9781315213712-10

Rich, A. (1986). *Of Woman Born: Motherhood as Experience and Institution*. Norton.

Schoppe-Sullivan, S. (2017, February 2). Dads are more involved in parenting, yes, but moms still put in more work. *The*

*Conversation*. https://theconversation.com/dads-are-more-involved-in-parenting-yes-but-moms-still-put-in-more-work-72026

Shor, I. (1992). Education is Politics: Paulo Freire's Critical Pedagogy. In P. McLaren & P. Leonard (Eds.), *Paulo Freire: A Critical Encounter* (pp. 24-36). Routledge. https://libcom.org/files/peter-mclaren-paulo-freire-a-critical-encounter-1.pdf

Su Su Maung. (2017a). *Hero Worshipping and Splitting: Intergenerational and Collective trauma, and the Narcissistic Wound in the Burmese Psychology*. https://academia.edu/21354457/Hero_worshipping_and_splitting_Intergenerational_and_collective_trauma_and_the_narcissistic_wound_in_the_Burmese_psychology

Su Su Maung. (2017b, November). The Human Quality in Human Capital: Why Workplace Mental Health is a Core Value for Your Organization. *Myanmore*. https://academia.edu/35882863/The_Human_Quality_in_Human_Capital

Sultana, A. (2012). Patriarchy and Women's Subordination: A Theoretical Analysis. *Arts Faculty Journal, 4*, 1-18. https://doi.org/10.3329/afj.v4i0.12929

Tharapi Than, Pyo Let Han, & Shunn Lei. (2018). *Lost in Translation: Feminism in Myanmar* [Working paper]. https://ijbs.online/wp-content/uploads/2022/10/ Feminism-in-Myanmar-Working-Paper.pdf

Tyng, C. M., Amin, H. U., Saad, M. N. M., & Malik, A. S. (2017). The Influence of Emotions on Learning and Memory. *Frontiers in Psychology, 8* (1454). https://doi.org/10.3389/fpsyg.2017.01454

Umberson, D., Thomeer, M. B., & Lodge, A. C. (2015). Intimacy and Emotion Work in Lesbian, Gay, and Heterosexual Relationships. *Journal of Marriage and Family, 77*(2), 542-556. https://doi.org/10.1111/jomf.12178

UN Women Myanmar. (2019). *UN Women*. https://asiapacific.unwomen.org/en/countries/myanmar

Van der Kolk, B. (2014). *The Body Keeps the Score: Brain, Mind, and Body in the Healing of Trauma*. Penguin Books.

Van Hoorn, A. (2016). The Cultural Roots of Human Capital Accumulation. *Munich Personal RePEc Archive*. https://mpra.ub.uni-muenchen.de/80007/1/MPRA_paper_80007.pdf

Van Lissa, C. J., Keizer, R., Van Lier, P., Meeus, W., & Branje, S. (2019). The role of fathers' versus mothers' parenting in emotion-regulation development from mid-late adolescence: Disentangling between-family differences from within-family effects. *Developmental Psychology, 55*(2), 377-389. http://dx.doi.org/10.1037/dev0000612

Wai Moe. (2015, July 2). Burma's Women Are Still Fighting for Their Rights. *Foreign Policy*. https://foreignpolicy.com/2015/07/02/burmas-women-are-still-fighting-for-their-rights-myanmar/

Winnicott, D. W. (1960). The Theory of the Parent-Infant Relationship. *International Journal of Psychoanalysis, 41*, 585-595.

Women and the Law. (2010). *Women, Enterprise & Society*. https://library.hbs.edu/hc/wes/collections/women_law/

World Bank. (2018). *World Development Report 2018: Learning to Realize Education's Promise*. http://hdl.handle.net/10986/28340

World Health Organization. (2022). *Mental Health and Substance Use*. https://www.who.int/mental_health/en/